ကြေးမုံ The Mirror

Established in 1957

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်၊ စနေနေ့ (21-6-2014) (၇၇၇၈)

ဒို့တာဝန်အရေးသုံးပါး

- ✩ ပြည်ထောင်စု မပြိုကွဲရေး။
- ✩ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ✩ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

မိုးရွာသွန်းမှု

၂၀-၆-၂၀၁၄

တောင်ကုတ်	၅ ဒသမ ၂၄	လက်မ
အမ်း	၄ဒသမ ၉၂	လက်မ
ကျောက်ဖြူ	၃ ဒသမ ၈၂	လက်မ
မာန်အောင်	၃ ဒသမ ၅၈	လက်မ
တမူး	၃ ဒသမ ၃၅	လက်မ
မြောက်ဦး	၂ ဒသမ ၈၃	လက်မ

ပြည်သူ့လွှတ်တော်အစည်းအဝေး

လယ်မလုပ်သူ၊ လယ်မရှိသူ ငွေထုတ်ချေးခွင့်မပြု၊ စစ်ဆေးတွေ့ရှိပါက ထောက်ခံသူ၊ ငွေချေးသူ ဥပဒေအရ အရေးယူမည်

နေပြည်တော် ဇွန် ၂၀

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ အစီအစဉ် (၇)ခုဖြင့် ကျင်းပသည်။

မေးခွန်းများမေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်း အစီအစဉ်တွင် အောင်မြေသာစံ မဲဆန္ဒနယ်မှ ဦးကိုကြီး၏ **“ခိုင်းနွားဈေးနှစ်ဆမြင့်တက်လာ၍ တောင်သူများအခက်အခဲရှိနေသည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ မည်သို့ကြိုတင်ဆောင်ရွက်နေသည်ကို သိလိုကြောင်း”** မေခွန်းနှင့်စပ်လျဉ်း၍ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ဝန်ကြီးဌာနအနေဖြင့် ခိုင်းကျွဲ၊ ခိုင်းနွားများအား စစ်ဆေးချက်မပါဘဲ နယ်မြေဖြတ်ကျော်သွားလာသယ်ဆောင်မှုများကို ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

ကျွဲ၊ နွားမွေးမြူသူပိုင်ရှင်များအား တိရစ္ဆာန်မှတ်ပုံတင် မှတ်တမ်း၊ တိရစ္ဆာန်မွေးမြူရေးခြံ မှတ်ပုံတင်မှတ်တမ်းများ မှတ်တမ်းတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ဘဏ်ချေးငွေစနစ်ဖြင့်ဒေသနွားမနှင့် ကျွဲမများမွေးမြူနိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်း၊ မျိုးကောင်းမျိုးသန့် ခိုင်းကျွဲ၊ ခိုင်းနွားမျိုးများ ပြန့်ပွားရေးအတွက် မေထုန်မဲ့သားစပ်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ မျိုးရည်ခဲချောင်းများ အခမဲ့ ဖြန့်ဝေပေးခြင်း၊ မျိုးနွားသိုးများ ဖြန့်ဖြူးပေးခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ် စသည့် အစိုးရအဖွဲ့များကလည်း တရားမဝင်နွားမှောင်ခိုဖမ်းဆီးမှုများကို အရှိန်အဟုန်ဖြင့် ဖမ်းဆီးအရေးယူခြင်း၊ နယ်ကျော်နွားသယ်ဆောင်မှုများကို

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

အမျိုးသားလွှတ်တော်အစည်းအဝေး

အထောက်အထားမဲ့အလုပ်သမားများကို နိုင်ငံကူးလက်မှတ်ထုတ်ပေးရန်နှင့် အလုပ်လုပ်ကိုင်ခွင့်ပြုမိန့်ရရှိအောင် ဆောင်ရွက်နေ

နေပြည်တော် ဇွန် ၂၀

“အလုပ်ရှင်နှင့်အလုပ်သမား ပေါင်းစည်းညီညွတ်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ယနေ့အမျိုးသားလွှတ်တော် အစည်းအဝေး၌ ဆုံးဖြတ်ခဲ့သည်။

ယင်းအဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဒေါက်တာမြင့်ကြည်က တင်သွင်းခဲ့ပြီး အဆိုနှင့်စပ်လျဉ်း၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က ရှင်းလင်းဆွေးနွေးခဲ့ပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ (၁၁၄)မဲ၊ ကန့်ကွက်မဲ(၁၉)မဲနှင့် ကြားနေမဲ(၃၀)မဲဖြစ်သဖြင့် ထောက်ခံမဲများသည့်အတွက် အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အဆိုနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထင်အောင်က ရှင်းလင်းရာတွင် အလုပ်ရှင်နှင့် အလုပ်သမားနှစ်ဦးနှစ်ဖက် မျှတသော အလုပ်သမားရေးရာကျင့်စဉ်များ (Fair Labour Practices) ဖြစ်ထွန်း ရှင်သန်ကျင့်သုံးရန်နှင့် တည်ဆဲအလုပ်သမားရေးရာဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများ၌ ကုန်ထုတ်စွမ်းအား ကျဆင်းမှုမရှိစေရေးအတွက် အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရသုံးပွင့်ဆိုင် (Tripartite) နည်းလမ်းဖြင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အလုပ်ရှင်နှင့် အလုပ်သမားများအကြားဖြစ်ပွားသည့် အငြင်းပွားမှုပြဿနာများကို ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့်အညီ လုပ်ငန်းညှိနှိုင်းရေးကော်မတီ၊ မြို့နယ်ညှိနှိုင်း ဖျန်ဖြေရေးအဖွဲ့များနှင့် ညှိနှိုင်းဖျန်ဖြေခြင်း၊ ခုံသမာဓိအဖွဲ့၊ ခုံသမာဓိကောင်စီတို့က ဥပဒေနှင့်အညီ လူမှုရေးရာ တရားမျှတမှုအပေါ်အခြေခံပြီး ဖြေရှင်းဆုံးဖြတ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေရရှိရေးအတွက် စက်ရေတွင်း ၁၈ တွင်း တူးဖော်ပေးမည်

မုံရွာ ဇွန် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ ရေရှားပါးသော ကျေးလက်တောရွာများတွင် စိုက်ပျိုးရေရရှိရေးအပြင် ဒေသခံများ သောက်သုံးရေရရှိရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနအနေဖြင့် ရေရရှိရန် ခက်ခဲနေသော ကျောက်ကုန်းထက်မှ ကျေးရွာများပင် ယခုအခါ ရေလျှံတွင်းများရရှိအောင် ဆောင်ရွက်ပေးလျက်ရှိသောကြောင့် ဒေသခံများအနေဖြင့် စိုက်ရေ၊ ပျိုးရေအပြင် သောက်သုံးရေ၊ ချိုးရေပါ ဖူလုံရုံမျှမက ယခင်က အိမ်မွေးတိရစ္ဆာန်များအတွက် ခက်ခဲနေသော သောက်ရေကိုလည်း ယခုအခါ ဖူလုံနေပြီဖြစ်သောကြောင့် စိုက်ပျိုးရေးသာမက မွေးမြူရေးလုပ်ငန်းကိုပါ ချဲ့ထွင်မွေးမြူ ဆောင်ရွက်နိုင်နေပြီဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၄ သို့ ❒

ယနေ့ **မာတိကာ**

ကျေးလက်ကျန်းမာရေး — စာမျက်နှာ - ၂

တောင်ကိုရီးယားရေတပ် ကျည်အစစ်ဖြင့် စစ်ရေးလေ့ကျင့် — စာမျက်နှာ - ၄

ခုတ်ကြ၊ လှဲကြ၊ မိုးဦးကျ — စာမျက်နှာ - ၁၁

နာမည်ကြီး အင်္ဂလန်တို့ ရှုံးပွဲထပ်မံကြုံတွေ့ခဲ့ရတဲ့ ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်များ — စာမျက်နှာ - ၁၃

ကြေးမုံစာတည်းရှုထောင့် ၂၁-၆-၂၀၁၄ [စနေနေ့]

ကျေးလက်ကျန်းမာရေး

မိမိတို့နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင် အခြေချနေထိုင်လျက်ရှိကြသည်။ တချို့သောဒေသများသည် မြို့ပြနှင့် သွားရေး၊ လာရေးလွယ်ကူသော်လည်း အများအားဖြင့် သွားရေးလာရေးခက်ခဲသောဒေသများမှာ ဒေသအသိ၊ မိရိုးဖလာအသိနှင့်နေကြသူများ အများအပြားရှိနေကြဆဲ။ အထူးသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုတွင် ဒေသခံတိုင်းရင်းသားဆေးဆရာများ၊ မိရိုးဖလာဆေးမြီးတိုများနှင့် အားထားနေရဆဲဖြစ်သည်။

နိုင်ငံတော်မှကျေးလက်ကျန်းမာရေးဌာန ၁၆၈၄ ခု၊ ဌာနခွဲ ၈၅၃၈ ခုရှိ အခြေခံကျန်းမာရေးဝန်ထမ်း ၁၈၁၉၅ ဦးနှင့်နယ်လှည့်ရွှေ့လျားဆေးကုသသောအဖွဲ့များဖြင့် အားဖြည့်ဆောင်ရွက်လျက်ရှိရာ လူဦးရေ ၁၀၀၀၀ တွင် အခြေခံကျန်းမာရေးဝန်ထမ်း လေးဦးခန့်သာရှိသေးကြောင်း သိရသည်။ ထိုကဲ့သို့ နိုင်ငံတော်မှ တာဝန်ယူဆောင်ရွက်ပေးနိုင်သော အခြေခံကျန်းမာရေးဝန်ထမ်းအင်အားသည် တချို့နေရာများတွင် လူဦးရေ ၁၀၀၀၀ ကို တစ်ယောက်နှုန်းဖြင့် ရပ်ရွာမှလုပ်အားပေးစေတနာ့ဝန်ထမ်းများအားကိုရယူလျက် ဆောင်ရွက်နေကြရဆဲဖြစ်ပါသည်။ ဥပမာ-ရန်ကုန်တစ်ဖက်ကမ်း တိုးချဲ့ကြည့်မြင်တိုင်တွင် လူဦးရေ ၄၀၀၀၀ ကျော် နေထိုင်လျက်ရှိနေပြီး သားဖွားဆရာမတစ်ဦးစီထိုင်သော အရန်လုပ်အားပေးများနှင့် ဆေးခန်းလေးခန်းရှိပြီး ဆေးခန်းတစ်ခန်းသည် ပျမ်းမျှလူဦးရေ ၁၀၀၀၀ ကို တာဝန်ယူကုသနေကြရဆဲဖြစ်သည်။

ကျန်းမာရေးစောင့်ရှောက်မှုတွင် ပြည်သူများ၏ ကျန်းမာမှုမြှင့်တင်ရေး၊ ရောဂါဘယကာကွယ်ထိန်းချုပ်ရေး၊ ကုသရေးနှင့် ကျန်းမာရေးပြန်လည်ထူထောင်သည့် ကဏ္ဍကြီးလေးရပ်ရှိသည့်အနက် လတ်တလောအဆောတလျင်အချိန်မဆိုင်းဘဲ အရေးတကြီး အလေးထားဆောင်ရွက်ကြရမည့် ကဏ္ဍမှာ "ကုသရေး"ဖြစ်ပါသည်။ လူနာတစ်ဦးအတွက် အချိန်တစ်မိနစ်၊ တစ်နာရီနှင့် အသက်အန္တရာယ်ကိုထိခိုက်ဆုံးရှုံးစေနိုင်သည်ဖြစ်ရာ ကုသရေးကို အချိန်နှင့်တစ်ပြေးညီ စီမံဆောင်ရွက်နိုင်ပါမှ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းထိရောက်ပီပြင်မှု ရှိလာမည်အမှန်ဖြစ်ပါသည်။

လတ်တလောမိမိတို့နိုင်ငံ၏ ပကတိအခြေအနေမှန်အရ ဆေးရုံ၊ ဆေးခန်းနှင့် လက်လှမ်းမမီသော ကျေးလက်ဒေသနေပြည်သူ သန်းလေးဆယ်ကျော်၏ ကျန်းမာရေးစောင့်ရှောက်မှုသည် ကျန်းမာရေးဝန်ကြီးဌာနတစ်ခုတည်းဖြင့် လက်လှမ်းမမီနိုင်ဘဲ အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြရမည့် အခြေအနေတစ်ရပ်ဖြစ်နေသည်။ နိုင်ငံတော်သမ္မတကြီးကလည်း ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကြီးလေးရပ် ထိရောက်သော စွမ်းဆောင်ရည်မြင့်မားလာစေရေးတွင် ကျန်းမာရေးဝန်ကြီးဌာနသာမက အခြားနီးနွယ်သောဝန်ကြီးဌာန၊ ပုဂ္ဂလိက၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်းဖြင့် လမ်းညွှန်မိန့်ကြားခဲ့ပြီးဖြစ်ပါသည်။ အထူးသဖြင့် အသိရှိသော စေတနာရှင်ပြည်သူများ၏အားသည် ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှုတွင် ကြီးစွာအထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။ တစ်နည်း နိုင်ငံတော်မှပြုစုပျိုးထောင်ပေးလျက် အရှိန်အဟုန်မြှင့်တင်စီမံဆောင်ရွက်လျက်ရှိနေသော ကျွမ်းကျင်ပညာရှင်ဆရာဝန်နှင့် ဆေးဝန်ထမ်းများ လုံလောက်မှုမရှိသေးချိန် ကျေးလက်ဒေသ အခြေခံကျန်းမာရေးစောင့်ရှောက်မှုအတွက် ဒေသခံစေတနာရှင်ပြည်သူများက သစ်မရောက်ခင်ဝါးထောက်ကူမှုပြုပေးသွားပါလိမ့်မည်။

ထိုဒေသခံကျန်းမာရေးဝန်ထမ်းများတွင် စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများဖြစ်သည့် အရန်သားဖွားနှင့် လူထုကျန်းမာရေးလုပ်သားများကို ကြက်ခြေနီမောင်မယ်များအား စနစ်တကျသင်တန်းပေး၍ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်းဖြင့် နိုင်ငံတော်သမ္မတကြီးက လမ်းညွှန်မိန့်ကြားခဲ့ပြီးဖြစ်ပါသည်။ အခြားတစ်ဖက်တွင် ရွာတိုင်းမှာ အခြေချဒေသခံတိုင်းရင်းဆေးဆရာများသည်လည်း ဒေသနှင့်တစ်သားတည်းရှိနေကြပြီဖြစ်ရာ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်ပါ အင်အားစုများနှင့် ဒေသခံတိုင်းရင်းဆေးဆရာများကို စုစည်းပေးနိုင်မှုနှင့်အတူ ခေတ်မီဆေးပညာနှင့် ရိုးရာတိုင်းရင်းဆေးများ ဟန်ချက်ညီစွာဖြင့် မောင်တစ်ထမ်း မယ်တစ်ရွက်ဆောင်ရွက်သွားနိုင်မည်ဆိုပါက ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းသည် အတိုင်းအတာတစ်ခုထိ ရောက်ရှိအောင်မြင်လာမည်ဖြစ်ပါသည်။

အကြောင်းမှာ ဤဒေသခံဆေးဆရာများသည် ယခုမှဖြစ်တည်လာသူများမဟုတ်ကြဘဲ အစဉ်အလာသားစဉ်မြေးဆက် ပညာအမွေခံယူလာခဲ့ကြသူများ၊ ဒေသခံများ၏ ယုံကြည်ကိုးကွယ်အားထားနေကြသူများဖြစ်နေကြပါသည်။ အဆိုပါ ဒေသခံဆေးဆရာဆိုသူများတွင် အားလုံးအစစ်အမှန်ဟုတ်ချင်မှဟုတ်မည်ကို သတိပြုကြရပါမည်။ အတုအပ အတုအယောင်လည်း ရှိတတ်မြဲဖြစ်ရာ စနစ်တကျစိစစ်ရွေးချယ် တာဝန်ပေးသွားမည်ဆိုပါက ကုသမှုပိုင်း၏ လတ်တလောအခက်အခဲကို ကျော်လွှားလွန်မြောက်နိုင်မည်မှာ အမှန်ဖြစ်ပါသည်။ ။

ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ လာရောက်ကြည့်ရှုလေ့လာသူများဖြင့် စည်ကားလျက်ရှိ

ရန်ကုန် ဇွန် ၂၀

ပညာရေးဆိုင်ရာ အသိပညာများကို အများပြည်သူတို့ ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်နှင့် ပညာရေးကဏ္ဍ ပိုမိုမြင့်မားရေးအတွက် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ Dagon Exhibitions Limited က ကြီးမှူးသည့် ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာပြပွဲ (၂၀၁၄)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိတပ်မတော်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ Tone Plus SdnBhd မှ Executive Chairman Mr.Dato Syed Kamaruzaman နှင့် Representative U Than Win၊ Chartered Institute of Management Accountants မှ CIMA Representative Daw Wendy Tin Win Kyi၊ Dagon Exhibitions Limited မှ ဒါရိုက်တာ ဦးအောင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့်အတူ ပြခန်းအတွင်း လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။**(အောက်ပုံ)**

အဆိုပါ ပြပွဲတွင် ပြည်တွင်းပြည်ပမှ တက္ကသိုလ်နှင့် ကောလိပ်များ၊ ပြည်တွင်းမှ ပုဂ္ဂလိကပညာရေးသင်တန်းကျောင်းများ၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှု သင်တန်းကျောင်းများ၊ IT သင်တန်းကျောင်းများ၊ နိုင်ငံခြားဘာသာနှင့် နိုင်ငံခြားတက္ကသိုလ်ဝင်ခွင့် သင်တန်းကျောင်းများ၊ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ သင်တန်းကျောင်းများ၊ အင်ဂျင်နီယာနှင့်ဆေးပညာဆိုင်ရာသင်တန်းကျောင်းများ၊ ပညာရေးဝန်ဆောင်မှုများ၊ စာအုပ်နှင့် စာရေးကိရိယာအမျိုးမျိုးကို ပြခန်းပေါင်း ၁၀၀ နှင့် ပြည်တွင်းပြည်ပ ကုမ္ပဏီပေါင်း ၇၀ တို့က ပါဝင်ပြသကြကြောင်း သိရသည်။

ပြပွဲကို ဇွန် ၂၀ ရက်မှ ၂၂ ရက်အထိ နေ့စဉ်နံနက် ၉ နာရီ ညနေ ၅ နာရီအထိပြသမည်ဖြစ်ပြီး ပြပွဲအတွင်း ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ချက်ချင်းအခမဲ့ဝန်ဆောင်မှုပေးသဖြင့် ပြပွဲသို့ လာရောက်ကြည့်ရှုလေ့လာသူများ များပြားလျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇွန် ၂၀

ရန်ကုန်	ရွှေဈေး	၆၇၁၄၀၀	-	၆၇၂၄၀၀
မန္တလေး	ရွှေဈေး	၆၇၁၄၀၀	-	၆၇၂၄၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၄၀ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၃၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၄. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၂၅. ၆
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၆. ၃၆
(ဃ)	ထိုင်း	တစ်ဘတ်	= ၂၉. ၉၉၂
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၂. ၃၇
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၂၀၈
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၅၅. ၇၅
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၅. ၅၁၄
(ဈ)	သြစတြေးလျ	တစ်ဒေါ်လာ	= ၉၁၅. ၈၄
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၉. ၆၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

မင်းကင်းမြို့နယ်မှ လေ့လာရေးတောင်သူများအား ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် တွေ့ဆုံ

နေပြည်တော် ဇွန် ၂၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၇နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်မှ ဒေါက်တာဆန်းဝင်း ဦးဆောင်သော လေ့လာရေးအဖွဲ့ဝင်များအား ဥတ္တရသီရိမြို့နယ်စက်စက်ယို ဆည်ရေသောက်စနစ်တစ်ဆက်တစ်စပ်တည်း တောင်သူပညာပေး ဧက ၉၀၀ စိုက်ကွင်း၌ တွေ့ဆုံပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေမှုနှင့် တောင်သူပညာပေး ဈေးကွက်ဝင်သီးနှံစိုက်ကွင်းများကို လိုက်လံပြသပြီး**(ယာပုံ)** မိမိဒေသနှင့်ကိုက်ညီအောင် သီးနှံများ ရွေးချယ်၍ စီးပွားဖြစ် စိုက်ပျိုးနိုင်ရေး အကောင်အထည်ဖော်သွားရန် မိမိတို့ဝန်ကြီးဌာနက လိုအပ်သော အကူအညီများကို ထိထိရောက်ရောက် ပံ့ပိုးဖြည့်ဆည်းပေးရန် အသင့်ရှိကြောင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၂၀/၂၀၁၄)
၁၃၇၆ ခုနှစ်၊နယုန်လပြည့်ကျော် ၈ ရက်
(၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၀ ရက်)

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးတို့ကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃/၂၀၁၁) နှင့် ၁၅-၁၁-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၄၈/၂၀၁၂) တို့တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးတို့အား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

မကွေးတိုင်းဒေသကြီးလွှတ်တော်

(၁) ကြည်း ၂၈၅၃၂ ဗိုလ်မှူး မိုးကျော်ထွန်း	(အစား)	ကြည်း ၂၉၉၈၉ ဗိုလ်ကြီး တင်ဌေး

ရခိုင်ပြည်နယ်လွှတ်တော်

(၂) ကြည်း ၃၃၁၃၄ ဗိုလ်မှူး ညဏ်လင်းမောင်	(အစား)	ကြည်း ၁၆၅၁၇ ဗိုလ်ချုပ် မောင်မောင်အုန်း
(၃) ကြည်း ၃၄၃၄၅ ဗိုလ်မှူး ကျော်မျိုးထွန်း	(အစား)	ကြည်း ၄၈၃၅၂ ဗိုလ်ကြီး ကျော်သူ

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

(၄) ကြည်း ၃၅၇၄၄ ဗိုလ်မှူး အာကာကျော်ဆွေ	(အစား)	ကြည်း ၃၅၁၃၂ ဗိုလ်ကြီး ခင်မောင်ဝင်း
(၅) ကြည်း ၃၆၂၀၄ ဗိုလ်မှူး ထွန်းလင်းတာ	(အစား)	ကြည်း ၂၉၄၀၃ ဗိုလ်ကြီး အောင်မြတ်ဝင်း
(၆) ကြည်း ၂၈၄၇၀ ဗိုလ်ကြီး သက်နိုင်ဦး	(အစား)	ကြည်း ၃၂၄၆၉ ဗိုလ်ကြီး သန်းမြင့်

အမိန့်အရ

(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြန်မာ-ဂျပန် ဥပဒေသုတေသနဌာန နှစ်ပတ်လည်အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၀

ရန်ကုန်တက္ကသိုလ်နှင့် ဂျပန်နိုင်ငံ နာဂိုရာတက္ကသိုလ်တို့ ပူးပေါင်း၍ ရန်ကုန်တက္ကသိုလ်ပရဝဏ်အတွင်း တည်ထောင်ဖွင့်လှစ်ခဲ့သည့် မြန်မာ-ဂျပန် ဥပဒေသုတေသနဌာန (Myanmar Japan Legal Research Centre) နှစ်ပတ်လည်အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ ရန်ကုန်တက္ကသိုလ်ဝိဇ္ဇာခန်းမ၌ ကျင်းပရာ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအောင်သူ၊ နာဂိုရာတက္ကသိုလ် President Mr.Hamaguchi Michinari၊ Japanese Ambassador to Myanmar Higuchi Takeshi တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ဂျပန်နိုင်ငံမှ Professor Maskawa Toshihide က Special Lecture on "Modern Science and Society" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❐ ရွှေဖုံးမှ

စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ်၌ စိုက်ပျိုးရေ စက်ရေတွင်းတူးဖော်ခြင်း အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် ၁၀ တွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေဖြင့် ရှစ်တွင်း စုစုပေါင်း ၁၈ တွင်းကို တူးဖော်မည်ဖြစ်ကြောင်း သိရသည်။ တူးဖော်မည့်စက်ရေတွင်း ၁၈ တွင်းမှာ လေးလက်မတွင်းများဖြစ်ပြီး အနက်ပေ ၂၀၀၊ ပေ ၈၀၀၊ ပေ ၁၀၀၀၊ ပေ ၁၂၀၀ နှင့် ပေ ၁၄၀၀ ထိ တူးဖော်ပေးမည်ဖြစ်ပြီး ရေလျှံသည်အထိ တူးဖော်မှုမှာ ကိုးတွင်း ပါဝင်ကြောင်း သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရရန်ပုံငွေဖြင့် ယင်းမာပင်ခရိုင် ပုလဲမြို့နယ် အလယ်ဘုံကျေးရွာတွင် လာမည့်ဇွန်လကုန်ပိုင်းမှစတင်၍ တူးဖော်တော့မည်ဖြစ်ရာ အဆိုပါ အလယ်ဘုံရွာတွင် နှစ်တွင်း၊ မုံရွာခရိုင် အရာတော်မြို့နယ် ရွာသစ်တွင် နှစ်တွင်း၊ ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် အိမ်ယာကျေးရွာတွင် နှစ်တွင်း၊ မုံရွာခရိုင် ဘုတလင်မြို့နယ် အုတ်ဖိုကျေးရွာတွင်နှစ်တွင်း၊ ရွှေဘိုခရိုင် ခင်ဦးမြို့နယ် အောင်သီရိကျေးရွာတွင် နှစ်တွင်း စုစုပေါင်း ၁၀ တွင်းကို စုစုပေါင်းကုန်ကျ စရိတ် ၅၂ ဒသမ ၀၂ သန်းဖြင့် တူးဖော်မည်ဖြစ်ကြောင်း သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေမှ ကျပ် ၄၅ သန်းကို အသုံးပြု၍ ရွှေဘိုခရိုင် ဝက်လက်မြို့နယ် နတ်ကုန်းရွာ၊ မြင်တောကျေးရွာ၊ ရွှေဘိုမြို့နယ် ရေကြည်ဝရွာ၊ ဆိပ်ခွန်ရွာနှင့် ချိုပါရွာတို့တွင် တူးဖော်ပေးမည်ဖြစ်ကြောင်းသိရသည်။ ထို့ပြင် မုံရွာခရိုင် အရာတော်မြို့နယ် ပါရမီကျေးရွာ၊ လိန်လှကျေးရွာနှင့် ဘော်ကုန်းကျေးရွာတို့တွင် စက်ရေတွင်းများ တူးဖော်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ တွင်းများအနက် အရာတော်မြို့နယ် ရွာသစ်ရွာမှ နှစ်တွင်း၊ ဒီပဲယင်းမြို့နယ် အိမ်ယာရွာမှ နှစ်တွင်း၊ ခင်ဦးမြို့နယ် အောင်သီရိရွာမှ နှစ်တွင်း၊ အရာတော်မြို့နယ် ပါရမီရွာ၊ လိန်လှရွာနှင့် ဘော်ကုန်းရွာမှ တစ်တွင်းစီ စုစုပေါင်း ကိုးတွင်းကို ရေလျှံရေထွက်သည်အထိ တာဝန်ယူတူးဖော်ပေးသွားမည် ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

"ကမ္ဘာမြေရဲ့ အပေါ်ဆုံးမျက်နှာပြင်ဟာ အမိုက်အားဖြင့်သဲ၊ ကျောက်စရစ်၊ နုန်းမြေနဲ့ သစ်ရွက်ဆွေး၊ အပင်ဆွေးများနဲ့ ဖွဲ့တည်နေတာပါ။ အဲဒီမျက်နှာပြင်လွှာအောက်ဘက်မှာစိမ့်ပေါက်လေးတွေပါဝင်တဲ့ ကျောက်လွှာရှိပါတယ်။ အဲဒီအလွှာအောက်မှာ အလွန်မာကျောကျစ်လျစ်တဲ့ ရေစိမ့်မဝင်နိုင်တဲ့ အခင်းကျောက်လွှာ (Bed rock) တည်ရှိပြီး အဲဒီအလွှာရဲ့အထက်မှာရှိတဲ့ အလွှာအားလုံးမှာ မြေအောက်ရေကို သိုမှီးထားကြပါတယ်။ သိုမှီးထားတဲ့ ရေပမာဏကိုလိုက်ပြီး မြေလွှာတွေကို လေနှောဇုန် (Zone of aeration) နဲ့ ပြည့်ဝဇုန် (Zone of Saturation) လို့နှစ်မျိုးခွဲနိုင်ပါတယ်"ဟုရေအရင်းအမြစ်အသုံးချရေးဌာနမှ တာဝန်ရှိသူပညာရှင်တစ်ဦးက ရှင်းပြသည်။

ကမ္ဘာမြေကြီး၏ နေရာတိုင်းလိုလို၌ ရေကို တစ်မျိုးမျိုးသောပုံစံ၊ တစ်ခုခုသောပမာဏဖြင့် အနက်တစ်နေရာရာ၌ တွေ့ရမည်သာ ဖြစ်သည်။ ခြောက်သွေ့လွန်းလှသည့်ဆာဟာရသဲကန္တာရအောက်၌ပင် ကုဗမိုင် ၁၅၀၀၀၀ ရှိ ရေထုထည်သည် စတုရန်းမိုင် နှစ်သန်းခွဲမျှဖြန့်ကြက်တည်ရှိနေပြီး ကမ္ဘာ့ရေချိုအရင်းအမြစ်အားလုံးနီးပါးမျှဖြစ်သော (၉၇ ရာခိုင်နှုန်းကျော်)ရေထုထည်ကုဗမိုင်နှစ်သန်းသည် မြေလွှာတွင်းမှာသာ တည်ရှိသည်။ ထိုရေထုကြီး၏ တစ်ဝက်မှာ မြေပြင်မှ မိုင်ဝက်အတွင်းမှာသာ တည်ရှိသည်။ထိုရေထုကြီး၏ တစ်ဝက်မှာ မြေပြင်မှ မိုင်ဝက်အတွင်းမှာသာ တည်ရှိနေသဖြင့် လူအများရယူသုံးစွဲရန် လက်လှမ်းမီသည့် ရေအရင်းအမြစ်အဖြစ် ရပ်တည်နေသည်။

မျိုးဝင်းထွန်း(မုံရွာ)

သတိပေးနှိုးဆော်ချက်

ယခုအခါ မိုးရာသီကာလရောက်ရှိနေပြီဖြစ်ပါ၍ ပင်လယ်ကမ်းရိုးတန်းများနှင့် မြစ်ချောင်းကမ်းဘေးများတွင် နေထိုင်သော ပြည်သူများသည် ရုတ်တရက် ရေကြီးရေလျှံမှုကြောင့် ဘေးအန္တရာယ်များ ကြုံတွေ့နိုင်သည့်အပြင် ပင်လယ်၊ မြစ်ချောင်းများတွင် သွားလာနေသော ရေယာဉ်များသည်လည်း ရာသီဥတုကြောင့်လည်းကောင်း၊ မတော်တဆမှုကြောင့် လည်းကောင်း တိမ်းမှောက်မှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ရေဘေးအန္တရာယ်ကြောင့် မိဘပြည်သူများ အသက်ဆုံးရှုံးမှုမရှိစေရန် အိမ်တိုင်း၊ ရေယာဉ်တိုင်းတွင် အသက်ကယ်ဝတ်စုံ(Life Jackets)များ ဆောင်ထားကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မီးသတ်ဦးစီးဌာန**

တောင်ကိုရီးယားရေတပ် ကျည်အစစ်ဖြင့် စစ်ရေးလေ့ကျင့်

ဆိုးလ် ဇွန် ၂၀

မြောက်ကိုရီးယားနိုင်ငံမှ ရေငုပ်သင်္ဘောများ ကျူးကျော်ဝင်ရောက်ဖွယ်ရာရှိသည့်အတွက် ၎င်းတို့၏ ထောက်လှမ်းရေးနှင့် တိုက်ခိုက်ရေး စွမ်းရည်ပြည့်ဝစေရန် တောင်ကိုရီးယား ရေတပ်သည် အရှေ့ဘက် ပင်လယ်ပြင်၌ ကျည်အစစ်များဖြင့် သောကြာနေ့တွင် စတင်စစ်ရေး လေ့ကျင့်သည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုကို ဖျက်သိမ်းရန် ဂျပန်နိုင်ငံက တောင်းဆိုခဲ့သည်။

တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယပြောရေးဆိုခွင့်ရှိသူ ကြည်းတပ်ဗိုလ်မှူးကြီး ဝီယောင်ဆုပ်က ပုံမှန်ကျင်းပမြဲဖြစ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်မှာ နိုင်ငံတော် လွတ်လပ်ရေးကို ကာကွယ်ရန်အတွက် စစ်ရေးလေ့ကျင့်ရာတွင် မည်သည့်တောင်းဆိုမှု သို့မဟုတ် မည်သည့် ဝင်ရောက်စွက်ဖက်မှုကိုမျှ ထည့်သွင်းစဉ်းစားမည်မဟုတ်ဟု ဖြစ်သည်။

ရေငုပ်သင်္ဘောထောက်လှမ်းရေး လေယာဉ် နှစ်စင်း၊ ရေငုပ်သင်္ဘောတိုက်ဖျက်ရေး ရဟတ်ယာဉ်တစ်စင်းတို့နှင့်အတူ ရေတပ်စစ်သင်္ဘော ၁၉ စင်းသည် နိုင်ငံအရှေ့ပိုင်း ဂျူဘီယွန်ဆိပ်ကမ်းမြို့မှ ကီလိုမီတာ ၅၀ ကွာဝေးသော ကမ်းလွန်ရေပြင်တွင် တစ်နေ့တာ စစ်ရေးလေ့ကျင့်မှုကို စတင်လျက်ရှိသည်။

တောင်ကိုရီးယား ဘာသာဖြင့် ဒွတ်ဒို၊ ဂျပန်ဘာသာဖြင့် တာကီရှီးမာဟုခေါ်သည့် ပိုင်ဆိုင်မှု အငြင်းပွားလျက်ရှိသော ကျွန်းစုများအနီး၌ ကျည်အစစ်ဖြင့် စစ်ရေးလေ့ကျင့်မှု မပြုလုပ်ရန် တောင်ကိုရီးယားကို ဂျပန်အစိုးရအဖွဲ့ အတွင်းရေးမှူး ယိုရှီဟီဒဲဆူဂါက တိုက်တွန်းပြီးနောက်တစ်ရက်တွင် ယင်းသို့ စစ်ရေးလေ့ကျင့်ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံက တိုကျိုရှိ တောင်ကိုရီးယား သံရုံးအား စစ်ရေးလေ့ကျင့်မှုကို ဖျက်သိမ်းရန် တောင်းဆိုခဲ့ရာ တောင်ကိုရီးယား နိုင်ငံခြားရေး ဝန်ကြီးဌာနက ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သည်။

နှစ်နိုင်ငံအကြား အလယ်၌ တည်ရှိသည့် ဒွတ်ဒိုကျွန်းစုသည် တိုကျိုနှင့် ဆိုးလ်အကြား သံတမန်ရေးရာ ဒေါသအဖုအထစ်များ ဆက်လက်မြင့်တက်လျက်ရှိသည်။ ၁၉၀၅ ခုနှစ်တွင် အဆိုပါကျွန်းစုကို စစ်ဝါဒီဂျပန်အစိုးရက ရှီမာနဲကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေအတွင်းသို့ တစ်ဖက်သတ်သွတ်သွင်းခဲ့သည်။

ဆင်ဟွာ။

မြောက်ဝါဇီရစ္စတန်ဒေသမှ ထွက်ပြေးလာကြသော စစ်ပြေးဒုက္ခသည်များကို တွေ့ရစဉ်။

ပါကစ္စတန်တပ်မတော် အနောက်မြောက်ပိုင်းတွင် ထိုးစစ်ဆင် ပြည်သူထောင်ပေါင်းများစွာ ထွက်ပြေး

အစ္စလာမ္မာဘတ် ဇွန် ၂၀

ပါကစ္စတန်အနောက်မြောက်ပိုင်း မြောက်ဝါဇီရစ္စတန်မျိုးနွယ်စုဒေသ၌ အစိုးရတပ်မတော်က စစ်သွေးကြွများကို ထိုးစစ်စတင်ဆင်နွှဲရာ ထောင်ပေါင်းများစွာသော ပြည်သူများသည် ၎င်းတို့၏ နေအိမ်များကို စွန့်ခွာထွက်ပြေးကြကြောင်း ဘီဘီစီက မကြာသေးမီသတင်းတွင် ဖော်ပြသည်။

အဆိုပါ ထွက်ပြေးဒုက္ခသည်များအတွက် ဘန်နူးမြို့အနီးတွင် စခန်းတစ်ခု တည်ဆောက်ပေးခဲ့သော်လည်း ယင်းစခန်းတွင် စားနပ်ရိက္ခာ၊ သောက်သုံးရေနှင့် လျှပ်စစ်မီးများ ပြည့်စုံမှု မရှိကြောင်း ဒေသခံများက ပြောကြားသည်။

အချို့သော မိသားစုများသည် ၎င်းတို့၏ မိတ်ဆွေများနှင့် ဆွေမျိုးများ၏ နေအိမ်တို့တွင် ဝင်ရောက်တည်းခိုကြသည်။

မြောက်ဝါဇီရစ္စတန်တွင် ပြည်သူများ ထွက်ပြေးနိုင်ရန်အတွက် ညမထွက်ရ အမိန့် ရုပ်သိမ်းပေးလိုက်ရာ လာမည့်ရက်များတွင် အန္တရာယ်ကင်းဝေးရာသို့ ထွက်ပြေးကြသူများ ပိုမိုလာနိုင်သည်ဟု တာဝန်ရှိသူများက မျှော်လင့်ထားသည်။ **ဘီဘီစီ။**

တယ်လ်အဖာလေဆိပ်နှင့် ဘေဂျီရေနံချက်စက်ရုံတို့ကို ထိန်းချုပ်နိုင်ရေး တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွား

ဘဂ္ဂဒက် ဇွန် ၂၀

အီရတ်နိုင်ငံမြောက်ပိုင်းရှိ တယ်လ်အဖာမြို့ လေဆိပ်နှင့် ဘေဂျီမြို့ရှိ ရေနံချက်စက်ရုံတို့ကို ထိန်းချုပ်နိုင်ရေးအတွက် အစ္စလာမ္မစ်စစ်သွေးကြွများနှင့် အစိုးရအား ထောက်ခံသော တပ်ဖွဲ့များ ပြင်းထန်စွာ တိုက်ခိုက်လျက်ရှိကြကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အီရတ်နိုင်ငံ၏ အကြီးဆုံးရေနံချက်စက်ရုံ တည်ရှိရာ ဘေဂျီမြို့ ဝန်းကျင်တွင် လက်နက်ကိုင်တပ်ဖွဲ့များရှိနေသည်။ စစ်သွေးကြွများသည် တယ်လ်အဖာမြို့လေဆိပ်နယ်မြေ အများစုကို သိမ်းပိုက်ထားသည်ဟု ဆိုသည်။

တယ်လ်အဖာမြို့လေဆိပ်ကို ထိန်းချုပ်နိုင်ရေးအတွက် ကြိုးပမ်းနေသော အစိုးရတပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။

အီရတ်အစိုးရတပ်ဖွဲ့နှင့် ဆွန်နီစစ်သွေးကြွ လက်နက်ကိုင်တို့အကြား တိုက်ပွဲများ စတင်ဖြစ်ပွားပြီး နောက်တစ်ရက်တွင်လက်နက်ကိုင်များအား တိုက်ခိုက်ရာတွင် အကြံပေးအဖြစ် ကူညီရန် အီရတ်နိုင်ငံသို့ စစ်ရေးအကြံပေး ၃၀၀ ကို စေလွှတ်ပေးပို့မည်ဟု အမေရိကန်သမ္မတ ဘာရက်အိုဘားမားက ပြောကြားခဲ့သည်။

အမေရိကန်က အီရတ်တွင် တပ်ဖွဲ့ဝင်များ စေလွှတ်တိုက်ခိုက်ခွင့်မပြုရေးအတွက် သမ္မတအိုဘားမားမှာ ဖိအားပေးခံရလျက်ရှိသည်။

အီရတ်နိုင်ငံအတွင်းမှပြိုင်ဘက်မွတ်စလင်မျိုးနွယ်စုနှစ်စုအကြား တင်းမာမှုများဖြေလျှော့စေရေး မျှော်လင့်ချက်ဖြင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် မကြာမီ အီရတ်သို့ သွားရောက်မည်ဟု မျှော်လင့်ရသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက အိုင်အက်စ်အိုင်အက်စ် အမည်ခံ စစ်သွေးကြွအဖွဲ့ဝင်များက နိုင်ငံ၏ ဒုတိယအကြီးဆုံး မိုဆူးလ်မြို့ကို သိမ်းယူပြီးနောက် ယင်းမြို့မှ ထွက်ပြေးသူ စစ်သွေးကြွဒုက္ခသည် ၅၀၀၀၀၀ ခန့် ရှိပြီဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ **ဘီဘီစီ။**

သန်းကြွယ်သူဌေး တရုတ်၌ ဒုတိယအများဆုံး

ဘော်စတွန် ဇွန် ၂၀

ကမ္ဘာပေါ်တွင် သန်းကြွယ်သူဌေးဦးရေ ဒုတိယအများဆုံးနိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် ၂၀၁၃ ခုနှစ်တွင် သန်းကြွယ်သူဌေး ၂၃၇၈၀၀၀ ဦးအထိ နေထိုင်ရာ နိုင်ငံဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စု ဘော်စတွန်မြို့ အခြေစိုက် ဘော်စတွန် အတိုင်ပင်ခံအုပ်စုက ထုတ်ပြန်သော ၂၀၁၄ ခုနှစ် ကမ္ဘာတစ်လွှား လူကုံထံသူဌေးများဆိုင်ရာ အစီရင်ခံစာတွင်ဖော်ပြသည်။

ကမ္ဘာပေါ်တွင် သန်းကြွယ်သူဌေးဦးရေ ၇၁၃၅၀၀၀ ရှိသည့်နိုင်ငံမှာ အမေရိကန်ပြည်ထောင်စု ဖြစ်သည်။ တရုတ်နိုင်ငံ၌ ၂၀၁၂ ခုနှစ်တွင် သန်းကြွယ်သူဌေးဦးရေ တိုးတက်မှုနှုန်း ၈၂ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး အမေရိကန်ပြည်ထောင်စုတွင်မူ အလားတူကာလအတွင်း ၁၈ ရာခိုင်နှုန်းသာလျှင် မြင့်တက်လာခဲ့ကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြသည်။ **ပီတီအိုင်။**

အားကစားဆိုင်ရာ လောင်းကစားလှည့်ပတ်ငွေကြေး ကမ္ဘာတစ်ဝန်းတွင် ဒေါ်လာ ဘီလီယံ ၆၈၀ ထိ ရှိဟုဆို

ဟောင်ကောင် ဇွန် ၂၀

ကမ္ဘာတစ်ဝန်းတွင် အားကစားဆိုင်ရာ လောင်းကစားလုပ်ငန်းမှာ အဆမတန် ကြီးထွားလာလျက်ရှိကြောင်း၊ နှစ်စဉ် အားကစားပြိုင်ပွဲများအပေါ် အခြေခံသည့် တရားမဝင် လောင်းကစားလုပ်ငန်းများ၏ လှည့်ပတ်ငွေသည် ကြောက်ခမန်းလိလိ ပမာဏအထိ ကြီးထွားလာကြောင်း နိုင်ငံတကာ ဘစ္စနက်တိုင်းမ်သတင်းစာက ရေးသားဖော်ပြသည်။

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ကျင်းပနေချိန်တွင် နိုင်ငံတကာရှိ လောင်းကစားဒိုင်များ ခေါင်းထောင်လာနေသည်။

ကမ္ဘာတစ်ဝန်းတွင် လောင်းကစားလုပ်ငန်းကို အကန့်အသတ်ဖြင့်သာ ခွင့်ပြုပေးထားသည်။ သို့ရာတွင် ဒုစရိုက်သမားများက အကျိုးအမြတ် ကြီးမားစွာ ရရှိနိုင်သော ဥပဒေမဲ့ လောင်းကစားလုပ်ငန်းများကို ရဲရဲတင်းတင်း လုပ်ကိုင်လာကြသည်။

ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်အားကစားပြိုင်ပွဲများအပေါ် အခြေခံသည့် လောင်းကစားလုပ်ငန်းများ၏ လှည့်ပတ်ငွေမှာအမေရိကန်ဒေါ်လာ ဘီလီယံ ၆၈၀ အထိရှိသည်။ ယင်းငွေကြေးပမာဏ၏ ၈၀ ရာခိုင်နှုန်းခန့်မှာ တရားမဝင် လောင်းကစားလုပ်ငန်းများ၏ လှည့်ပတ်ငွေဖြစ်ကြောင်း နိုင်ငံတကာ ဘစ္စနက်တိုင်းမ် သတင်းစာက ရေးသားဖော်ပြသည်။

အာရှတိုက်ရှိ တရုတ်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဂျပန်နိုင်ငံတို့သည် အားကစားဆိုင်ရာ လောင်းကစားလုပ်ငန်းများ အကြီးအကျယ်လုပ်ကိုင်သည့် ဒေသများဖြစ်ကြသည်။

ဟောင်ကောင်တွင် မြင်းစီးပြိုင်ပွဲများကို ပုံမှန်ကျင်းပနေပြီး ဂျော်ကီကလပ် လောင်းကစားမှုကို တရားဝင် ခွင့်ပြုပေးထားသည်။

ယနေ့ကာလတွင်အင်တာနက်မှတစ်ဆင့် လောင်းကစားသည့်လုပ်ငန်းများ ခေတ်စားလာသည်။ အွန်လိုင်းလောင်းကစားလုပ်ငန်းများသည် တရားမဝင် လောင်းကစားလုပ်ငန်းများ ဖြစ်ကြသည်။

တရုတ်နိုင်ငံ ကွမ်တုန်ပြည်နယ်နှင့် ဟောင်ကောင်ကျွန်းတို့တွင် လောင်းကစားလုပ်ငန်းများကို ဒုစရိုက်ဂိုဏ်းများက လျှို့ဝှက်လုပ်ကိုင်နေပြီး ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က အခါအားလျော်စွာ သန်းပေါင်းများစွာသော ငွေကြေးပမာဏနှင့်အတူ လောင်းကစားဒိုင်များကို ဖမ်းဆီးရမိလေ့ရှိသည်။ **ပီတီအိုင်။**

အားကစားဆိုင်ရာ လောင်းကစားဒိုင်များအား ဖြိုခွင်းသည့်စစ်ဆင်ရေးနှင့် ပတ်သက်၍ ဟောင်ကောင်ရဲတပ်ဖွဲ့က သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။

နီပေါ၌ မြေပြိုမှုဖြစ်ပွား ၁၂ ဦးသေဆုံး

နီပေါ ဇွန် ၂၀

နီပေါနိုင်ငံတွင် ဇွန် ၁၉ ရက်ညက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားရာ မိသားစုတစ်စုအတွင်းမှ ကိုးဦးအပါအဝင် ၁၂ ဦးသေဆုံးကြောင်း၊ ၎င်းတို့နေအိမ်များ ပြိုကျပျက်စီးသဖြင့် မြေများ ဖုံးအုပ်ကာ အရှင်လတ်လတ်မြေဖို့ခံရပြီး သေဆုံးကြရခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများနှင့် ရဲတပ်ဖွဲ့က ဇွန် ၂၀ ရက်တွင် ပြောကြားသည်။

မြေများဖုံးအုပ်ခံရသဖြင့် သေဆုံးသွားသူကိုးဦးတွင် ကလေးလေးဦးပါဝင်သည်။ နိုင်ငံအနောက်ပိုင်း ဂူလမိဒေသ၏ လျှိုမြောင်ထဲတွင် ဆောက်လုပ်ထားသော နေအိမ်အပေါ်သို့ တောင်စောင်းမှ မြေများ ပြိုကျသဖြင့် သေဆုံးရခြင်းဖြစ်သည်။

ယင်းဒေသနှင့် အနီးဝန်းကျင်ရှိ ပြူသန်းဒေသတွင်လည်း မြစ်ကမ်းနံဘေး၌ နေထိုင်သော ဒေသခံများ၏ နေအိမ်များ မြေကျွံမှုကြောင့် သုံးဦးသေဆုံး၍ နှစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ဒေသခံရဲတပ်ဖွဲ့က ပြောကြားသည်။ နီပေါနိုင်ငံတွင် မုတ်သုံရာသီအတွင်း ရေလွှမ်းမိုးခြင်း၊ မြေပြိုခြင်းများ ဖြစ်ပွားလေ့ ရှိသဖြင့် နှစ်စဉ် လူအသေအပျောက်များ ဖြစ်ပေါ်ခဲ့သည်။ **ဆင်ဟွာ။**

ဇွန် ၂၀ ရက်က အီဂျစ်နိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ စိုင်းကျော်အုန်းအား မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Hany Riad Moawad ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် အဌမပုံမှန်စည်းဝေး

နေပြည်တော် ဇွန် ၂၀

ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် အဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးရဲမြင့်နှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းဖြေကြားခြင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေ အရအသုံးစာရင်းများ အစီရင်ခံစာနှင့် ၂၀၁၄ ခုနှစ် တိုင်းဒေသကြီး ပုဂ္ဂလိကအသေးစားငွေချေးလုပ်ငန်း ဥပဒေကြမ်းတင်သွင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ခရီးသည်တင်ယာဉ်ထက် ကိုယ်ပိုင်ယာဉ်နှင့် တက္ကစီများ စည်းကမ်းဖောက်မှုပိုများနေဟုဆို

ရန်ကုန် ဇွန် ၂၀

ရန်ကုန်မြို့တွင်း ယာဉ်စည်းကမ်းချိုးဖောက်သည့် ဖြစ်စဉ်များတွင် ခရီးသည်တင်ယာဉ်အရေအတွက်ထက် ကိုယ်ပိုင်ယာဉ်နှင့် တက္ကစီများက ပိုများနေကြောင်း မထသ(ဗဟို) အတွင်းရေးမှူး ဦးဘမြင့်က ပြောသည်။

"ခရီးသည်တင်ယာဉ်တွေ အနေနဲ့လည်း စည်းကမ်းဖောက်တဲ့ယာဉ်တွေရှိသလို စည်းကမ်းနဲ့အညီ သွားလာနေတဲ့ ယာဉ်တွေရှိတယ်။ ရုံးဆင်းရုံးတက်အချိန်တွေဆို ရှစ်မိုင်မီးပွိုင့်မှာ မီးပွိုင့်ကို လွတ်ချင်ဇောနဲ့ လမ်းပြောင်းပြန်တန်းစီတဲ့ယာဉ် အစီး ၃၀လောက်ရှိနေတာတွေ့ရတယ်။ အဲဒီထဲမှာ ခရီးသည်တင်ယာဉ်က အများဆုံး ပါရင် လေးစီးပဲ။ ကျန်တာ ကိုယ်ပိုင်ယာဉ်နဲ့ တက္ကစီတွေပဲဖြစ်တယ်" ဟု ၎င်းက ရှင်းပြသည်။

ထိုသို့ လမ်းပြောင်းပြန်ကျော်တက်မောင်းနှင်နေသော ကိုယ်ပိုင်ယာဉ်များတွင် တန်ဖိုးကြီး ဇိမ်ခံကားကောင်းများ ပါဝင်နေကြောင်း သိရသည်။ ထိုစည်းကမ်းဖောက်သော ယာဉ်များကို ယာဉ်ထိန်းရဲတပ်ဖွဲ့က ဖမ်းဆီးအရေးယူလျက်ရှိရာ မှတ်တိုင်ဇရိယာအတွင်း ရပ်ထားသော ကိုယ်ပိုင်ယာဉ်နှင့် တက္ကစီများကို ပြင်းပြင်းထန်ထန် အရေးယူမှုထက် ခရီးသည်တင်ယာဉ်များကိုသာ အဓိကထား အရေးယူခြင်းများရှိနေကြောင်း ယာဉ်လုပ်သားများထံမှ သိရသည်။

မှတ်တိုင်ဇရိယာမျဉ်းဝါအံ့ကွက်များအတွင်း ကားပါကင်သဖွယ်ထိုးရပ်ထားကြသော ကိုယ်ပိုင်ယာဉ်နှင့် တက္ကစီယာဉ်အချို့ကြောင့် မှတ်တိုင်တွင်ဝင်ရောက်ရပ်တန့်မည့် ခရီးသည်တင်ယာဉ်များအနေဖြင့် ရပ်တန့်မရဘဲ ယာဉ်နှစ်ထပ်သဖွယ် ရပ်တန့်ကာ ခရီးသည် အတင်အချပြုလုပ်နေရခြင်းဖြစ်ကြောင်းကို ရန်ကုန်မြို့တွင်း နေရာအချို့တွင် တွေ့ရှိနေရသည်။

အချို့သော တက္ကစီများသည် လူကူးမျဉ်းကျားများပေါ်နှင့် မီးပွိုင့်ဇရိယာများအတွင်း၌ သာမက ခရီးသည် လက်ပြတားလိုက်ပါက ရပ်တန့်ကြခြင်းကြောင့် နောက်မှ မောင်းနှင်လာသည့် ယာဉ်များအတွက် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်စေကြောင်း သိရသည်။ ထို့ကြောင့် မှတ်တိုင်များတွင် ခရီးသည်တင်ယာဉ်များ စနစ်တကျရပ်တန့်နိုင်စေရန် မျဉ်းဝါအံ့ကွက်အတွင်း မဆိုင်သော ကိုယ်ပိုင်ယာဉ်နှင့် တက္ကစီများကို ပြင်းပြင်းထန်ထန်ဖယ်ရှားအရေးယူသွားရန်လိုအပ်သလို တက္ကစီငှားစီးမည့် ခရီးသည်များအနေဖြင့်လည်း မီးပွိုင့်ဇရိယာ၊ ဖြူနီကျားမျဉ်းဝါအံ့ကွက်နေရာတို့ကိုရှောင်၍ လွတ်ကင်းသည့်နေရာမှသာ တား၍ စီးနင်းကြရန် ပညာပေးမှုများလည်း လိုအပ်ကြောင်း၊ သို့မှသာ ယာဉ်စည်းကမ်းချိုးဖောက်မှုများ တဖြည်းဖြည်းလျော့နည်းလာဖွယ်ရာရှိကြောင်း လေ့လာသူများက အကြံပြုထားကြသည်။

ထက်ခိုင်(စမ်းချောင်း)

အသိပေးကြေညာချက်

၁။ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်ပန်း တန်ဖိုးနည်းအိမ်ရာ စီမံကိန်းတွင် တစ်ခန်းလျှင်(၄၆၈)စတုရန်းပေစီရှိ (၆)ခန်းတွဲ (၄)ထပ် (Steel Structure) Hall Type (၁၈)လုံး၊ (၆)ခန်းတွဲ (၄)ထပ် (RCC Structure) Hall Type (၆)လုံး၊ စုစုပေါင်းတိုက် (၂၄)လုံး၊ စုစုပေါင်းအခန်း(၅၇၆)ခန်းအား တည်ဆောက်ပြီးစီးပြီ ဖြစ်ပါသည်။

၂။ အဆိုပါတိုက်ခန်းများကို အရစ်ကျငွေပေးချေစနစ်နှင့် ဘဏ်ချေးငွေဖြင့် ဝယ်ယူသည့်စနစ်များဖြင့်ဝယ်ယူနိုင်ပါသည်။ ရောင်းချမည့်ဈေးနှုန်းများကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်-

(က) (၆)ခန်းတွဲ (၄)ထပ်(Steel Structure) တွင် မြေညီထပ် ကျပ်သိန်း(၁၂၀)၊ ပထမထပ် ကျပ်(၁၁၅)သိန်း၊ ဒုတိယထပ် (၁၁၃) သိန်း၊ တတိယထပ် ကျပ်သိန်း (၁၁၀)၊

(ခ) (၆)ခန်းတွဲ (၄)ထပ်(RCC Structure)တွင် မြေညီထပ် ကျပ်(၁၂၅)သိန်း၊ ပထမထပ် ကျပ် (၁၂၂)သိန်း၊ ဒုတိယထပ် ကျပ်(၁၁၉)သိန်း၊ တတိယထပ် ကျပ်(၁၁၆)သိန်း၊

၃။ လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ပြီး အသက်(၂၅)နှစ်ထက် မငယ်သူဖြစ်ရမည်။ လစဉ် မိသားစုဝင်ငွေစုစုပေါင်း အနည်းဆုံး(၃)သိန်းကျပ်ရှိရမည်ဖြစ်ပြီး (၇)သိန်းကျပ်ထက် မကျော်လွန်သော ဝင်ငွေရှိ မိသားစုဖြစ်ရမည်။ စည်းကမ်းချက်အသေးစိတ်အား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများတွင် စုံစမ်းနိုင်ပါသည်။

၄။ လျှောက်ထားသူသည် ကြော်ငြာသင်ပုန်းတွင်ကပ်ထားသည့် ရွှေလင်ပန်း တန်ဖိုးနည်းအိမ်ရာ၊ တိုက်ခန်းလျှောက်လွှာပုံစံကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ၃၁-၇-၂၀၁၄ ရက်နေ့ နောက်ဆုံးထား၍ စာတိုက်မှတစ်ဆင့် မှတ်ပုံတင်ပေးပို့လျှောက်ထားရမည်။

၅။ တိုက်ခန်းများနေရာချထားမှုကို မဲစနစ်ဖြင့်ဆောင်ရွက်မည်ဖြစ်ပြီး မဲနှိုက်မည့်အစီအစဉ်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ငြိမ်းချမ်းဝေစည်အသိုက်အဝန်းဆီသို့ လူမှုတာဝန်သိသောမီဒီယာဖြင့် လှမ်းချီစို့

ဒေါက်တာသီတာတင်

ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ဒီမိုကရေစီစံများနှင့်အညီ တည်ဆောက်နိုင်ရန်အတွက် နိုင်ငံရေး၊ လူမှုစီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကအခန်းကဏ္ဍများတွင် ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိသည်မှာ သုံးနှစ်ကျော်ကာလရှိပြီဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံအတွက် ဂုဏ်ယူစရာကိစ္စရပ်များမှာ ဒေသဆိုင်ရာအဖွဲ့အစည်းများဖြစ်သည့် BIMSTEC နှင့် ASEAN တို့တွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရသော ထူးခြားသော နှစ်တစ်နှစ်ပင်ဖြစ်ပါသည်။

၂၀၁၄ ခုနှစ် မတ်လတွင် BIMSTEC ထိပ်သီးအစည်းအဝေးကိုလည်းကောင်း၊ ၂၀၁၄ ခုနှစ် မေလတွင် ASEAN ထိပ်သီးအစည်းအဝေးကိုလည်းကောင်း ကျင်းပပြီး ဖြစ်ပါသည်။

မြန်မာနိုင်ငံ ASEAN ဥက္ကဋ္ဌတာဝန်ယူဆောင်ရွက်စဉ် ၂ နှစ်လျှင် တစ်ကြိမ်သာ ကျင်းပသည့် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးကို အိမ်ရှင်အဖြစ်ကျင်းပပေးရသည့်နှစ်နှင့်လည်း တိုက်ဆိုင်နေသောကြောင့် (၁၂)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေး၊ အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံပြန်ကြားရေးဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတို့ကိုဇွန်လ ၉ ရက်နေ့မှ ၁၂ ရက်နေ့အထိ နေပြည်တော်တွင် ကျင်းပခဲ့ပါသည်။

၂၀၁၄ ခုနှစ် (၁၂)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး၏ အဓိကဆောင်ပုဒ်မှာ "ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီသို့ လူမှုတာဝန်သိသောမီဒီယာဖြင့် လှမ်းချီစို့" ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးအဆင့် အစည်းအဝေးမတိုင်မီ ဇွန်လ ၉ ရက်နေ့တွင် Working Dinner ကို နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ်တွင်ကျင်းပခဲ့ပြီး အာဆီယံပြန်ကြားရေးအဆင့်မြင့်အရာရှိကြီးများ၊ အဖွဲ့ခေါင်းဆောင်များ တက်ရောက်ကြပြီး ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြပါသည်။ ဇွန်လ ၁၀ရက်နှင့် ၁၁ ရက်နေ့များတွင် အာဆီယံပြန်ကြားရေးအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို ကျင်းပခဲ့ရာ အချက် ၁၄ ချက်ပါ ငြိမ်းချမ်းကြွယ်ဝသော အာဆီယံအသိုက်အဝန်းတစ်ရပ်အတွက် လူမှုတာဝန်သိသော မီဒီယာဆိုင်ရာ ကြေညာချက်မူကြမ်းကို ဆွေးနွေးနိုင်ခဲ့ကြပါသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ အာဆီယံနှင့်ဆွေးနွေးဖက်သုံးနိုင်ငံတို့မှ ပြန်ကြားရေးဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် လေ့လာသူများ၊ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ လီယောင်မင်တို့ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

(၁၂)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေး ကျင်းပစဉ်။

၂၀၁၄ ခုနှစ် ဇွန်လ ၁၂ရက်နေ့ နံနက်ပိုင်းတွင် (၁၂)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပပြုလုပ်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီးနောက် တက်ရောက်လာသည့် အာဆီယံပြန်ကြားရေးဝန်ကြီးများကလည်း ပြန်လည်ဆွေးနွေးကြပါသည်။

ထို့နောက် (၁၂)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေး၏ နေပြည်တော်ကြေညာစာတမ်းဖြစ်သည့် ငြိမ်းချမ်းကြွယ်ဝသော အာဆီယံအသိုက်အဝန်းအတွက် လူမှုတာဝန်သိသောမီဒီယာဆိုင်ရာကြေညာချက် (Declaration on Social Responsible Media For a Peaceful and Prosperous ASEAN Community) ကိုထုတ်ပြန်နိုင်ခဲ့ပါသည်။

ထို့ပြင် ASCC Blueprint နှင့် ပတ်သက်၍ လမ်းပြမြေပုံကို သဘောတူညီခဲ့ပြီး အာဆီယံအသိအမြင်မြှင့်တင်ရေးဆိုင်ရာ(ASEAN Virtual Learning Resource Centre)ကို ၂၀၁၅ ခုနှစ် ပထမလေးလပတ် ကာလအတွင်း ထုတ်လွှင့်နိုင်ရေးအတွက် အာဆီယံအတွင်း ရေးမှူးချုပ်ရုံးနှင့် အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြပါသည်။ အာဆီယံဒေသတွင်းနိုင်ငံများမှ ပြည်သူများဝယ်ယူကြည့်ရှုနိုင်မည့် DVBT2 Set top Box များ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လည်း ဆုံးဖြတ်ခဲ့ကြပါသည်။

ဇွန်လ ၁၂ ရက်နေ့ မွန်းလွဲပိုင်းတွင် အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ ပြန်ကြားရေးဝန်ကြီးများအစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့မှ ပြန်ကြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များကလည်း ပြန်လည်ဆွေးနွေးကြပါသည်။

ထိုသို့ဆွေးနွေးမှုများအရ အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံတို့အကြား ပြန်ကြားရေးနှင့် မီဒီယာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် အာဆီယံအသိုက်အဝန်း တည်ဆောက်မှုကို အားဖြည့်ပေးနိုင်ခြင်းဖြင့် အာဆီယံပြည်သူများအကြား (People- to- People)နှင့် လူမှုအသိုက်အဝန်းအကြား (Community - to - Community) ထိတွေ့ဆက်ဆံမှုကို တိုးမြှင့်နိုင်မည်ဖြစ်ကြောင်း အလေးအနက်ထား တင်ပြဆွေးနွေးကြပါသည်။

> **"လူမှုတာဝန်သိသော လွတ်လပ်သည့်မီဒီယာဝန်းကျင်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ကောင်းမွန်စွာ တည်ဆောက်နိုင်ခြင်းဖြင့် အာဆီယံအသိုက်အဝန်း တည်ဆောက်ရာတွင် မရှိမဖြစ် အရေးကြီးသည့် ပြည်သူအချင်းချင်းဆက်ဆံရေးနှင့် လူမှုအသိုက်အဝန်းအချင်းချင်း ဆက်ဆံရေးတို့ ပိုမိုဖြစ်ထွန်းလာရေးကို များစွာ အထောက်အပံ့ဖြစ်စေနိုင်"**

အာဆီယံမီဒီယာများအနေဖြင့် စာနယ်ဇင်းလွတ်လပ်ခွင့်ကို လူမှုတာဝန်သိသော မီဒီယာပုံစံဖြင့် ကျင့်သုံးရန်ဆိုသည့်အယူအဆကို ၁၉၈၉ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံပြန်ကြားရေးဆိုင်ရာဝန်ကြီးများ အစည်းအဝေး၏ ကြေညာစာတမ်းတွင် ဖော်ပြပါရှိပြီးဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ အာဆီယံလူမှုအသိုက်အဝန်း တည်ဆောက်မှုဖြစ်စဉ်ကို ပိုမိုကောင်းမွန်စွာဆောင်ရွက်နိုင်ရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ မီဒီယာအနေအထား တိုးတက်လာမှုကို မြှင့်တင်လုပ်ဆောင်ပေးရန် ဖြစ်ပါသည်။

၁၉၈၉ခုနှစ်ကတည်းက အဆိုပါကြေညာစာတမ်းတွင် ထည့်သွင်းဖော်ပြထားခဲ့သော်လည်း ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသေးပါ။ သို့ဖြစ်၍ မီဒီယာလွတ်လပ်ခြင်းနှင့်အတူ တစ်ဖက်မှလည်း မလိုလားအပ်သော ကိစ္စရပ်များဖြစ်သည့် အမုန်းပွားစေသော ရေးသားပြောဆိုမှုများ၊ ခိုင်လုံတိကျမှုမရှိသော တစ်ဖက်စောင်းနင်းဖြစ်သည့် မျှတမှုမရှိသောသတင်းများ အစရှိသည်တို့မှာ မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် တွေ့ကြုံနေရပါသည်။

ထို့အပြင် တိုးတက်လာသည့် နည်းပညာများနှင့်အတူ မီဒီယာအသစ်ဖြစ်သည့် Social Media များတွင်လည်း မည်သူမဆို အဆီးအတားမရှိ သတင်းများရေးသား၍ အချိန်တိုကာလအတွင်း အင်တာနက်မှတစ်ဆင့် ကမ္ဘာအနှံ့ ပျံ့နိုင်သဖြင့် ခိုင်လုံတိကျမှုမရှိသော ဘက်လိုက်သည့် သတင်းများရေးနေခြင်းမှာ လွန်စွာမှ အန္တရာယ်ကြီးမားလှပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၂ ခုနှစ်ကတည်းက လူမှုတာဝန်သိသော မီဒီယာကို မြန်မာနိုင်ငံအတွက် အသင့်တော်ဆုံးဟုဆုံးဖြတ်ခဲ့ကာ UNESCO ၏ Media Indicators ပါစံနှုန်းများကို နိုင်ငံတော်၏ မီဒီယာကဏ္ဍ ရည်မှန်းချက်အဖြစ် ဖော်ဆောင်ရန်ရည်သန်ခဲ့ပြီး လူမှုတာဝန်သိသော မီဒီယာကို အဆိုပါရည်ရွယ်ချက်ပန်းတိုင်သို့ရောက်ရှိရန် ဖော်ဆောင်ပေးမည့် missionအဖြစ် ခံယူကျင့်သုံးလျက်ရှိပါသည်။

"လူမှုတာဝန်သိသောမီဒီယာ"ဆိုသည့် အတွေးအခေါ်ကို ဖော်ဆောင်ခဲ့သူမှာ ချီကာဂို တက္ကသိုလ်၏အကြီးအကဲ Mr. Robert Hutchins ဖြစ်ပြီး သူသည် ၁၉၄၇ ခုနှစ်တွင် "A free and Responsible Press" ဟူသော ခေါင်းစဉ်ဖြင့် လူမှုတာဝန်သိသော စာနယ်ဇင်းပေါ်ပေါက်လာစေရန် လမ်းညွှန်ချက် (၅)ချက်ပါ အစီရင်ခံစာကို ရေးသားခဲ့ပါသည်။ ၁၉၅၆ ခုနှစ်တွင် Mr. Siebert နှင့် အပေါင်းပါ နှစ်ဦးတို့က လူမှုတာဝန်သိသော စာနယ်ဇင်းသီအိုရီကို ပုံစံတကျ ဖော်ထုတ်လာခဲ့ပါသည်။

လူမှုတာဝန်သိသော လွတ်လပ်သည့်စာနယ်ဇင်းတွင် လူပုဂ္ဂိုလ်တစ်ဦးချင်းထက် လူမှုအဖွဲ့အစည်း၏ အကျိုးစီးပွားကိုအဓိကထားသည့် သဘောတရားဖြစ်ပြီး စာနယ်ဇင်းအနေဖြင့် အစိုးရကိုဝေဖန်နိုင်ခြင်း၊ စာနယ်ဇင်းသည် ဒီမိုကရေစီကို ရေရှည်တည်တံ့ရန် စောင့်ရှောက်ရမည့်တာဝန်ရှိသဖြင့် ပြည်သူလူထုအား သတင်းအချက်အလက်များကို တိကျစွာပေးခြင်း၊ လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များ၊ အကျိုးစီးပွားများနှင့် စိတ်ဝင်စားသူများအပေါ် တုံ့ပြန်ပေးခြင်း၊ အများအကျိုးကို ဖော်ဆောင်ရန်တာဝန်ရှိပြီး အရည်အသွေးမြင့်မားသော အစီအစဉ်များကို လုပ်ဆောင်ပေးရခြင်း၊ စာနယ်ဇင်းအနေဖြင့် အထိန်းအကွပ်မဲ့စွာလုပ်ဆောင်မှုကို ခွင့်ပြုထားခြင်းမရှိဘဲ ပြည်သူ့အကျိုးစီးပွားအတွက် ထိန်းညှိဆောင်ရွက်ပေးခြင်း၊ စာနယ်ဇင်းဆိုင်ရာစည်းမျဉ်းဥပဒေများ ရေးဆွဲနိုင်ခြင်း၊ မီဒီယာကို ကုန်ပစ္စည်းတစ်ခုအဖြစ်ရှုမြင်ခြင်းမရှိဘဲ ဒီမိုကရေစီနည်းလမ်းတကျ ထုတ်ဖော်ပြောဆိုခွင့်ဟူသည့် လူအများစု၏ အကျိုးစီးပွားကို ကာကွယ်ပေးသည့်အပြင် သဘောထားအမြင်အမျိုးမျိုးကွဲပြားမှုကို မျှတစွာတင်ပြပေးရန် တာဝန်ရှိခြင်းနှင့် လူနည်းစုအခွင့်အရေးများကို ကာကွယ်ပေးခြင်းစသည့်အချက်များ ပါဝင်ပါသည်။

လူမှုတာဝန်သိသောမီဒီယာတွင် လွတ်လပ်မှုကို ဖော်ဆောင်ရာတွင် လူမှုအသိုင်းအဝိုင်းနှင့် လျော်ညီမှုရှိရန် လိုအပ်ပါသည်။ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှု (Accountability နှင့် Transparency) နှင့် ပတ်သက်၍ လူမှုတာဝန်သိသော မီဒီယာအနေဖြင့် လုပ်ငန်းအတွင်း လုပ်ဆောင်ချက်များ၊ ငွေစာရင်းများကို ပြည်သူများ သိရှိနိုင်ရန် ဆောင်ရွက်ခြင်းနှင့် ပြည်သူများ၏ မကျေနပ်ချက်များကိုတိုင်ကြားနိုင်သည့် နည်းလမ်းများကို ထားရှိခြင်းတို့ကို ဆောင်ရွက်ကြရပါသည်။

သို့ဖြစ်၍ လူမှုတာဝန်သိသော လွတ်လပ်သည့် မီဒီယာဝန်းကျင်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ကောင်းမွန်စွာ တည်ဆောက်နိုင်ခြင်းဖြင့် အာဆီယံအသိုက်အဝန်း တည်ဆောက်ရာတွင် မရှိမဖြစ် အရေးကြီးသည့် ပြည်သူအချင်းချင်း ဆက်ဆံရေး(people-to-people)နှင့် လူမှုအသိုက်အဝန်းအချင်းချင်းဆက်ဆံရေး(community-to-community)တို့ ပိုမိုဖြစ်ထွန်းလာရေးကို များစွာအထောက်အပံ့ ဖြစ်စေနိုင်ပါသည်။

ယခုနှစ်(၁၂)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ ဝန်ကြီးများ အစည်းအဝေး၏ ဆောင်ပုဒ်ဖြစ်သည့် ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီသို့ လူမှုတာဝန်သိသောမီဒီယာဖြင့် လှမ်းချီစို့ဖြင့် ဆွေးနွေးပွဲများကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး အာဆီယံအသိုက်အဝန်းအတွက် လူမှုတာဝန်သိသော မီဒီယာဆိုင်ရာ ကြေညာချက်ကို အောင်မြင်စွာထုတ်ပြန်နိုင်ခဲ့ခြင်းအတွက် ဤဆောင်းပါးကိုရေးသား၍ ဂုဏ်ပြုလိုက်ရပါသည်။ ။

○ **ပြည်သူ့လွှတ်တော်မှ**

စနစ်တကျစိစစ်ခွင့်ပြု ဆောင်ရွက်လျက်ရှိပါကြောင်း။

လယ်ယာလုပ်ငန်းခွင်တွင် ခိုင်းကျွဲ၊ ခိုင်းနွားများ လျော့နည်းလျက်ရှိခြင်း၊ လယ်ယာလုပ်သား ရှားပါးလျက်ရှိခြင်းကြောင့် စက်မှုဝန်ကြီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာန အနေဖြင့် လယ်ယာလုပ်ငန်းတွင် စက်ကိရိယာ အသုံးပြု၍ ထွန်ယက်ခြင်း၊ မြေယာပြုပြင်ခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်း တို့ကို သက်သာသည့်နှုန်းများဖြင့် ဝန်ဆောင်မှုပေးခြင်းနှင့် လယ်ယာသုံးစက်ကိရိယာများကိုလည်း အရစ်ကျစနစ်ဖြင့် ရောင်းချပေးလျက်ရှိပါကြောင်း။

၂၀၁၄ ခုနှစ် ဧပြီလကုန်ထိ တောင်သူလယ်သမားများလက်ဝယ်၌ ထွန်စက်ကြီး (၁၂၀၇၀)စီး၊ လက်တွန်းထွန်စက် (၂၅၈၉၃၀) စီး၊ ရိတ်သိမ်းခြွေလှေ့စက် (၆၆၃)စီးထိ တိုးတက်သုံးစွဲလာနိုင်ပြီ ဖြစ်ပါကြောင်းနှင့် သမဝါယမဝန်ကြီးဌာန အနေဖြင့်လည်း လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ရေးတို့အတွက် အသေးစားအရင်းအနှီး ချေးငွေများ ထုတ်ချေးပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ပုပ္ပါးတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့်၏ **“ဘဏ်ချေးငွေများထုတ်ယူရာ၌ အမှန်တကယ်လယ်လုပ်သူ တောင်သူများမဟုတ်ဘဲ လယ်မလုပ်သူ၊ လယ်မရှိသူများအမည်ဖြင့် ငွေထုတ်ယူထားသူများအား မည်ကဲ့သို့ အရေးယူပေးမည်ကို သိလိုကြောင်း”** မေးခွန်းနှင့် စပ်လျဉ်း၍ ဘဏ်ချေးငွေထုတ်ချေးရာတွင် ချေးငွေမူစနစ်အရ မြို့နယ်ဘဏ်ခွဲသို့ ငွေချေးသူကိုယ်တိုင် လာရောက်ချေးယူရမည်၊ ပေးဆပ်ရမည်ဟု သတ်မှတ်ညွှန်ကြားထားပြီး ဖြစ်ပါကြောင်း၊ ချေးငွေချေးယူရန် တင်ပြထားသော တောင်သူလယ်သမားများအနေဖြင့် ငွေချေးရန်ဘဏ်ရုံးသို့ ခေါ်ယူသည့်နေ့တွင် ကိုယ်တိုင်ကိုယ်ကျ လက်မှတ်ရေးထိုးပြီး (၁၀) ဦး အစုအဖွဲ့အလိုက် ချေးငွေစာချုပ်တွင် တစ်ဦးချင်းကိုယ်တိုင် လက်မှတ်ရေးထိုး ထုတ်ယူရခြင်းဖြစ်ပါကြောင်း။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ငွေချေးစည်းကမ်းသတ်မှတ်ချက်အရ လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိပြီးသူ (သို့မဟုတ်) အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်ကြောင်း သက်ဆိုင်ရာဌာန၏ ထောက်ခံချက်၊ ချေးငွေစိစစ်ရေးအဖွဲ့၏ လယ်မြေပိုင်ဆိုင်ကြောင်းနှင့် အမှန်တကယ် စိုက်ပျိုးကြောင်း ထောက်ခံချက်များ တင်ပြနိုင်သူကိုသာ ဘဏ်ကချေးငွေထုတ်ချေးခြင်း ဖြစ်ပါကြောင်း၊ မိမိက ချေးငွေမယူဘဲ မိမိအမည်ဖြင့် တစ်စုံတစ်ဦးက ချေးငွေ လိမ်လည်ထုတ်ယူပါက သက်ဆိုင်ရာ မြို့နယ်ဘဏ်ခွဲသို့ တင်ပြတိုင်ကြားနိုင်ပါကြောင်း။

လယ်မလုပ်သူ၊ လယ်မရှိသူကို

ပို့ဆောင်ရေး ဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဦးဟံစိန်။

ဘီးလင်းမဲဆန္ဒနယ်မှ
ဒေါက်တာ စိုးမိုးအောင်။

ငွေထုတ်ချေးခြင်း ခွင့်မပြုကြောင်းနှင့် စစ်ဆေးတွေ့ရှိပါက တာဝန်ရှိထောက်ခံသူ၊ ချေးငွေချေးသူကိုပါ ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာ စိုးမိုးအောင်၏ **“ဘီးလင်းမြစ်ကြောင်းအား စနစ်တကျ ထိန်းသိမ်းရန် မည်ကဲ့သို့စီမံထားသည်နှင့် ပြန်လည်တူးဖော်ရန် သက်ဆိုင်ရာမှ မည်သို့စီစဉ်ထားသည်ကို သိလိုပါကြောင်း”** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က ဘီးလင်းမြစ်သည် ကရင်ပြည်နယ် ဖာပွန်မြို့နယ်မှ စတင်မြစ်ဖျားခံစီးဆင်းပြီး ထိုမှတစ်ဆင့် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဘင်ဘန်းကျေးရွာမှဖြတ်သန်းစီးဆင်း၍ ဇုက္ကလိကျေးရွာအောက်တွင် မုတ္တမပင်လယ်ကွေ့သို့ စီးဝင်သည့် မြစ်ဖြစ်ပါကြောင်း။

ဘီးလင်းတံတားအထက်ပိုင်းတွင် မြစ်ကွေ့ကောက်မှု နည်းပါးသော်လည်း ဘီးလင်းတံတားအောက်ပိုင်းတွင် မြစ်ကွေ့ကောက်မှုများပြီး မြစ်ဖျားပိုင်းတွင် သတ္တုတူးဖော်မှုများ ဆောင်ရွက်မှုကြောင့် သဲနုန်းပို့ချမှုများကာ ဘီးလင်းမြစ်တိမ်ကောလာခြင်း၊ ရေဝေရေလဲ ဧရိယာအတွင်း သစ်တောများ ပြုန်းတီးလာ၍ မိုးရေကို ထိန်းသိမ်းနိုင်မှု အားနည်းခြင်းတို့ကြောင့် မြစ်ကြောင်းကို အဓိကထား လုပ်ကိုင်စားသောက်နေကြရသူများသည် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးစသည့်ကိစ္စရပ်များတွင် များစွာပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နေသဖြင့် ဘီးလင်းမြစ်ကြောင်းအား စနစ်တကျထိန်းသိမ်းရန် ဘီးလင်းမြစ်ကြောင်းတိုင်းတာခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပြီး နတ်ကြီးကျေးရွာမှ ဒိုဝန်းကျင် ကျေးရွာအထိနှင့် ဒိုဝန်းမှ ဇုက္ကလိ ကျေးရွာအောက်အထိ သောင်တူးဖော်ခြင်း လုပ်ငန်းကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မေလက ရဲစခန်းပဲရိုးရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် မရမ်းကုန်းရေနုတ်မြောင်း ပြန်လည်တူးဖော်ခြင်း၊ သိမ်ငူရေနုတ်မြောင်းတူးဖော်ခြင်းနှင့် မုသင်-လိပ်ခုံ ဖြတ်ရိုး ရေနုတ်မြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဘီးလင်းမြစ်ရေ ရေစီးရေလာကောင်းမွန်ရေးအတွက် မြစ်အတွင်း စီးဝင်သည့် ဆက်စပ်ချောင်းများ ရေအလျင်အမြန်ထုတ်နိုင်ရန် ရေနုတ်မြောင်း တူးဖော်ပေးနိုင်ရေးအတွက် တိုင်းတာတွက်ချက်ခဲ့ပြီး မခွေးရေကျော် ရေနုတ်မြောင်းတူးဖော်ခြင်း၊ ကဇိုင်းကြီးရေနုတ်မြောင်း တူးဖော်ခြင်း၊ မုသင်ရေနုတ်မြောင်းတူးဖော်ခြင်း၊ ခန်းမ-အုတ်ဖိုရေနုတ်မြောင်းတူးဖော်ခြင်းနှင့် တောင်ကလေးရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ရန်ပုံငွေတင်ပြတောင်းခံထားပါကြောင်း၊ ရရှိထားသည့် ရန်ပုံငွေအရ မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးများဖြစ်သည့် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ကြောင်းများ ဖွံ့ဖြိုးရေးလုပ်ငန်းများ အတွက်သာ ပါဝင်သဖြင့် ဘီးလင်းမြစ်ကြောင်း ထိန်းသိမ်းရေး လုပ်ငန်းများအား ပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ယင်းနောက် တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ တင်သွင်းသည့် **“အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီနှင့် သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်းတို့က ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးကြရာ လွှတ်တော်မှ သဘောတူသဖြင့် ယင်းဥပဒေတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ယင်းနောက် မွန်းတည့် ၁၂နာရီတွင် အစည်းအဝေးကို ရပ်နားလိုက်ပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို ဇွန် ၂၃ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

❖ **အမျိုးသားလွှတ်တော်မှ**

အလုပ်ရှင်၊ အလုပ်သမားဖြစ်ပွားသည့် ပြဿနာများမှာ အလုပ်သမားများအနေဖြင့် လုပ်ခလစာတိုးမြှင့်ပေးရေး အဓိကတောင်းဆိုသည်ကို တွေ့ရှိရပါကြောင်း၊ ဖြစ်ပေါ်ခဲ့သည့် ဆန္ဒဖော်ထုတ်မှုများသည် အလုပ်ရှင်၊ မန်နေဂျာနှင့် အလုပ်သမားအကြား နားလည်မှုလွဲမှားမှုများ၊ လူမှုရေးဆိုင်ရာနှင့် ဥပဒေပါခံစားခွင့်များ ရရှိလိုသည်ကို တွေ့ရှိရပါကြောင်း။

အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို အလုပ်ရှင်နှင့် အလုပ်သမားများကြားတွင် မဖြစ်မနေချုပ်ဆိုရန် ပြဋ္ဌာန်းထားပါကြောင်း၊ စာချုပ်အရ အလုပ်ရှင်များအနေဖြင့် အလုပ်သမားများ၏ အကျိုးခံစားခွင့်များကို အပြည့်အဝဆောင်ရွက်ပေးရန် တာဝန်ယူရသကဲ့သို့ အလုပ်သမားများဘက်မှလည်း လုပ်ငန်းခွင်အေးချမ်းသာယာရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်စေရေးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

ဆန္ဒပြတောင်းဆိုမှုမပြုလုပ်သည့် စက်ရုံများကို လေ့လာကြည့်ပါက အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို လုပ်သားအားလုံး သိရှိစေရန်အတွက် ဖြန့်ဝေပေးထားခြင်း၊ အုပ်ချုပ်သူနှင့် အလုပ်သမားများအကြား နွေးထွေးစွာဆက်ဆံပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြေရှင်းခြင်း၊ လုပ်သားများ၏ အခက်အခဲကို ချက်ချင်းညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ လုပ်သားအချင်းချင်းစည်းလုံးညီညွတ်မှု ရှိစေရန် အုပ်ချုပ်သူများက ညှိနှိုင်းဆွေးနွေးခြင်း၊ အထက်ဝန်ထမ်းများအား ဆက်ဆံရာတွင် ရိုင်းပျသည့် စကားလုံးများမသုံးရန် ကြပ်မတ်ဆောင်ရွက်ခြင်း၊ နိုင်ငံခြားသားပညာရှင်များက လုပ်သားများကို ကောင်းမွန်စွာပြောဆိုဆက်ဆံခြင်း၊ စက်ရုံအပေါ် လုပ်သားတစ်ဦးချင်း ကျေနပ်မှုနှုန်းကို အမည်မဖော်သည့်စနစ်ဖြင့် တင်ပြစေခြင်း၊ အလုပ်သမားအဖွဲ့အစည်းများနှင့် အလုပ်သမားကိုယ်စားလှယ်များထားရှိပြီး အခက်အခဲများရှိပါက ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ အလုပ်သမားများထံမှ မည်သည့်ငွေကြေးမှ ကောက်ခံခွင့်မပြုခြင်း၊ အကြံပေးစာတိုက်ပုံးများထားရှိခြင်း၊ နယ်မှလာသည့်ဝန်ထမ်းများအား အဆောင်ပေး၍ အစားအသောက် စီစဉ်ပေးခြင်း၊ စက်ရုံ၏ ထုတ်လုပ်မှုအခြေအနေကို ကြေညာပေးခြင်း၊ ၆ လ တစ်ကြိမ် ယူနီဖောင်း (၃)စုံစီစဉ်ပေးခြင်း၊ သတ်မှတ်အလုပ်ချိန်အတိုင်းခိုင်းစေခြင်း၊ အချိန်ပိုချိတ်ဆက်ပေးခြင်း၊ အရေးပေါ်ကိစ္စရပ်များအတွက် ခွင့်ပေးခြင်း၊ အလုပ်လုပ်ရက်နှင့် နားရက်များကို ညှိနှိုင်းကာ လုပ်သားများ ဘုရားဖူးထွက်ရန် စီစဉ်ပေးခြင်း၊ သာရေးနာရေးကိစ္စများတွင် ထောက်ပံ့ပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ စက်ရုံပျော်ပွဲရွှင်ပွဲကို နှစ်စဉ်ကျင်းပပေးခြင်း၊ ရက်မပျက်ဆုကြေးပေးခြင်း၊ ကံစမ်းမဲဖောက်ပေးခြင်း၊ လုပ်သက်ရင့် ဝန်ထမ်းများအား လုပ်သက်ဆုချီးမြှင့်ခြင်း၊ အမှတ်တရလက်ဆောင်ပေးခြင်း၊ လိုင်းဆုကြေးနှင့် ထုတ်လုပ်မှု ကောင်းသည့်လများတွင် လုပ်သားများအား အစားအသောက် စီစဉ်ပေးခြင်း၊ အားကစားပြုလုပ်နိုင်ရန် စီစဉ်ပေးခြင်း၊ စက်ရုံလုပ်သားများကို အခမဲ့စစ်ဆေးပေးခြင်း၊ ဆေးဝါးနှင့် ကုသစရိတ်ထောက်ပံ့ပေးခြင်း၊ ဖြစ်ပေါ်လာသည့်ပြဿနာများကို ကြီးသည့်အမှုငယ်ပြီးငယ်သည့်အမှု ပပျောက်စေရေးနှင့် အလုပ်သမားများ၏ ယုံကြည်မှုရရှိရေးဆောင်ရွက်ပေးနေသည်ကို တွေ့ရှိရပါကြောင်း၊ အချိန်ပိုခိုင်းစေခြင်း၊ ရက်စားအနားပေးခြင်းတို့ကို ခွင့်ပြုချက်နှင့်အညီ လုပ်ကိုင်မှုမရှိသည့် စက်ရုံများအား ခံဝန်လက်မှတ်ရေးထိုးစေပြီး ဆက်လက်ဖောက်ဖျက်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုလျက်ရှိပါကြောင်း။

အလုပ်သမား၊ အလုပ်အကိုင်နှင့်
လူမှုဖူလုံရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဦးထင်အောင်

ရန်ကုန်တိုင်းဒေသကြီး
မဲဆန္ဒနယ် အမှတ်(၈)မှ
ဒေါက်တာမြင့်ကြည်။

ဆင်းရသည့်ရက်များတွင် အင်အားဖြည့် အစားအစာများ စီစဉ်ပေးခြင်း၊ ကျွမ်းကျင်မှုအပေါ် မူတည်ပြီး သင့်တင့်မျှတသည့် လစာစီစဉ်ပေးခြင်း၊ အခြားအလုပ်ရုံများ လစာတိုးသည့်သတင်းရပါက လုပ်သားများ မတောင်းဆိုမီ လစာတိုးပေးခြင်း၊ လစာတိုးပေးခြင်းကို ၆ လတစ်ကြိမ် သို့မဟုတ် နှစ်စဉ်ပုံမှန်နှုန်း သတ်မှတ်တိုးပေးခြင်း၊ ထူးချွန်ဝန်ထမ်းများအား ရာထူးတိုးပေးခြင်း၊ လစာတိုးပေးခြင်း၊ ငွေကြေးအခက်အခဲရှိသည့် ဝန်ထမ်းများအား ချေးငွေလုပ်ငန်းနှင့်

၂၀၁၄ခုနှစ် ဇန်နဝါရီလမှ မေလအထိ စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမားရေးရာ ပညာပေး သင်တန်း (၁၆၇)ကြိမ်နှင့် စီမံခန့်ခွဲသူနှင့် အလုပ်သမားနှစ်ရပ်ပေါင်း (၅၉၃၃)ဦးကို ဆွေးနွေးပို့ချပြီး လက်ကမ်းစာစောင်၊ ပညာပေးပိုစတာနှင့် လက်စွဲစာစောင်များကို အခါအားလျော်စွာ ဖြန့်ဝေပေးပါကြောင်း၊ အလုပ်ရှင်၊ အလုပ်သမား အသိပညာပေး ဟောပြောဆွေးနွေးပွဲများကို ပြုလုပ်နေသည့်အပြင် အလုပ်သမားရေးရာ အငြင်းပွားမှုပြဿနာများ အများဆုံးဖြစ်ပွားသည့် စက်ရုံ၊ အလုပ်ရုံများကို ဦးစားပေးပြီး စက်ရုံအရောက် အသိပညာပေး ဟောပြောဆွေးနွေးမှုများ ပြုလုပ်ပေးနေပါကြောင်း၊ အုပ်ချုပ်သူများကို စနစ်တကျစီမံအုပ်ချုပ်တတ်စေရန် အသိအမြင်တိုးမြှင့်ရေးသင်တန်း ပို့ချနေပါကြောင်း။

အလုပ်သမားများကို ပြောင်းလဲနေသောအခြေအနေ ဒေသဆိုင်ရာနှင့် နိုင်ငံတကာစံနှုန်း သတ်မှတ်ချက်များ၊ ILO ပြဋ္ဌာန်းချက်များနှင့်အညီ ကာကွယ်စောင့်ရှောက်မှု ပေးနိုင်ရန် လက်ရှိဥပဒေများကို စိစစ်၍ ပြင်ဆင်ရေးဆွဲခြင်းနှင့် အသစ်ရေးဆွဲခြင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၃ ခုနှစ် အနည်းဆုံးအခကြေးငွေ ဥပဒေအရ အနည်းဆုံးအခကြေးငွေ နှုန်းထား သတ်မှတ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကို အသိစိတ်ဓာတ်ခံယူချက်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းမိန့်ကြားခဲ့သော “လွတ်လပ်ရေးရတာနဲ့ လမ်းပေါ်မှာ ဆေးရိုးလှန်း” ဆိုသကဲ့သို့ ဒီမိုကရေစီဆိုသည်ကို တိတိကျကျ မသိရှိသေးသောကြောင့် ဒီမိုကရေစီရင့်ကျက်မှု လိုအပ်နေ၍ ယခုကဲ့သို့ အခက်အခဲပြဿနာများကို ကြုံတွေ့နေရသည်ဟု ယူဆမိပါကြောင်း၊ မြန်မာပြည်သူများသည် ဒီမိုကရေစီ သက်တမ်းနုသေးခြင်းကြောင့် ဒီမိုကရေစီနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် အသိပညာပေးမှုများနှင့် သင်ကြားမှုများ ပြုလုပ်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီပြည့်ပြည့်ဝဝဖြစ်ရန်အတွက် အချိန်အတိုင်းအတာတစ်ခုပေးရမည်ဖြစ်ပါကြောင်း၊ အလုပ်ရှင်၊ အလုပ်သမားပေါင်းစည်းညီညွတ်မှုရှိစေရန် ဝန်ကြီးဌာနအနေဖြင့် ကြိုးပမ်း ဆောင်ရွက်နေပါကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းကဏ္ဍတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်၏ **“ASEAN နိုင်ငံများ၏ ရွှေ့ပြောင်းလုပ်သားများအတွက် မူဝါဒအရ မြန်မာနိုင်ငံမှ ရွှေ့ပြောင်း အလုပ်သမားများကို သက်ဆိုင်ရာတိုင်းပြည်များမှ ဆောင်ရွက်ပေးရန် တိုက်တွန်းဆွေးနွေးမှုများ ရှိ/မရှိ ”**မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထင်အောင်က အာဆီယံ ကြေညာစာတမ်းတွင် ပါရှိသည့် ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလုပ်သမားစေလွှတ်သည့်နိုင်ငံနှင့် လက်ခံသည့် နိုင်ငံက အစိုးရ၊ အလုပ်ရှင် အဖွဲ့အစည်းများ၊ အလုပ်သမား အဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများအကြား ရွှေ့ပြောင်းအလုပ်သမားများရင်ဆိုင်နေရသည့် အခက်အခဲများကို ဖြေလျှော့နိုင်ရန် ကောင်းမွန်လုံခြုံစိတ်ချရသည့် လုပ်ငန်းခွင်ဖြစ်စေရန်၊ ခွဲခြားဆက်ဆံမှုမရှိစေရန်နှင့် ခေါင်းပုံဖြတ် မခံရစေရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်း ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ကာအကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်ခြင်းဆိုင်ရာမူဝါဒကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း။

ပြည်ပတွင်ရောက်ရှိ အလုပ်လုပ်ကိုင်နေသည့် မြန်မာအလုပ်သမားများကို သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ၊ အခွင့်အရေးများရရှိစေရန် ကာကွယ်စောင့်ရှောက်ပေးခြင်းနှင့် ပြည်ပတွင်ရောက်ရှိ အလုပ်လုပ်ကိုင်နေကြပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ပြန်လာလိုသည့် အလုပ်သမားများကို ပံ့ပိုးကူညီပေးနေပါကြောင်း၊ ထိုင်းနိုင်ငံတွင် ရောက်ရှိနေသည့် အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားများကို အထောက်အထားများ ထုတ်ပေးခဲ့ပါကြောင်း၊ အလားတူ မလေးရှားနိုင်ငံရောက် အထောက်အထားမဲ့ မြန်မာအလုပ်သမားများကို မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရန်နှင့် အလုပ်လုပ်ကိုင်ခွင့် ခွင့်ပြုမိန့်များရရှိစေရန် ဆောင်ရွက်နေပါကြောင်း။

ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်သည့် ကိစ္စရပ်များကို တစ်လတစ်ကြိမ် ပုံမှန်ဆွေးနွေးမှုများ ဆောင်ရွက်နေပါကြောင်း၊ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများအတွက် သက်ဆိုင်ရာ ပြည်ပနိုင်ငံများအနေဖြင့် ဆောင်ရွက်ပေးရန်များနှင့် ပတ်သက်၍ ဆွေးနွေးတိုက်တွန်းမှုများရှိပါကြောင်းနှင့် သက်ဆိုင်ရာနိုင်ငံများနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်နေပါကြောင်း ဖြေကြားသည်။

(သတင်းစဉ်)

အောင်လံမြို့၌ မြန်မာနိုင်ငံသားများဘဏ်လီမိတက် ဘဏ်ခွဲဖွင့်

နေပြည်တော် ဇွန် ၂၀

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၉ နာရီတွင် အောင်လံမြို့ ပြည်လမ်းမကြီး၌ ကျင်းပသည့် မြန်မာနိုင်ငံသားများ ဘဏ်လီမိတက် (အောင်လံ) ဘဏ်ခွဲအဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဘဏ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ဘဏ်အတွင်းကြည့်ရှုကြသည်။

ယင်းနောက် မြန်မာနိုင်ငံသားများဘဏ်က လူမှုရေးအသင်းအဖွဲ့များအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပေါင်းတည်မြို့ ရွှေတောင်လမ်းရှိ ပြည့်စုံအောင်မြင် အဆင့်မြင့်ပေါင်းဆန်စက်ရုံနှင့် မင်းလှမြို့၌ ရွှေဝါရောင်ဆန်စက် တည်ဆောက်နေမှုတို့ကို ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသမီးသံဓာတ်အားဖြည့်ဆေး ပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၂၀

မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်အယ်လ်ခွန်းရီ၊ အတွင်းရေးမှူး ဒေါ်နန်းအေးခိုင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပလျက်ရှိသော ၂၀၁၄ ခုနှစ် ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ရေး နည်းစနစ်၊ နည်းပြနှင့်ဒိုင်သင်တန်းရှိ သင်တန်းသူများအတွက် သံဓာတ်အားဖြည့်ဆေး Ferrovit ပေးအပ်လှူဒါန်းရာ သင်တန်းသူများက လက်ခံကြသည်။**(အပေါ်ပုံ)**

အဆိုပါ အမျိုးသမီးသံဓာတ်အားဖြည့် Ferrovit ဆေးများအား ၂၀၁၅ ခုနှစ် စင်ကာပူနိုင်ငံတွင် ကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် စခန်းသွင်းလေ့ကျင့်လျက်ရှိသော မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်တို့မှ လက်ရွေးစင်အမျိုးသမီးအားကစားသမားများအတွက် ပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်ပင်စိုက်လေ ဘိုးဘွားအမွေ

- ဥတုရာသီ
တောကိုမှီ၏။
သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာမှာ
သာယာလှပစိမ်းမြမြ။
- သစ်တောနှင့်သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး။
- တိုးတိုးကလေးရွတ်၊ အနှစ်ဖြစ်ခါ
အချစ်ပိုတိုး၊ ကိုယ့်ဘိုးဘွားတွေ
ပေးခဲ့အမွေကို၊ သာခုတွေခေါ်၊ ရှင်ပျော်မိ။
- အသံချဲ့၍၊ ရွတ်လေ့ရှိရာ
ပို၍သာလျှင်၊ သစ်ပင်ချစ်စိတ်
မျိုးချစ်စိတ်က၊ ထွတ်ထိပ်မြင့်ခေါင်
စွမ်းအားဆောင်သို့၊ လူ့ဘောင်ကောင်းကျိုး
သယ်ပိုးလိုငြား၊ ဘိုးဘွားဂုဏ်ရည်
ထိန်းရာမည်ဖို့၊ ရှင်လို့ပျော်လို့၊ မြူးထူးလို့
သစ်ပင်မျိုးစုံစိုက်ကြစို့---------။

တက္ကသိုလ်စိုးယဉ်

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၁-၆-၂၀၁၄ (စနေနေ့)

၆း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၂၅	ကျန်းမာဖို့အတူကစားစို့
၆း၃၀	သံသာချိုအေးမင်္ဂလာတေး
၆း၄၅	"ဆုထူးတွေပန်ရှယ် ယက္ကန်းစင်တောင်သေလာဦးငယ်"
၁၁း၃၅	ချစ်စရာ့အရွယ်ကစားကြမယ်
၃း၃၀	၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် (ဟွန်ဒူးရပ်စ်အသင်းနှင့် အီကွေဒေါအသင်း)
၅း၃၀	ငယ်မူဟန်ပန်သူ့ဆိုဟန် (မာမာအေး)(အပိုင်း-၂)
၈း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ

မြန်မာနိုင်ငံ ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီအား ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီအမည်သို့ ပြောင်းလဲခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၂၁/၂၀၁၄)
၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်
(၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၀ ရက်)

မြန်မာနိုင်ငံ ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီအား ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီအမည်သို့ ပြောင်းလဲခွင့်ပြုခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ မှတ်ပုံတင်အမှတ်(၈)ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်သည့် **မြန်မာနိုင်ငံရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ** သည် ယင်းပါတီ၏အမည်ကို **ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ** အမည်သို့ ပြောင်းလဲအသုံးပြုလိုကြောင်း ဤကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းပါတီ၏တင်ပြချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စိစစ်ပြီး ပါတီ၏အမည်ကို ပြောင်းလဲခွင့်ပြုရန် သဘောတူပါသဖြင့် **မြန်မာနိုင်ငံ ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီ**အား ၂၀-၆-၂၀၁၄ ရက်နေ့မှစ၍ **ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီ** အမည်ဖြင့် ပြောင်းလဲသတ်မှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ

(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကမ္ဘာ့အိုလံပစ်နေ့အထိမ်းအမှတ် မသန်စွမ်းအားကစားပြိုင်ပွဲများကျင်းပမည်

ရန်ကုန် ဇွန် ၂၀

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ်တို့ စီစဉ်မှုဖြင့် ဝှီးချဲယားလေးဘီးနှင့် သုံးဘီးပြိုင်ပွဲ (ကျား/မ) ကို ဇွန် ၂၃ ရက် သုဝဏ္ဏအားကစားပြိုင်ဝင်း(၂) စက်ဘီးအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

ညဏ်ရည်မမီသူများ တစ်ဖက်ငါးယောက် ဘောလုံးပြိုင်ပွဲများကိုလည်း ဝှီးချဲယားပြိုင်ပွဲအပြီးတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲဝင်မသန်စွမ်း အားကစားသမားများသည် ဇွန် ၂၃ ရက် နံနက် ၆ နာရီအရောက် သုဝဏ္ဏအားကစားပြိုင်ဝင်း (၂) စက်ဘီးအားကစားကွင်းသို့လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(ကြေးမုံ)

အနက်ပေ ၅၀၀ ရှိ ရွှေအင်းအတွင်း အင်းလုပ်သားများ ပြုတ်ကျ သုံးဦးသေဆုံး၊ ခုနစ်ဦးဒဏ်ရာရ

သပိတ်ကျင်း ဇွန် ၂၀

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ငါးမိုင်ကျေးရွာ ရွှေပြည်သာကုမ္ပဏီဝင်းအတွင်းမှ ရွှေသိန်းသန်း ကုမ္ပဏီရွှေလုပ်ကွက်တွင် ဇွန် ၁၈ ရက် နံနက် ၆ နာရီခန့်က အင်းဝအကျယ် ၁၃ ပေပတ်လည်၊ အင်းအနက်ပေ ၅၀၀ ရှိ ရွှေအင်းအတွင်း အသုံးပြုသည့်ဝင့်စင်မှာဘရိတ်ပေါက်ပြုတ်ကျပြီး အင်းလုပ်သားများအား ထိခိုက်မိကာ အင်းအတွင်းပြုတ်ကျရာသုံးဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိကြောင်း သိရသည်။

ရွှေအင်းအတွင်းသို့ ပြုတ်ကျသည့် အင်းလုပ်သားကျော်လင်းအောင် (၂၃) နှစ် ခြောက်မိုင်ကျေးရွာ၊ ဇော်လင်း (၃၅)နှစ် လိပ်ကျကျေးရွာ၊ ဦးငြိမ်းမောင်(၆၃) နှစ် လိပ်ကျကျေးရွာ သပိတ်ကျင်းမြို့နယ်နေသူတို့သည် ရရှိသောဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင်ပင် သေဆုံးသွားခဲ့ပြီး ဒဏ်ရာရရှိသူ ခုနစ်ဦးအား နီးစပ်ရာကျောက်ကြီးဆေးရုံတွင် တက်ရောက်ကုသလျက်ရှိရာ စိုးရိမ်ဖွယ်ရာမရှိကြောင်း သိရသည်။

သေဆုံးသူ သုံးဦးအား ရဲဆေးစာဖြင့် သပိတ်ကျင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စစ်ဆေးပြီး ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်၊ မဟုတ် စစ်ဆေးအရေးယူပေးရန် စခန်းမှူး ဒုရဲမှူးသန်းဌေးက တရားလိုပြုလုပ်တိုင်တန်းရာ သပိတ်ကျင်းမြို့မ ရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် (၁၃/၂၀၁၄) ရေးဖွင့်ကာ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

မဏ္ဍိုင်(သပိတ်ကျင်း)

❁ မြောက်ဦးမှ

မြောက်ဦးမြို့သည် အရှေ့ဘက်တွင် မင်းပြားမြို့နယ်၊ အနောက်ဘက်တွင် ပုဏ္ဏားကျွန်းမြို့နယ်နှင့် ကျောက်တော်မြို့နယ်၊ တောင်ဘက်တွင် ပေါက်တောမြို့နယ်၊ မြောက်ဘက်တွင် ကျောက်တော်မြို့နယ်နှင့် ပလက်ဝမြို့နယ်တို့ရှိသည်။ ဧရိယာ စတုရန်းမိုင် ၄၉၀ ဒသမ ၉၇မိုင် (၁၃၄၂၂၄ ဧက) ကျယ်ဝန်းသည်။

မြို့ပေါ်ရပ်ကွက် ခုနစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၉၄ အုပ်စု၊ ကျေးရွာခွဲ ၂၄၈ ရွာဖြင့် ဖွဲ့စည်းထားသည်။ မြို့ပေါ်ခုနစ်ရပ်ကွက်တွင် လူဦးရေ ၃၇၀၁၈ ဦး၊ ဝန်းကျင်ကျေးရွာနေ ၁၈၅၈၅၀ ဦး စုစုပေါင်း ၂၂၂၈၆၈ ဦး နေထိုင်လျက်ရှိသည်။

လျှပ်စစ်မီးရရှိမှုအနေဖြင့် တော်ဝင်ထူးလင်းကုမ္ပဏီပိုင်ဖွဲမီးစက်ဖြင့် နံနက် ၅ နာရီမှ ည ၁၂ နာရီအထိ တစ်ရက်လျှင် ၁၉ နာရီ ဓာတ်အားပေးလျက်ရှိသည်။ ဓာတ်အားခမှာ တစ်ယူနစ်လျှင် ၄၅၀ ကျပ်ဖြစ်သည်။ ရခိုင်ပြည်နယ်အတွင်း မဟာဓာတ်အားလိုင်းမှ ဓာတ်အားပေးနိုင်ရေးအတွက် နိုင်ငံတော်မှ စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် မြောက်ဦးမြို့တွင် လျှပ်စစ်မီးရရှိတော့မည်ဖြစ်သည်။

စစ်တွေမှ မြောက်ဦးသို့ ကားလမ်းအရှည် ၉၃ မိုင်ရှိသည်။ ကားလမ်းမှာ သင့်တင့်ကောင်းမွန်ပြီး လေးနာရီခန့်မောင်းနှင်ရသည်။ ကျောက်တော်မြို့အနီးတွင် မဟာမုနိစက်ရုပ်ရှင်တော်မြတ်ကို ဖူးမြော်နိုင်သည်။ ထိုမှတစ်ဆင့် ဓညဝတီမြို့ဟောင်း၊ ဝေသာလီမြို့ဟောင်းများကို လေ့လာနိုင်သည်။ စစ်တွေမှ မြောက်ဦးသို့ ကုလားတန်မြစ်ကြောင်းအတိုင်း ရေလမ်းခရီးရှိပြီး ရေမိုင် ၄၄ မိုင်ကွာဝေးသည်။ အောင်ကျော်မိုးသင်္ဘောသည် စစ်တွေမှမြောက်ဦးသို့ တနင်္လာ၊ ကြာသပတေး၊ စနေနေ့များတွင် ထွက်ခွာပြီး မြောက်ဦးမှ စစ်တွေသို့ အင်္ဂါ၊ သောကြာ၊ တနင်္ဂနွေနေ့များတွင် ထွက်သည်။ သင်္ဘောခကျပ် ၃၀၀၀ ပေးရသည်။ ရွှေပြည်တန် အမြန်ရေယာဉ်မှာ စစ်တွေမှ မြောက်ဦးသို့ တနင်္ဂနွေ၊ ဗုဒ္ဓဟူးနေ့တွင်ထွက်ပြီး မြောက်ဦးမှ စစ်တွေသို့ တနင်္လာ၊ ကြာသပတေးနေ့တွင် ထွက်သည်။ သုံးနာရီခန့် စီးရသည်။ အထူးတန်း ၅၀၀၀ကျပ်၊ ရိုးရိုးတန်း ၃၀၀၀ ကျပ်ဖြစ်သည်။

မြောက်ဦးမြို့တောင်ဘက် နှစ်မိုင်ခန့်ကွာဝေးသည့် ဘောင်းဒွတ်ကျေးရွာအုပ်စု၊ အောင်တပ်ရပ်ကွက်တွင် မြောက်ဦးလေဆိပ်ဟောင်းရှိသည်။ ပြေးလမ်းအရှည်ပေ ၂၅၀၀၊ အကျယ်ပေ ၁၀၀ ရှိပြီး ယခင်က ဒါကိုတာလေယာဉ်များ ဆင်းသက်ရန် တည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။ ၁၉၇၄ ခုနှစ်တွင် နောက်ဆုံး အသုံးပြုခဲ့ပါသည်။ အပေ့ါစား လေယာဉ်ငယ်များ ဆင်းသက်နိုင်ရန်အတွက် ပြုပြင်ရန်ကွင်းဆင်းတိုင်းတာခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုဒေသ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းရေးဆွဲလုပ်ဆောင်လျက်ရှိပါသည်။ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရာတွင် ထိရောက်မြန်ဆန်စေရေးအတွက် ဌာနဆိုင်ရာလုပ်ငန်းအဖွဲ့၊ ပုဂ္ဂလိကလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

မြောက်ဦး ရှေးဟောင်းယဉ်ကျေးမှုဒေသ ပြုပြင်ထိန်းသိမ်းခြင်းအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ်အစိုးရခွင့်ပြုငွေကျပ် ၅၄ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည်။

ရွှေဂူတောင်စေတီ ပြုပြင်ထိန်းသိမ်းခြင်း၊ မဟာဝိဇယျရံသီစေတီပြုပြင်ထိန်းသိမ်းခြင်း၊ ခတ္တိယစေတီထိန်းသိမ်းခြင်း၊ မုတ်ဆိတ်တော် ပိဋကတ်တိုက်ထိန်းသိမ်းခြင်း၊ မြင်းခုန်တန်းစေတီထိန်းသိမ်းခြင်း၊ ဓညဝတီမြို့ဟောင်းတူးဖော်ခြင်း၊ ဝေသာလီမြို့ဟောင်းတူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြောက်ဦးမြို့တွင်း သန့်ရှင်းလှပစေရေးအတွက် မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်တစ်စီး၊ စည်ပင်ဝန်ထမ်း ၂၁ ဦးဖြင့် ဆောင်ရွက်လျက်ရှိသည်။ ၁- ၃-၂၀၁၄ ရက်မှစတင်ကာ အပတ်စဉ် စနေနေ့တိုင်း မြို့လုံးကျွတ်သန့်ရှင်းရေးဆောင်ရွက်လျက်ရှိသည်။ လိုအပ်သည့်စက်သုံးဆီကို မြောက်ဦးဟိုတယ်ဇုန်မှ ကူညီထောက်ပံ့ပေးပါသည်။

မြောက်ဦးမြို့လျှပ်စစ်မီးရရှိရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်မှ ကျပ် ၉၆၇၈ ဒသမ ၉၉၄ သန်း အကုန်အကျခံ ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆက်သွယ်ရေးလုပ်ငန်းများ ကောင်းမွန်ရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်မှ ကျပ် ၁၀၄၅ ဒသမ ၇ သန်း အကုန်အကျခံဆောင်ရွက်သွားမည်ဖြစ်သည်။

စစ်တွေ-မြောက်ဦးလမ်း ၉၃ မိုင် အဆင့်မြင့်တင်ခြင်းအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၀၁၆ သန်းအသုံးပြုခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်လမ်းခင်းခြင်းအတွက် ကျပ် ၅၆၈၁၆ သန်း လျာထားသတ်မှတ်ထားကြောင်း သိရှိရပါသည်။ ရခိုင်ပြည်နယ်တစ်ခုလုံးတွင်ရှိသော ဘုရားအဆူအရေအတွက်ကို "သဇင်ပန်းခိုင် တမြိုင်မြိုင် ရခိုင်ဘုရားပေါင်း"ဟု စာဆိုရှိသည်။ အရေအတွက်မှာ "သဇင်ပန်းခိုင်" ကိုသာယူပြီး တမြိုင်မြိုင်မှာ ကာရံယူထားခြင်းဖြစ်သည်။ ထို့ကြောင့် ရခိုင်ပြည်နယ်တစ်ခုလုံးတွင် ဘုရားအရေအတွက်မှာ ၆၃၅၂ ဆူဖြစ်သည်။ မြောက်ဦးမြို့ရှိ အဆူအရေအတွက်ကို "အုန်းပွင့်ပန်းခိုင် တလိုင်လိုင်"ဟု စာဆိုရှိသည်။ ထို့ကြောင့် မြောက်ဦးရှိဘုရားအရေအတွက်မှာ ၁၅၅၂ ဆူဖြစ်သည်။



မြောက်ဦးမြို့ရှိ မာရ်(၅)မာရ်စေတီများကို တစ်ဆက်တည်းဖူးလျှင် ဆုတောင်းပြည့်သည်ဟု ဆိုကြသည်။ ဇိနမာရ်အောင်စေတီ၊ လောကမာရ်အောင်စေတီ၊ ရတနာမာရ်အောင်စေတီ၊ သကျမာရ်အောင်စေတီ၊ မင်္ဂလာမာရ်အောင်စေတီတို့ဖြစ်သည်။ ကားလမ်းများပြုပြင်ရန်လိုအပ်သည့်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မာရ်(၅)မာရ်သွား ကားလမ်းပြုပြင်ရန် ခန့်မှန်းကုန်ကျငွေကျပ်သန်း ၆၄၀ တင်ပြထားပြီးဖြစ်ပါသည်။

မာရ်(၅)မာရ်သွားလမ်းမပေါ်တွင် သာယာလှပသည့် လက်ဆည်ကန်ကို ကြည့်ရှုနိုင်သည်။ သျှစ်သောင်းပုထိုးတော်ကြီး၊ ထုက္ကန့်သိမ်ပုထိုးတော်ကြီးများကို ဖူးမြော်နိုင်သည်။ ဗန္ဒုလရပ်ကွက်ရှိ ဗန္ဒုလကျောင်းတိုက်တွင် သပ္ပာယ်လှစွာသော ထူးခြားသည့် သမိုင်းနောက်ခံရှိသည့် "စန္ဒမုနိဆင်းတုတော်ကြီး"ကို ဖူးမြော်နိုင်သည်။ ဗန္ဒုလကျောင်းတိုက်ရှိ ဗုဒ္ဓပြတိုက်တွင် ထူးခြားသောဗုဒ္ဓဆင်းတုတော်များ၊ "နွေမိုးဆောင်း" ဗုဒ္ဓဆင်းတုတော်များ၊ အလျား ၈ ပေ ၉ လက်မ၊ အနံ ၃ ပေ ၆ လက်မ၊ ဒု ၀ ဒသမ ၃ လက်မခန့်ရှိ မြောက်ဦးနန်းတော်မှ ကြေးနီအမိုးပြား၊ ရှေးအမြောက်ကျည်များကို ဖူးမြော်လေ့လာနိုင်သကဲ့သို့ မြောက်ဦးမြို့ပေါ်တွင် နန်းတော်ကုန်း၊ ရှေးဟောင်းမြို့ရိုးနှင့် ပြတိုက်ကို လေ့လာနိုင်ပါသည်။

မြောက်ဦးမှအမ်းမြို့အထွက် ၄၅ မိနစ်ခန့် ကားစီးသွားလျှင် လောင်းကြက်ရွာဟောင်းရောက်သည်။ ရွာဟောင်းမှအရှေ့ဘက် မိုင်ဝက်ခန့် လောင်းကြက်တောင်ပေါ်တွင် ထူးခြားသော **"လောင်းကြက်"**ကျောက်စာရှိသည်။ အေဒီ ၁၁၂၃ ခုနှစ်တွင် ကောလိယမင်းအလှူကြီးပေးစဉ် ဆုတောင်းစာနှင့် အလှူကို ဖျက်ဆီးမည့်သူများအတွက် ကျိန်စာများပါဝင်သည်။ ကျောက်စာမှာ အလျား ၆၅ ပေ၊ အမြင့် ၂၁ ပေ၊ ဒု ၁၅ ပေခွဲရှိသည်။ နှစ်ကာလရှည်ကြာ၍ အပေါ်ကျောက်လွှာပဲ့ကျသွားသော်လည်း အတွင်းကျောက်သား၌ မူလကျောက်စာအတိုင်း ကျန်ရှိနေခြင်းက ထူးခြားလှပေသည်။

မြောက်ဦးမြို့အရှေ့ဘက် ငါးမိုင်ခန့်အကွာတွင် လေးမြို့မြစ်ရှိပါသည်။ မြစ်ကြောင်းတစ်လျှောက် ထူးခြားသည့် သဘာဝအလှများရှိသည်။ ပရဲထိုးထားသည့် ချင်းတိုင်းရင်းသားရွာများကို သွားရောက်လေ့လာနိုင်သည်။

လေးမြို့မြစ်ကို ရခိုင်ဘုရင်များလက်ထက်က **"အဥ္စနနဒီ"** ဟုခေါ်တွင်ခဲ့သည်။ အဓိပ္ပာယ်မှာ **"မင်္ဂလာရှိသောမြစ်"** ဖြစ်သည်။ မြစ်၏ ပတ်ဝန်းကျင်တွင် မြို့(လေး)မြို့ ပေါ်ထွန်းခဲ့သည်ကို အစွဲပြု၍ **"လေးမြို့မြစ်"**ဟု ခေါ်သည်။ ချင်းပြည်နယ်၊ မတူပီမြို့မှ ၁၉ မိုင်ခန့်အကွာ ချင်းတောင်တန်း ပေ ၅၅၅၀ ခန့်မြင့်သော **"ဘုံတလှာ"** ရေတံခွန်မှ မြစ်ဖျားခံပြီး မြောက်မှ တောင်သို့ စီးဆင်းသည်။ အရှည် ၁၄၄ မိုင်ခန့် ရှည်လျားပြီး ချင်းပြည်နယ်တစ်ဝက်၊ ရခိုင်ပြည်နယ်တစ်ဝက် ဖြတ်သန်းစီးဆင်းသည်။ မြောက်ဦးမြို့နှင့် ငါးမိုင်ခန့်ကွာဝေးပြီး မင်းပြားမြို့အနီးတွင် **"ရာမောင်မြစ်"** အဖြစ် လည်းကောင်း၊ မြေပုံမြို့အနီးတွင် **"မင်းကြောင်းမြစ်"**အဖြစ်လည်းကောင်း အမည်ခံကာ ဘင်္ဂလားပင်လယ်အော်အတွင်းသို့ စီးဝင်သည်။

နိုင်ငံခြားသားခရီးသွားဧည့်သည်များသည် မြောက်ဦးမြို့မှ အရှေ့ဘက် ငါးမိုင်ခန့်ဝေးသည့် ပိုးဖြူကျွန်းသို့ မော်တော်ယာဉ်ငယ်များဖြင့် သွားရောက်ကာ ထိုမှတစ်ဆင့် စက်လှေငယ်များဖြင့် မြစ်ကြောင်းတစ်လျှောက် ကြည့်ရှုလေ့လာလေ့ရှိကြပါသည်။ ရခိုင်တိုင်းရင်းသားကျေးရွာများအားဖြတ်ကာ ခြိတ်ချောင်း (ချင်းရွာ) ရောက်သည်နှင့် ပျမ်းမျှရေအနက်မှာ သုံးပေခန့်သာရှိပါသည်။ ရေမှာ သန့်ရှင်းကြည်လင်နေပြီး ရေအောက်ရှိ ကျောက်ပြားဝိုင်းများကို မြင်တွေ့ရပါသည်။

မြစ်ပြင်တစ်လျှောက် လှေငယ်များကိုဆွဲကာ ကျောက်ထုတ်၊ ကျောက်ငုပ်နေသည့် မြင်ကွင်းမှာ တစ်မူထူးခြားလှပါသည်။ မြစ်၏ဘေးဘယ်၊ ညာတွင် လေးမြို့တောင်တန်းရှိသဖြင့် ခရီးစဉ်တစ်လျှောက် စိမ်းလန်းနေသော သဘာဝတောတောင်များကို မြင်တွေ့ရသည်။ ဒေသခံများ၏ ဥယျာဉ်၊ တောင်ယာ၊ စိုက်ခင်းများ၊ ဝါးထုတ်လုပ်ငန်းများကို လေ့လာကြည့်ရှုနိုင်သည်။ မြစ်ပြင်တစ်လျှောက် အမြဲတမ်းတိုက်ခတ်နေသည့် လတ်ဆတ်သည့် လေနုအေးသည် ခရီးသည်များ၏ စိတ်ကို ရွှင်လန်းကြည်နူးစေပါသည်။ မြစ်ပြင်ကျယ် ဘေးတစ်ဖက်တစ်ချက်တွင်ရှိသည့် စိမ်းလန်းသော တောင်တန်းများက တောသဘာဝ၏ အရသာကို ထိတွေ့ခံစားနိုင်သည်။ ချင်းရွာများရှိ ပရဲထိုးအမျိုးသမီးများကို ကြည့်ရှုလေ့လာခြင်းဖြင့် ချင်းတိုင်းရင်းသားတို့၏ ဓလေ့ထုံးစံများကို သိရှိလေ့လာနိုင်သည်။

လေးတူ ချင်းတိုင်းရင်းသူလေးများမှာ အသက်(၇)နှစ်၊ (၉)နှစ် အသားနုချိန်တွင် ပရဲထိုးရပါသည်။ ပရဲထိုးဆရာကို လက်ခအဖြစ် ယခင်က ငွေဒင်္ဂါး တစ်ကျပ်ပေးရသည်။ သမီး မွေးဖွားလာသည်နှင့် အရွယ်ရောက်က ပရဲထိုးနိုင်ရန် မိဘများက ငွေဒင်္ဂါးတစ်ကျပ်ကို ကြိုတင်စုစောင်းထားရသည်။

ပရဲထိုးဆရာသည် အပ်နှစ်ချောင်းဖြင့် တစ်နေ့နှင့် တစ်မွန်းတည့်ထိုးရသည်။ လက်နှင့်ထိုး၍ ပရဲထိုးဆရာကို လက်သမားဟုခေါ်သည်။ ပရဲထိုးပြီး ချဉ်ရည်ဟင်း၊ ငါး၊ အသားရှောင်ရသည်။ ၁၉၆၀ ဝန်းကျင်တွင် ပရဲထိုးခြင်းအလေ့အထမရှိတော့ပါ။ ပရဲထိုးဆရာ လက်သမားများမှာလည်း အသက်ကြီး၍ ကွယ်လွန်သွားကြပြီဖြစ်ပါသည်။ ပရဲထိုးတတ်သူများလည်း မရှိတော့ပါ။ ပရဲထိုးခြင်းရည်ရွယ်ချက်မှာ ချင်းတိုင်းရင်းသူများသည် တောင်ပေါ်သူများဖြစ်၍ အသားအရေလှပကြပါသည်။ တော်ကောက်မည်စိုးသောကြောင့် မျက်နှာကို ပရဲထိုးခြင်းဖြစ်သည်ဟု ပြောကြ သည်။ လေးမြို့မြစ်တစ်လျှောက် လေးတူချင်းနှင့် စောင်တူချင်းဟူ၍ လူမျိုးစု နှစ်စုရှိပါသည်။

လေးတူချင်းလူမျိုးများမှာ တောင်ပေါ်တွင်သာနေသည်။ မြေပြန့်တွင် နေထိုင်ခြင်းမရှိ။ လေးတူချင်းအမျိုးသမီးများ၏ နဖူးအလယ်တည့်တည့်တွင် ပရဲပင့်ကူအိမ်ပုံစံ (Spider web) တစ်ထပ်သာရှိသည်။ ကောက်ကြောင်းကြဲသည်။ ယောကျ်ားကို အဓိကထားသည့် မုဆိုးမျိုးနွယ်စုဖြစ်သည်။ ယောကျ်ားလေးမွေးက ကလေး၏ ညာဘက်တွင် လေးနှင့်မြားကို ထားပေးရသည်။ မိန်းကလေးမွေးက စပါးထောင်းဆုံနှင့် ကျည်ပွေ့ထားပေးရသည်။ ယောကျ်ားက အမဲလိုက်၍ မိန်းမက တောင်ယာလုပ်ရသည်။

စောင်တူချင်းလူမျိုးများကို မင်းပြား၊ မြေပုံ၊ ရမ်းဗြဲ၊ ပေါက်တောမြို့နယ်များတွင် တွေ့ရသည်။ မြေပြန့်တွင်နေ၍ (Sea Chin) ဟုခေါ်သည်။ ငါးဖမ်းခြင်း၊ လယ်ယာစိုက်ပျိုးခြင်းဖြင့် အသက်မွေးကြသည်။ စောင်တူချင်းအမျိုးသမီးများ၏ နဖူးအလယ်တည့်တည့်တွင် ပရဲပင့်ကူအိမ်ပုံစံနှစ်ထပ်ပါရှိသည်။ ကောက်ကြောင်းစိပ်သည်။

သမိုင်းပညာရှင်များ၏ အဆိုအရ ပရဲထိုးပုံခွဲခြားထားခြင်းမှာ လူမျိုးစုချင်း ခွဲခြားထားခြင်းသာဖြစ်သည်။

မြောက်ဦးမြို့တွင် ထင်ရှားသည့် သျှစ်သောင်းပုထိုးတော်ကြီးမှာ ရခိုင်ဘုရင် မင်းဗာကြီးသည် ဗင်္ဂါလောင်းစစ်ကို အောင်ပြီးလျှင် သက္ကရာဇ် ၈၉၇ ခုနှစ်တွင် လက်ယာရစ်လှည့်ပတ်လျက် အကောက်အကွေ့များစွာဖြင့်စီရင်အပ်သော လိုဏ်ခေါင်းကြီးထဲတွင် သျှစ်သောင်းလေးထောင်သော ရုပ်တုတော်တို့ကို ထုလုပ်လှူဒါန်းတော်မူခဲ့သည်။ ပုထိုးတော်ကြီးကို သျှစ်သောင်းပုထိုးတော်ကြီးဟူ၍လည်းကောင်း၊ ပေါ်တူဂီရန်ကိုအောင်မြင်သဖြင့် **"ရန်အောင်ဇေယျပုထိုးတော်ကြီး"** ဟူ၍လည်း ခေါ်တွင်စေခဲ့သည်။

အံတော်သိမ်ပုထိုးတော်ကြီးမှာ သျှစ်သောင်းပုထိုးတော်ကြီး၏ မြောက်ဘက် ပေ ၁၀၀ ခန့် အကွာတွင်ရှိသည်။ မင်းဗာဘုရင်၏ မြေးတော် မင်းရာဇာကြီးသည် သက္ကရာဇ် ၉၅၈ ခု၊ ခရစ်နှစ် ၁၅၉၆ တွင် ပုထိုးတော်ကြီးကိုတည်ပြီး အံတော်ဓာတ်ကို ဌာပနာခဲ့သည်။ အံတော်ဓာတ် ဌာပနာခဲ့သောကြောင့် အံတော်သိမ်ပုထိုးတော်ကြီးဟု ခေါ်သည်။

ထုက္ကန့်သိမ်ပုထိုးတော်ကြီးမှာ သျှစ်သောင်းဘုရားအနောက်ဘက် ပေ ၃၀၀ အကွာ တောင်ကုန်း ပေါ်တွင်ရှိသည်။ ဘုရင်မင်းဖလောင်းနှင့် မိဖုရားကြီးရှင်လတ်တို့က သက္ကရာဇ် ၁၅၇၁ ခုနှစ်တွင် တည်ထားခဲ့သည်။ မင်းဖလောင်းအုပ်စိုးစဉ် တိုင်းပြည်မငြိမ်မသက်ဖြစ်နေ၍ သူငယ်ချင်းများက ပြည်ပြိုက ထုက္ကန်၊ အိမ်အိုကကျားကန်ဟုပြောဆိုခဲ့၍ ထုက္ကန်သိမ်ပုထိုးတော်ကြီးဟု ခေါ်တွင်ခဲ့သည်။

ဘုရားပေါ်စေတီမှာ သက္ကရာဇ် ၉၆၅ တွင် မြောက်ဦးထီးနန်းကို မင်းရာဇာကြီးဆက်ခံခဲ့သည်။ သမီးတော်(ပန်းသန္ဓာ) ဖွားမြင်သည်။ တံငါသူကြီးပိုက်ဆွဲရာမှ ဘုရားတစ်ဆူရွှေစည်းဝတွင် တွေ့သည်။ ကြိုးများချည်နှောင်၍ လူအများ ဆွဲတင်သော်လည်း ဆင်းတုတော်မှာ ရေထဲမှ ပေါ်လာခြင်းမရှိချေ။ မင်းကြီးသည် သမီးတော်ကို ရွှေစည်းဝသို့ယူဆောင်ပြီး မြပုခက်ဆင်လျက် ရွှေတမုတ်ကြိုးမျှင်ကို သမီးတော်၏ ညာလက်ဝယ်တစ်စ၊ ဘုရားဆင်းတုတော်၏ ပလ္လင်တွင် တစ်စရစ်ပတ်ပြီး ဧယင်ကျူးပုခက်လွှဲပင့်ဆောင်သောအခါ ဆင်းတုတော်မှာ ရေမှာပေါ်ပြီး တရွှေ့ရွှေ့ ကြွတော်မူခဲ့သည်။ ကမ်းနဖူးဝယ်လိုဏ်ဂူကြီးတည်ဆောက်ကိန်းဝပ်စံပယ်တော်မူခဲ့ပြီး ဘုရားပေါ်စေတီဟု ဘွဲ့အမည်ရခဲ့ပါသည်။

ကိုးသောင်းပုထိုးတော်ကြီးမှာ နန်းတော်ကုန်း၏အရှေ့ဘက် တစ်မိုင်ခွဲခန့်အကွာတွင် တည်ရှိသည်။ သက္ကရာဇ် ၉၁၅ မင်းဗာဘုရင် နတ်ရွာစံပြီး အိမ်ရှေ့သားတော် မင်းဒိုက္ကာ (တိက္ခာ) ထီးနန်းစိုးစံသည်။ မင်းတိက္ခာနာမကျန်းဖြစ်၍ ဟူးရားတို့က ခြောက်လအကြာတွင် နတ်ရွာစံမည်။ အသက်ရှည်လိုလျှင် ကိုးနဝင်းချေရမည်ဟုလည်း လျှောက်ထားသည်။ နန်းတော်၏ အရှေ့အရပ်၌ ကိုးသောင်းပုထိုးတော်ကြီးကို သက္ကရာဇ် ၉၁၅ တွင် ခြောက်လနှင့်အပြီး တည်ခဲ့သည်။ မင်းကြီး အနာရောဂါကင်းရှင်းခဲ့ပြီး ထီးနန်းကို သုံးနှစ်အုပ်စိုးပြီးမှ နတ်ရွာစံသည်။

ရခိုင်ဘုရင်များ ထီးနန်းစိုက်ခဲ့သည့် ယခင်က မြို့ဟောင်းမြို့ဟုခေါ်တွင်ခဲ့သော မြောက်ဦးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် စေတီပုထိုးများကို ဖူးမြော်ကြည်ညို လိုရာဆုတောင်းနိုင်ကြပြီး ရခိုင်၊ ချင်းတိုင်းရင်းသားညီအစ်ကိုများ၏ ဓလေ့ထုံးတမ်းများကို ခံစားနားလည်နိုင်ကြစေရန် **"မြောက်ဦးမြို့ကို ရောက်ဖူးအောင်လာခဲ့ပါ"** ဟု ဖိတ်ခေါ်ကြိုဆိုလိုက်ရပါသည်။ ။

မူးယစ်ဆေးကြောင့် လမ်းမှားမရောက်ရန် စာစီစာကုံးပြိုင်ပွဲများ ပြုလုပ်ပေး

ရန်ကုန် ဇွန် ၂၀

ကျောင်းသားကျောင်းသူလူငယ်များအနေဖြင့် မူးယစ်ဆေးဝါးကြောင့် လမ်းမှားမရောက်စေရေး ရည်ရွယ်ချက်ဖြင့် စာစီစာကုံးပြိုင်ပွဲများကိုပြုလုပ်ပေးနေခြင်းဖြစ်ကြောင်း ပုဇွန်တောင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်စန္ဒာမိုးက ပြောသည်။

အဆိုပါရည်ရွယ်ချက်အပြင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကိုလည်း ဇွန် ၁၉ ရက်တွင် ပုဇွန်တောင်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်ပညာရေးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပခဲ့ရာ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၄ ဦး၊ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ၁၄ ဦး စုစုပေါင်း ၂၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

"အခုလိုဖြေဆိုယှဉ်ပြိုင်တဲ့ ကျောင်းသားကျောင်းသူတွေထဲက အထက်တန်းအဆင့်မှာ ပထမ၊ ဒုတိယ၊ တတိယဆုတွေ၊ အလယ်တန်းအဆင့်မှာ ပထမ၊ ဒုတိယ၊ တတိယဆုတွေကို ချီးမြှင့်သွားမှာဖြစ်ပါတယ်" ဟု ယင်းပုဂ္ဂိုလ်က ရှင်းပြသည်။ ထိုပြိုင်ပွဲတွင်ဆုရရှိသော ကျောင်းသားကျောင်းသူများကို လာမည့် ဇွန် ၂၆ ရက်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ပညာ့ဗိမာန်စာကြည့်တိုက်ခန်းမတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(၆၈၀)

○ နိုင်ငံတကာမှ

မြန်မာအသင်းသည် ခြေစမ်းပွဲများအဖြစ် ဇွန် ၂၈ ရက်တွင် သုဝဏ္ဏကွင်း၌ ဂျေလိဂ်ကလပ် ဆီရီဇို အိုဆာကာအသင်း၊ ဇူလိုင် ၂ ရက်တွင် ဗီယက်နမ်လက်ရွေးစင်အသင်းနှင့် ဗီယက်နမ်နိုင်ငံတွင် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

ပဏာမလက်ရွေးစင်အသင်းတွင် နည်းပြချုပ် အေဗရာမိုဗစ်၊ လက်ထောက်နည်းပြ ဇီကိုဗစ်နှင့် ဦးစိုးမြတ်မင်း၊ ဂိုးနည်းပြ ဒီနို၊ ကစားသမားများအဖြစ် ဂိုး-သီဟစည်သူ(ရတနာပုံ)၊ ကျော်ဇင်ဖြိုး (မကွေး)၊ ဗန်လားဟရွှယ်(နေပြည်တော်)၊ ရန်အောင်လင်း (ဟံသာဝတီ)၊ နောက်တန်း-ဇော်မင်းထွန်း၊ သက်နိုင်(ရတနာပုံ)၊ အောင်ဇော်၊ ခင်မောင်လွင်(ရန်ကုန်)၊ သိန်းဇော်(ဇွဲကပင်)၊ နေမျိုးအောင်(GFA)၊ ဇန်ဘိုထွန်း(မနောမြေ)၊ အလယ်တန်း-ရန်အောင်ကျော်၊ အောင်မိုး၊ ကြည်လင်း(ရန်ကုန်)၊ မင်းမင်းသူ၊ နေလင်းထွန်း၊ နိုင်လင်းဦး(ဧရာဝတီ) အောင်ရှူးသာမောင်(မကွေး)၊ အောင်ကျော်နိုင်(နေပြည်တော်)၊ ကျော်ဇေယျာဝင်း(ကမ္ဘောဇ)၊ ရန်အောင်ဝင်း(ရတနာပုံ)၊ ရှေ့တန်း-ရန်ပိုင်၊ ကောင်းစည်သူ(ရတနာပုံ)၊ စိုးမင်းဦး(ကမ္ဘောဇ)နှင့် ကျော်ကိုကို(ရန်ကုန်)တို့ ပါဝင်ကြသည်။

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း၏ (၂၄) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ

နေပြည်တော် ဇွန် ၂၀

နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ပြုလုပ်သည့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၂၄) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ကျင်ခိုင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးစန်းက မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၂၄) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းများ ဆောင်ရွက်မှုအပေါ် အားနည်းချက်၊ အားသာချက်များ သုံးသပ်ထားမှုအခြေအနေများနှင့် အတွင်းရေးမှူးဒေါ်မိမိစိုးက မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၂၄) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင်ချမှတ်သည့် ဆုံးဖြတ်ချက်ခြောက်ချက်နှင့် ရှေ့လုပ်ငန်းစဉ် ၁၇ ရပ်တို့ကို ဖတ်ကြားရှင်းလင်းခဲ့ကြသည်။

ထို့နောက် နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ကျင်ခိုင်က မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို) မှ CNC နှင့် ညွှန်းပို့စရိတ်များအတွက် ထောက်ပံ့သည့်ငွေကျပ်သိန်း ၅၀ ကိုနေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌထံ ပေးအပ်သည်။

ယင်းနောက် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ ဂုဏ်ပြုထိုက်သည့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များအား နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးစန်းက ဂုဏ်ပြုလက်ဆောင်များချီးမြှင့်ပေးခဲ့သည်။ ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် ခရိုင်/ မြို့နယ်များမှ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ဓနုဖြူမြို့နယ်တွင် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

ဓနုဖြူ ဇွန် ၂၀

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေအား ဇွန် ၆ ရက်မှစတင်ထုတ်ချေးလျက်ရှိရာ ဇွန် ၁၀ ရက်တွင် ကျိုက္ကလွန်ဗွန်းဘုရားအတွင်းရှိ ဦးဖိုးရွှေတန်ဆောင်း၌ မြို့နယ်စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်ပွဲကို ကျင်းပခဲ့ရာ အဆိုပါ အခမ်းအနားသို့ မအူပင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်း၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိန်မောင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးလှမြင့်နှင့် မြို့နယ်မန်နေဂျာ ဦးအောင်မျိုးသန်းတို့တက်ရောက်၍ ချေးငွေလုပ်ငန်းနှင့်ဆက်စပ်သော လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါအခမ်းအနား၌ ကျေးရွာအုပ်စုများတွင် အစောဆုံးပြေကျေသော ကျေးရွာလေးအုပ်စုအား မိုးစပါးချေးငွေ ကျပ် ၁၄၉၇ သိန်းကို ထုတ်ချေးပေးခဲ့ပြီး ဓနုဖြူမြို့နယ်အတွင်းရှိ ကျေးရွာ ၆၃ အုပ်စုမှ မိုးစပါးစိုက်ဧကများအတွက် ချေးငွေကျပ်သိန်း ၆၀၀၀၀ ကျော်ကို သတ်မှတ် ကာလအတွင်း အပြီးထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝင်းမြင့်ကျော်)

ခိုးယူလာသည့် ရွှေထည်ပစ္စည်းများ မော်လမြိုင်တွင် ဖမ်းဆီးရမိ

မော်လမြိုင် ဇွန် ၂၀

မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်နေယုဆန်း၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်စိုးမြင့်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် သက်သေများဖြစ်သည့် မန္တလေး ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ ဆယ်အိမ်စုမှူး ဦးကိုကိုနိုင်၊ ဦးအောင်ဇော်ဝင်းတို့နှင့်အတူ ဇွန် ၁၇ ရက်ည ၁၁နာရီက စခန်းပိုင်နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် အောက်ကျင်းရပ်ကွက် ဒိုင်းဝန်ကွင်းလမ်းဆုံ၌ မသင်္ကာဖွယ်ရာတွေ့ရှိသူ မောင်ပု(ခ)ဂျပု၊သန်းထွန်း၊ ကျော်သူဦးနှင့် ဝင်းနိုင်တို့လေးဦးကို စစ်ဆေးရှာဖွေခဲ့သည်။ ထိုသို့ ရှာဖွေစစ်ဆေးရာ မောင်ပု(ခ) ဂျပု ဝတ်ဆင်ထားသော (i-MAX) အမျိုးအစား မိုးကာအင်္ကျီအိတ်အတွင်းမှ ရွှေဆွဲကြိုးသုံးကုံးကို တွေ့ရှိရာ ပိုင်ဆိုင်ကြောင်း ခိုင်လုံသည့် အထောက်အထားမပြနိုင်သဖြင့် ရဲအုပ်နေယုဆန်းနှင့်အဖွဲ့က ဆက်လက်စစ်ဆေးဖော်ထုတ်ရာ ဘားအံမြို့နယ် သာမညကျေးရွာ (၁၃) ရပ်ကွက် ကျောက်စိမ်းတောင်လမ်းနေ ဒေါ်ဉမ္မာ (နန်းချစ်ရတနာရွှေဆိုင်ပိုင်ရှင်)၏ နေအိမ်မှ ရွှေထည်ပစ္စည်းမျိုးစုံ ၃၁ မျိုး (ရွှေချိန် ၄၃ ကျပ် ငါးပဲသား) စုစုပေါင်း ကာလတန်ဖိုး ၂၃၄၂၃၅၀၀ နှင့် ငွေစက္ကူရောရာ ကျပ် ၁၃၆၀၀၀ ပျောက်ဆုံးမှုမှ ပြစ်မှုကျူးလွန်ခဲ့သူများ ဖြစ်ကြောင်း သိရသည်။

သိန်းလှိုင်(မော်လမြိုင်)

အတွေး၊ အရေး → မိမိအောင်

ခုတ်ကြ၊ လှဲကြ၊ မိုးဦးကျ

မေလကုန်ပိုင်းနှင့် ဇွန်လဆန်းပိုင်း မိုးကြိုကာလတွင် မိုးဦးလေဦးသဘာဝအရ လေပြင်းတိုက်မှုနှင့်မိုးသည်းထန်စွာ ရွာသွန်းမှုတို့ နိုင်ငံအနှံ့အပြားတွင် ဖြစ်ပွားခဲ့ပြီးဖြစ်သည်။

လေပြင်းကြောင့် အိမ်အမိုးများလန်ခြင်း၊ သစ်ပင်ကြီးများနှင့် ဓာတ်တိုင်များ၊ ဆိုင်းဘုတ်များပြိုလဲခြင်းများ ဖြစ်ပွားသည်ကို သတင်းစာစာမျက်နှာများပေါ်တွင် ဖတ်ခဲ့ရပြီးဖြစ်သည်။

သဘာဝတရားကြောင့် ပျက်စီးခဲ့ရသော အဖိုးတန်သော အိမ်များ၊ ယိမ်းယိုင်ပြိုလဲခဲ့သော ဓာတ်မီးတိုင်နှင့် ဆိုင်းဘုတ်များ အဆောက်အအုံများသည် ရက်ပိုင်းအတွင်း ပြုပြင်ခြင်းခံရကာ အခြေမပျက် ပြန်လည်တည်ဆောက်နိုင်သော်လည်း လေပြင်းထန်၍ အမြစ်လန်လဲရသော သစ်ပင်ကြီးငယ်တို့မှာကား ထင်းဘဝသို့ သက်ဆင်းရလေပြီ။

နာဂစ်မုန်တိုင်း မတိုက်ခတ်မီက ရန်ကုန်မြို့တော်တစ်ဝန်းတွင် အရိပ်ရပင်အတော်များများ ရှိခဲ့သည်ကို အမှတ်ရပြီး နာဂစ်အလွန်တွင် အရိပ်အနေကျဲပါးသွားသော မြို့၏အခြေအနေကို မြို့သူ မြို့သားတိုင်း သတိမထားဘဲ မနေနိုင်ဖြစ်ခဲ့ကြပြီးဖြစ်သည်။

နာဂစ်မုန်တိုင်းအတွင်းက ကံကောင်းထောက်မစွာ မလဲမပြို၊ ကျန်ရစ်ခဲ့သော ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းနှင့် လမ်း(၅၀)(၅၂)လမ်းထိပ်များအတွင်းရှိ သစ်ပင်အိုကြီးအချို့ ယခုနှစ် မိုးရာသီတွင် လေပြင်းဒဏ်ကြောင့် ပြိုလဲကျရပြန်သည်။ လူသူအချို့ ထိခိုက်ဒဏ်ရာရကြသည်။ ယင်းနေရာဝန်းကျင်တွင် ရုံးတက်ရုံးဆင်းလုပ်နေရသူ မိမိအဖို့ အရိပ်အာဝါသ လွင့်ပြယ်ခဲ့ပြန်သည်။

ယင်းသစ်ပင်ကြီးနှစ်ပင် ပြိုလဲပြီးမှ အဆိုပါနေရာတစ်ဝိုက်တွင် ကျန်ရှိရသော ပင်ပျိုပင်လတ်အချို့ကို မှတ်သားရေတွက်၍ မျက်စိထဲစွဲနေအောင် ကြည့်မိသည်။

(၅၂)လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၏ သတင်းစာတိုက်ရှေ့မှ တမာပင်ကြီးတစ်ပင် ထီးထီးကြီးတွေ့ရ၏။ ယင်းပလက်ဖောင်းဘက်ခြမ်းသည် ယာဉ်ရပ်နားရာနေရာများ ပြုပြင်ချဲ့ထွင်နေ၍ မလွတ်မလပ် သစ်ပင်တန်းကို ဇိဝိန်ခြွေခဲ့သည်မှာလည်း မေလထဲတွင်ပင်ဖြစ်သည်။

နောက်တစ်နေ့ ရုံးအတက်အလာတွင် ယင်းတစ်ပင်တည်းသော တမာပင်မှာ ပြိုလဲရခဲ့လေပြီ။ လွန်ခဲ့သောလပိုင်းအတွင်းက စိမ်းစိုအုံ့မှိုင်းမှုအသင့်အတင့်ရှိသည့် လမ်းသွယ်သုံးခုကြားက စကြိုလမ်းလေးမှာ လွင်တီးခေါင်ဖြစ်ပြီ။ ယင်းသို့ဖြစ်ရသည်မှာ သဘာဝတရားနှင့် လူတို့ တစ်လှည့်စီညှဉ်းပန်းမှုကြောင့်ပင်။

သက်မဲ့သဘောရှိသော သဘာဝတရားကြောင့် သစ်ပင်တို့ပြိုလဲရမှုကို သက်ရှိလူသားတို့က တတ်နိုင်သလောက် တားဆီးကာကွယ်ရင်း လူ့ပယောဂကြောင့် အရိပ်ရသစ်ပင်များ အလဟဿ မဆုံးရှုံးရစေအောင်လည်း စီမံလုပ်ဆောင်သင့်ပေသည်။ အကျိုးတစ်ခုကြောင့် အဆိုတစ်ခုကိုလည်း သတိထားသင့်သည်။

တည်ဆောက်ရေးလုပ်ငန်းကြောင့်လည်းကောင်း၊ ဓာတ်တိုင်၊ ဓာတ်ကြိုးနှင့် မလွတ်၍လည်းကောင်း မဖြစ်မနေ ခုတ်လှဲခဲ့ရသည့် အခြေအနေမျိုးကိုမဆိုလိုပါ။ ရှောင်ရှားချန်လှပ်၍ရပါလျက် အဆင်အခြင်မဲ့ ခုတ်လှဲခံရသော အရိပ်အာဝါသပေးသည့် သစ်ပင်များအတွက်ကား မည်သို့မျှ အစားပြန်မရနိုင်တော့ပေ။

လေးလံသော ခြေလှမ်းများဖြင့် လွင်တီးခေါင်၌ ရပ်တည်နေသော အုတ်တိုက်အဆောက်အအုံသို့ လှမ်းတက်ခဲ့သည်။ ပထမထပ် ပြတင်းပေါက်မှာ အကာအကွယ်မဲ့ စူးရှလွန်းသော နေရောင်နှင့် ဟင်းလင်းပွင့်နေ၏။ မနေ့က အစိမ်းရောင်ကန့်လန့်ကာ တစ်ချပ်နှယ် အကာအကွယ်ပေးခဲ့သော တမာပင်ကိုယ်ထည် အပိုင်းအစတို့ကား ကွန်ကရစ်တစ်ခြမ်း၊ ကတ္တရာတစ်ဝက်နှစ်ခြမ်းစပ်ကမ်းပေါ်တွင် အပိုင်းပိုင်း အထစ်ထစ်။ တစ်ပင်တည်းသော တမာပင်၌ သိုက်မြုံခိုလှုံနေထိုင်နေသော စာကလေးငယ်များ ဘယ်သို့ပြောင်းရွှေ့လေပြီမသိ။

ရုံးစာတစ်စောင်ရေးရန် ပြက္ခဒိန်ကို လှမ်းကြည့်လိုက်တော့ ဇွန် ၁၈ ရက်။ ဩော် ရှေ့လဆို သစ်ပင်စိုက်ပွဲတော်တွေကျင်းပမည့် ဇူလိုင်လပေမယ့် ဘာကြောင့်များ သစ်ပင်စိုက်ပွဲတော်ကို သတိရမိသည်မသိ။ စိုက်ကြပျိုးကြ ဇူလိုင်လ မတိုင်ခင်မှာ ခုတ်ကြ လှဲကြ မိုးဦးကျပေါ့ဟု မှတ်ချက်ပေး၍. . . ။

ကျန်းမာရေးအာမခံနှင့် ပတ်သက်၍ ဆေးတက္ကသိုလ်(၁)ရန်ကုန် စစ်တမ်းကောက်ယူ

ရန်ကုန် ဇွန် ၂၀

ဆေးတက္ကသိုလ်(၁) ရန်ကုန် နောက်ဆုံးနှစ်အပိုင်း(က) ကျောင်းသားကျောင်းသူများ၏ ကျန်းမာရေးအာမခံနှင့် ပတ်သက်၍ ပြည်သူ့သဘောထား လေ့လာချက်စစ်တမ်းကို မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့နယ်ပေါင်း ၃၇ မြို့နယ်၌ စစ်တမ်းကောက်ယူခဲ့ပြီး တွေ့ရှိချက်စာတမ်းဖတ်ပွဲကို ဇွန် ၁၂ ရက် နံနက်ပိုင်းက ဆေးတက္ကသိုလ် (၁) ရန်ကုန်စာသင်ဆောင်(အေ)၌ ကျင်းပခဲ့သည်။

အဆိုပါ စာတမ်းဖတ်ပွဲသို့ ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ် ဒေါက်တာသက်ခိုင်ဝင်းနှင့် ပါမောက္ခ/ ဌာနမှူးများ၊ ဖိတ်ကြားထားသောဧည့်သည်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ကျန်းမာရေးအာမခံနှင့် ပတ်သက်၍ ပြည်သူများ၏ သဘောထား၊ လက်ခံနိုင်မှု အာမခံထားရာတွင် ထည့်ဝင်လိုသော ငွေကြေးပမာဏတို့ကို ဒေသအသီးသီးမှ ပြည်သူ ၁၃၄၆ ဦးနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ ကျန်းမာရေးအာမခံအကြောင်း သိရှိသူ ၉ ရာခိုင်နှုန်းရှိပြီး ကျန်းမာရေး အာမခံစနစ် အကောင်အထည်ဖော်မည်ဆိုပါက လက်ခံသူ ၇၉ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ စစ်တမ်းများအရ တစ်နှစ်အတွက် တစ်ဦးချင်းပျမ်းမျှ ထည့်ဝင်လိုသော ကျန်းမာရေးအာမခံ စရိတ်ငွေကျပ် ၁၈၀၀၀ ခန့်နှင့် မိသားစုအလိုက် ထည့်ဝင်လိုသော ကျန်းမာရေးအာမခံစရိတ် ငွေကျပ် ၂၀၀၀၀ ခန့်ရှိကြောင်း ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာဦးဝင်းမြင့်ဦးက ရှင်းပြသည်။ **(မိုးသူဇာစိုး)**

ကျိုက်ထိုမြို့နယ်တွင် ADSL စနစ် သုံးစွဲခွင့်ရတော့မည်

ကျိုက်ထို ဇွန် ၂၀

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မွန်ပြည်နယ် ကျိုက်ထိုမြို့တွင် ADSL စနစ်စတင်အသုံးပြုနိုင်ရန်အတွက် ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ကုမ္ပဏီများနှင့် လုပ်ငန်းပိုင်ရှင်များသို့အကြောင်းကြားစာများကို ဇွန် ၁၇ ရက်နေ့စွဲဖြင့် ပေးပို့ထားကြောင်း သိရသည်။

ယင်း ADSL စနစ်စတင်အသုံးပြုရန်အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ပထမအဆင့်အနေဖြင့် အလုံးရေ ၂၀ ကို အကြောင်းကြားစာပို့ထားသည့် အဖွဲ့အစည်းများအတွက် တပ်ဆင်အသုံးပြုခွင့်ပြုမည်ဖြစ်ပြီး အသုံးပြုလိုသော အစိုးရဌာနများနှင့်အဖွဲ့အစည်းများအနေဖြင့် လျှောက်လွှာများကို တာဝန်ခံ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကျိုက်ထိုမြို့နယ်တွင် ရယူနိုင်ကြောင်း သိရသည်။ **(ရဲခေါင်ဦး)**

ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်

ရန်ကုန် ဇွန် ၂၀

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် မင်္ဂလာဒုံဈေးရပ်ကွက် အမှတ်(၄)အခြေခံပညာ အလယ်တန်းကျောင်းတွင် ဇွန် ၁၇ ရက် နံနက် ၁၁ နာရီက ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ပူးပေါင်း၍ ကျောင်းနေ အရွယ်ကလေးများအား ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကျင်းပခဲ့သည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်အေးနွယ်က အဖွင့်အမှာစကားပြောကြားပြီး အခြေခံပညာ ကျောင်းသား ကျောင်းသူများအား ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကကြီးနှင့် အလှူရှင်များက ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာ၊ ကျောပိုးအိတ်၊ ထီး၊ ဆွဲခြင်း စသည့်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြကြောင်း သိရသည်။ **(သန္တာမေ)**

နေပြည်တော်ခရိုင် လျှပ်စစ်ဂျင်နီယာရုံးများ ဆောက်လုပ်ရန်အတွက် တင်ဒါခေါ်ယူခြင်း

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နေပြည်တော်ဥတ္တရနှင့် ဒက္ခိဏခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံးများ ပေ(၄၈×၃၀) (၂ ထပ် သံကူကွန်ကရစ်) အဆောက်အအုံအား ဗိသုကာပုံစံနှင့်အညီ ဆောက်လုပ်မည်ဖြစ်ပါ၍ ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ အိတ်ဖွင့်တင်ဒါနှင့် တင်ဒါစည်းကမ်းများကို ၂၅-၆-၂၀၁၄ ရက်မှ စတင်၍ ရုံးချိန် အတွင်း နေပြည်တော်လျှပ်စစ်အင်ဂျင်နီယာရုံး၊ နေပြည်တော်ကောင်စီနယ်မြေတွင် ရောင်းချမည်ဖြစ်ပြီး ၂၅-၇-၂၀၁၄ ရက် (၁၆:၃၀) နာရီ နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။

ဖုန်း-၀၆၇-၄၂၀၆၆၆

တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ

အမည်တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးဆန်းဝင်း၏သား မောင်ဇူလိုင်ကိုကို [၁၂/အစန(နိုင်)၁၉၅၅၉၇]နှင့် မောင်အောင်ဘုန်းမြတ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မောင်ဇူလိုင်ကိုကို(ခ)
မောင်အောင်ဘုန်းမြတ်

ကျေးဇူးဆပ်ပါမည်

ကျွန်မ မိုးပွင့်ဖြူ၏ Passport No (M-530040) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၂၅၀၆၉

လူကုန်ကူးမှုအန္တရာယ် ဝိုင်းဝန်းကာကွယ်

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နေ မောင်သန်းဝင်း [၉/ပဥလ(နိုင်)၀၂၃၁၄၂]၏ဇနီး မမြတ်ကေခိုင်(ခ)ဆောင်းသဇင်[၁၃/နခသ(နိုင်)၀၈၈၄၀၆]သည် မည်သည့်အကြောင်း တစ်စုံတစ်ရာမျှမရှိဘဲ ၅-၈-၂၀၁၁ ရက်က အိမ်မှဆင်းသွားခဲ့ပါသည်။ ထိုအချိန်မှစ၍ ခင်ပွန်းကို လုံးဝမဆက်သွယ်၊ အတွေ့မခံ၊ ပေါင်းသင်းနေထိုင်တော့ခြင်း လုံးဝမရှိတော့သဖြင့် ၎င်းအား ဇနီးအဖြစ်မှ အပြီးအပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်မယူကြောင်း ကျွန်ုပ်၏မိတ်ဆွေ မောင်သန်းဝင်းနှင့်လည်း လုံးဝ မပတ်သက် မသက်ဆိုင်တော့ကြောင်း အသိပေးကြော်ငြာလိုက်သည်။

လွှဲအပ်ညွှန်ကြားသူ   လွှဲအပ်ညွှန်ကြားချက်အရ
မောင်သန်းဝင်း   ဦးရွှေလှိုင်တင် BA,H.G.P,DL(ဂုဏ်ထူး)DBL(စဉ်-၅၉၇၈)
[၉/ပဥလ(နိုင်)၀၂၃၁၄၂]   ရှေ့နေနှင့်စီးပွားရေးလုပ်ငန်းများ
                    ဥပဒေအကြံပေး

အမှတ်(၃၁)၊ ပထမထပ်၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၅၈၉၀၇၊ ၀၉-၇၃၀၀၃၀၅၄၊ ၀၉-၄၂၁၁၀၆၈၂၈

တရုတ်စကားပြောကျွမ်းကျင်

P.P ရှိရမည်။
နိုင်ငံခြားခရီးသွားနိုင်ရမည်။
Tel:09-250792419

အမည်ပြောင်း

ဦးလင်းနိုင်ဦး၏သား အထက(၅) ဗိုလ်တထောင်၊ဒသမတန်း(D)မှ မောင်အောင်ခန့်မင်းအား မောင်ကောင်းမြတ်ချိန်ဟု ပြောင်းလဲခေါ်ပါရန်။ မောင်ကောင်းမြတ်ချိန်

သုဝဏ္ဏဘူမိသုတေသန ဝင်းကမြို့ဟောင်းတူးဖော်မှုမှတ်တမ်း (အထူးပြပွဲ) မွန်ယဉ်ကျေးမှုပြတိုက်တွင်ပြသ

နေပြည်တော် ဇွန် ၂၀

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဝင်းကကျေးရွာတွင် တူးဖော်ကာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး တူးဖော်ရရှိခဲ့သည့် မှတ်တမ်းများကို ဇွန် ၁၈ ရက် နံနက် ၈ နာရီတွင် မော်လမြိုင်မြို့ မွန်ယဉ်ကျေးမှုပြတိုက်၌ သုဝဏ္ဏဘူမိသုတေသန ဝင်းကတူးဖော်မှုမှတ်တမ်း (အထူးပြပွဲ) အနေဖြင့် ဖွင့်လှစ်ပြသလျက်ရှိသည်။

ယင်းပြပွဲတွင် မွန်လူမျိုးများ၏ ပုဂံခေတ်နှောင်းပိုင်း ယဉ်ကျေးမှု လက်မှုပစ္စည်းအများအပြားကို ခင်းကျင်းပြသထားသည်။ ပြပွဲတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေတို့က အဖွင့်အမှာစကားပြောကြားကာ ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ မြန်မာ့သမိုင်းအဖွဲ့မှ ပညာရှင် ဦးစံဝင်းကလည်း ဝင်းကမှ တူးဖော်ရရှိမှုနှင့်ပတ်သက်သည့် မှတ်တမ်းမှတ်ရာများကို ရှင်းလင်းတင်ပြခဲ့သည်။

ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားသည့် မွန်လူမျိုးများသည် BC 2000 ခန့်မှ စတင်ကာ အောက်မြန်မာနိုင်ငံနှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် အခြေချနေထိုင်ခဲ့ပြီး သုဓမ္မဝတီသထုံမြို့အပါအဝင် ဝင်းက၊ တိုက်ကလား၊ အရက်သည်မ၊ ကျိုက္ကသာ၊ ဒုတ်သုတ်၊ မုတ္တမ၊ စမ္မနဂို၊ မုပွန်၊ ဝါခရူစသည့်မြို့ကြီးများ တည်ထောင်ကာ အခြေချနေထိုင်ခဲ့ကြကြောင်း သမိုင်းအထောက်အထားများအရ သိရှိရသည်။

(သတင်းစဉ်)

သရက်အကျဉ်းထောင်နှင့် အချုပ်စခန်းကြည့်ရှုစစ်ဆေး

သရက် ဇွန် ၂၀

မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိန်ထွန်းသည် မကွေးတိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးအုန်းသောင်း၊ သရက်ခရိုင်တရားသူကြီး ဒေါ်အေးအေးသန်း၊ သရက်မြို့နယ်တရားသူကြီး ဒေါ်ရီရီခင်၊ ကံမမြို့နယ် တရားသူကြီး ဒေါ်တင့်တင့်စန်းတို့ လိုက်ပါလျက် ဇွန် ၁၇ ရက်က သရက်အကျဉ်းထောင်နှင့် သရက်မြို့မရဲစခန်း၊ အချုပ်စခန်းတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အကျဉ်းထောင်အရာရှိရုံးခန်း၌ ထောင်မှူးဦးသန်းဌေးက သရက်အကျဉ်းထောင်အတွင်း ပြစ်ဒဏ်ကျခံနေရသူများ၏ နေထိုင်ရေး၊ ကျန်းမာရေး၊ စားသောက်ရေးတို့အတွက် ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းတင်ပြပြီး မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်သည် သရက်အကျဉ်းထောင်ရှိ ပြစ်ဒဏ်ကျခံနေရသူများနှင့် အချုပ်တရားခံများ၏ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားရရှိမှု ရှိ၊ မရှိ၊ ဥပဒေနှင့်မညီဘဲ မတရားဆောင်ရွက်နေမှုများ ရှိ၊ မရှိ၊ အမှုများ စစ်ဆေးရာတွင် ကြန့်ကြာမှုရှိ၊ မရှိ စသည်တို့ကို ပြစ်ဒဏ်ကျတရားခံများ၊ အချုပ်တရားခံများနှင့် တွေ့ဆုံမေးမြန်းကာ အဆောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကမာရွတ်အချုပ်ခန်းစစ်ဆေး

ရန်ကုန် ဇွန် ၂၀

ရန်ကုန် အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် တရားရုံးအား ပုံမှန်ရုံး စစ်ဆေးခြင်းကို ကမာရွတ်မြို့မရဲစခန်း၊ အချုပ်ခန်းသို့ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးလှအေးသည် ဇွန် ၁၇ ရက်က သွားရောက်စစ်ဆေးရာ ကမာရွတ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်း၊ ကမာရွတ်မြို့မရဲစခန်းမှူး ဒုရဲမှူး မောင်မောင်ဦးတို့က လိုက်လံပြသပြီး တရားသူကြီးက အချုပ်ခန်းများ၌ အချုပ်သားများ၏ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဥပဒေပါ အခွင့်အရေးများရရှိမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

Expendables 3 ဇာတ်ကားသစ်အမြည်းကို အွန်လိုင်း၌ စတင်ကြည့်ရှုနိုင်

လာမည့် ဩဂုတ်လတွင် ရုံတင်ပြသရန်စီစဉ်ထားသည့် တတိယမြောက် Expendables ဇာတ်လမ်းတွဲ ဖြစ်သည့် The Expendables 3 ဇာတ်ကားသစ်၏ ရုပ်ရှင်ဇာတ်လမ်းအမြည်းကို ဇွန် ၁၇ ရက်က အွန်လိုင်း၌ စတင်ကြည့်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။

The Expendables 3 ဇာတ်ကားမှ သရုပ်ဆောင်များ

ယင်းဇာတ်ကားသည် ၂၀၁၂ ခုနှစ်က ထွက်ရှိခဲ့သည့် The Expendables 2 ဇာတ်ကား၏ နောက်ဆက်တွဲဖြစ်ပြီး ဝါရင့်ဟောလိဝုဒ်မင်းသားကြီးများဖြစ်ကြသည့် စတားလုန်း၊ အာနိုး၊ ဟာရီစွန်ဖို့ဒ်၊ ဂျေဆွန်စတသမ်နှင့် တရုတ်မင်းသား ဂျက်လီတို့ ပါဝင်သရုပ်ဆောင်ထားကြသည်။

Expendables ဇာတ်လမ်းတွဲများကို ၂၀၁၀ ခုနှစ်တွင် The Expendables ဇာတ်ကား၊ ၂၀၁၂ ခုနှစ်တွင် The Expendables 2 ဇာတ်ကားတို့ကို ဖြန့်ချိပြသခဲ့ပြီး လာမည့် ဩဂုတ်၁၅ ရက်တွင် The Expendables 3 ဇာတ်ကားကို ဖြန့်ချိသွားမည်ဖြစ်ပြီး ယင်းသည် Expendables ဇာတ်လမ်းတွဲများ၏ နောက်ဆုံးဇာတ်ကားဖြစ်နိုင်ဖွယ်ရှိကြောင်း သိရသည်။

အမျိုးသမီးများကို စွမ်းဆောင်ရည်ရှိပြီး ထူးချွန်စေလိုသည့် ဗစ်တိုးရီးယားဘက်ခမ်း

ကမ္ဘာကျော်ဖက်ရှင်ဒီဇိုင်နာတစ်ဦးဖြစ်သည့် ဗစ်တိုးရီးယားဘက်ခမ်းက ဖက်ရှင်လောကအပါအဝင် အမျိုးသမီးများအားလုံးကို စွမ်းဆောင်ရည်ရှိပြီး ထူးချွန်သည့်အမျိုးသမီးများဖြစ်စေလိုကြောင်း Elle မဂ္ဂဇင်း၏ အင်တာဗျူးတစ်ခုတွင် ဖြေကြားခဲ့သည်။

နာမည်ကျော် ဘောလုံးသမားဒေးဗစ်ဘက်ခမ်း၏ ဇနီး၊ သားသမီးလေးဦးတို့၏ မိခင်ဖြစ်သည့် အသက် (၄၀) အရွယ် ဗစ်တိုးရီးယားဘက်ခမ်းက "ကျွန်မကျရှုံးမှာ မကြောက်ပါဘူး၊ လူသားအားလုံးဟာ အရာအားလုံးအပေါ်ကနေ လေ့လာသင်ယူနေနိုင်တာပဲ၊ ဘယ်တော့မှ အဆိုးကို မစဉ်းစားဘူး၊ အကောင်းကိုပဲစဉ်းစားတယ်၊ ဘယ်သူနဲ့မှလည်း မယှဉ်ပြိုင်ဘူး၊ ကိုယ့်ကိုယ်ကိုယ်ပဲ ယှဉ်ပြိုင်တယ်"ဟု ဆိုသည်။

ဆက်လက်ပြီး ကျရှုံးမှုကိုကြောက်ရွံ့နေသူတစ်ဦးအနေဖြင့် မိမိကိုယ်ကို စိန်ခေါ်နိုင်မည်မဟုတ်ကြောင်း၊ ယင်းသို့ဆိုလျှင် ရှေ့ကိုလည်း ခရီးဆက်ရန် ခက်ခဲမည်ဖြစ်ကြောင်း၊ ၎င်းအနေဖြင့် မိမိကိုယ်ကို စိန်ခေါ်ရသည်ကို နှစ်သက်ပါကြောင်း ဗစ်တိုးရီးယားက ဆက်လက်ပြောကြားသည်။

ဖက်ရှင်ဒီဇိုင်နာ ဗစ်တိုးရီးယားဘက်ခမ်းသည် ယမန်နှစ်အတွင်းက ဗြိတိန်နိုင်ငံ BBC Radio 4 မှ ထုတ်လွှင့်သည့် Woman's Hour ရေဒီယိုမဂ္ဂဇင်းအစီအစဉ်၏ စွမ်းအားအရှိဆုံး အမျိုးသမီး ၁၀၀ စာရင်းတွင် ထည့်သွင်းဖော်ပြခြင်း ခံထားရသူလည်းဖြစ်သည်။

မျိုးစန္ဒာမောင်

ကျွမ်းကျင် ယာဉ်မောင်း(၅)ဦး
အမြန်အလိုရှိသည်။
ဆက်သွယ်ရန်ဖုန်း-၀၉-၄၉၄၉၇၇၇၇၊ ၀၁-၂၄၉၀၉၀

ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၁၃-၂၀၁၄ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဒေါက်တာသန့်ဇင်နိုင် (ဒုတိယပါမောက္ခချုပ်/စီမံ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်-ဒေါ်ခင်သန်းထွေး (ကထိက-ငြိမ်း)တို့၏ တစ်ဦးတည်းသောသမီးလေး မမိုးသင်းချို(ခ) တိုတိုသည် ခုံအမှတ် ဆလသ(၁၄၆) အထက(၂)လသာမှ ခြောက်ဘာသာ (ဘာသာစုံ အမှတ်ပေါင်း-၅၃၆)ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့်အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ပါသည်။

မြစ်ကြီးနားမြို့မှ
ကြီးကြီးဝေ၊ ကြီးကြီးမူ၊ ဒေါ်လေးသီ၊
ဦးလေးမောင်၊ အန်တီစမ်းနှင့်
မမကြီး၊ မမငယ်



ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မင်္ဂလာဒုံမြို့နယ်၊ အမှတ်-၃ လမ်းမကြီးဘေး ကုန်းတလပေါင် စံပြကျေးရွာ၊ အာသောကလမ်းသွယ်၊ ပေ(၅၆×၈၆) ဘိုးဘွားပိုင်မြေ သိန်း(၅၀၀) ညှိနှိုင်း-
ဖုန်း-၀၉-၄၂၃၇၀၈၇၅၃၊ ၀၉-၇၃၁၆၀၂၁၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၃၉)၊ မြေကွက်အမှတ်(၃၆၄)၊ အမည်ပေါက် ဒေါ်ခင်ညို၏ မြေချပါမစ်အား တစ်ဆင့်ဝယ်ယူထားသူ ဦးခင်မောင်အေးမှ ရုံးခွဲစာရင်းသွင်းခွင့် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ စာရွက်စာတမ်းအထောက် အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ၎င်းမြေကွက်အား ရုံးခွဲစာရင်းသွင်းခြင်းကိစ္စအား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာရုံးခွဲ(၈)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

မလေးရှား ယူ-၁၉ အသင်းနှင့် ခြေစမ်းပွဲကစားရန် မြန်မာ ယူ-၁၉ စီစဉ်

လာမည့် အောက်တိုဘာလတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှ ယူ-၁၉ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၉ အသင်းသည်ပြိုင်ပွဲမတိုင်မီ အကြိုပြင်ဆင်မှုတစ်ရပ်အနေဖြင့် မလေးရှား ယူ-၁၉ အသင်းနှင့် ခြေစမ်းပွဲကစားရန် မလေးရှားဘောလုံးအဖွဲ့ချုပ်ထံသို့ တရားဝင်ကမ်းလှမ်းထားကြောင်း သိရသည်။ မြန်မာယူ-၁၉ အသင်းသည် ယခုနှစ်တွင် နိုင်ငံတကာပြိုင်ပွဲ နှစ်ရပ်ယှဉ်ပြိုင်ရန်ရှိနေပြီး စက်တင်ဘာလတွင် အာဆီယံ ယူ-၁၉ ပြိုင်ပွဲနှင့် အောက်တိုဘာလတွင် အာရှယူ- ၁၉ ပြိုင်ပွဲများအတွက် ပြင်ဆင်မှုများ ပြုလုပ်နေခြင်းလည်း ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် လာမည့် ဇူလိုင်လတွင် ဥရောပနိုင်ငံ သုံးနိုင်ငံသို့ခြေစမ်းခရီးစဉ်အဖြစ် ထွက်ခွာမည်ဖြစ်ပြီး ယင်းခရီးစဉ်မတိုင်မီဂတ်ဖရိုင်းဒရစ်၏ တောင်းဆိုမှုအရ မလေးရှား ယူ-၁၉ အသင်းနှင့် ခြေစမ်းရန် စီစဉ်ခဲ့ခြင်းလည်းဖြစ်သည်။ မလေးရှားဘောလုံးအဖွဲ့ချုပ်သာ ယင်းကမ်းလှမ်းမှုကို လက်ခံပါက ဇွန်လကုန်တွင် ရန်ကုန်မြို့၌ ကစားသွားမည်ဖြစ်ကြောင်းသိရသည်။

[ရဲစွမ်း]

အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင် မူးယစ်ဆေး

နာမည်ကြီး အင်္ဂလန်တို့ ရှုံးပွဲထပ်မံကြုံတွေ့ခဲ့ရတဲ့ ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်များ

ကိုရဲ

ဒီနေ့ပွဲစဉ်ဟာ အားလုံးမျှော်လင့်ထားခဲ့ကြတဲ့အတိုင်း ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ပြီး နှစ်သင်းစလုံး အနိုင်ရရှိမှသာ နောက်တစ်ဆင့်ကို မျှော်လင့်နိုင်မှာဖြစ်တာကြောင့် အပြန်အလှန်တိုက်စစ်ဖွင့်ကစားခဲ့ပြီး ပွဲက အကြိတ်အနယ်ရှိခဲ့ပါတယ်။ ဥရုဂွေးအသင်းမှာ ဒဏ်ရာပြဿနာရှိနေတဲ့ ဆွာရက်ဇ်ပြန်လည်ပါဝင်လာခဲ့ပြီး အင်္ဂလန်နောက်တန်းကို ဒုက္ခပေးနိုင်ခဲ့ပါတယ်။ အင်္ဂလန်အသင်းဟာ ဂျရတ်၊ ဝဲလ်ဘက်၊ စတာရစ်ချ်၊ ကာဟေးလ်၊ ရွန်နီ၊ စတာလင် စတဲ့အမိက ကစားသမားအစုံအလင်နဲ့ပွဲထွက်ခဲ့ပြီး ဥရုဂွေးအသင်းကို ရင်ဆိုင်လာခဲ့ပါတယ်။ ဥရုဂွေးကလည်း ကော်စတာရီကာကိုရှုံးနိမ့်ခဲ့တဲ့ လူစာရင်းကို အပြောင်းအလဲတွေပြုလုပ်ခဲ့ပြီး ဆွာရက်ဇ်၊ ကာဗာနီ၊ ရိုဒရီဂွက်ဇ်၊ ဂိုဒင် စတဲ့ အမာခံကစားသမားတွေနဲ့ အင်္ဂလန်ကို အပြန်အလှန် ကစားနိုင်ခဲ့ပါတယ်။ ဥရုဂွေးအသင်းဟာ ဆွာရက်ဇ်၊ ကာဗာနီတို့ရဲ့ ဦးဆောင်မှုနဲ့အတူ အင်္ဂလန်အသင်းရဲ့ ဂိုးပေါက်ခြိမ်းခြောက်မှုတွေ ပြုလုပ်နိုင်ခဲ့ပါတယ်။ ပွဲကစားချိန် အစောပိုင်းမှာ အင်္ဂလန်အသင်းရဲ့ ကွင်းလယ် လူတွေ ခြေစွမ်းပျောက်နေခဲ့လို့ အခွင့်အရေး သိပ်မရရှိခဲ့ပါဘူး။ ဒါပေမယ့် နောက်ပိုင်းမှာတော့ အင်္ဂလန်အသင်းဟာ ဥရုဂွေးထက် တိုက်စစ်ကစားပုံ ပိုကောင်းလာခဲ့ပြီး ဂိုးရရှိဖို့ အခွင့်အရေးတွေပိုရခဲ့ပေမယ့် အဆုံးသတ်ပိုင်းလွဲချော်နေခဲ့တာကြောင့် ဂိုးရရှိခဲ့ခြင်းမရှိခဲ့ပါဘူး။ ပွဲကစားချိန် ၃၉ မိနစ်မှာတော့ ဆွာရက်ဇ်က ဥရုဂွေးအတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့ပါတယ်၊ အဲဒီနောက်မှာ အင်္ဂလန်အသင်း ပြန်လည်တိုက်စစ်ဆင်ကစားလာခဲ့ပြီး အခွင့်အရေးတွေ ရရှိခဲ့ပေမယ့် အသုံးမချနိုင်ခဲ့ပါဘူး။ ဒါကြောင့် ပထမပိုင်းအပြီးမှာ ဥရုဂွေးက တစ်ဂိုးအသာနဲ့ဦးဆောင်ခဲ့ပါတယ်။ ဒုတိယပိုင်းမှာ ရှိုင်းဟော့ဒ်ဆန်ဟာ ဘာကလေနဲ့လယ်လာနာတို့ကို ထည့်သွင်းကာ အပြောင်းအလဲပြုလုပ်ခဲ့ပါတယ်။ ဒါကြောင့် အင်္ဂလန်အသင်းရဲ့ ကစားပုံတိုးတက်လာခဲ့ပြီး ပွဲကစားချိန် ၇၅ မိနစ်မှာတော့ ဂလင်းဂျွန်ဆင်ရဲ့ဖန်တီးပေးပို့မှုကို ရွန်နီက ဂိုးအဖြစ်ပြောင်းလဲကာ ချေပဂိုးရယူပေးခဲ့ပါတယ်။ အဲဒီနောက်မှာတော့ အနိုင်ရရှိဖို့အတွက် နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားခဲ့ကြပြီး ဥရုဂွေးအသင်းက အင်္ဂလန်ရဲ့ဂိုးပေါက်ကို ပိုမိုခြိမ်းခြောက်နိုင်ခဲ့ပါတယ်။ ဒါကြောင့် ပွဲပြီးခါနီး ၈၅ မိနစ်မှာတော့ ဆွာရက်ဇ်ကပဲ အဖိုးတန်အနိုင်ဂိုးကို ကန်သွင်းယူခဲ့ပြီး နောက်တစ်ဆင့်အတွက် မျှော်လင့်ချက်အားကောင်းလာခဲ့ပါတယ်။ အင်္ဂလန်အသင်းကတော့ အုပ်စုတွင်း နှစ်ပွဲစလုံး ရှုံးနိမ့်ခဲ့ပေမယ့် မျှော်လင့်ချက်အနည်းငယ်ရှိသေးပြီး ရှုံး/ထွက်အဆင့်ကို တက်ရောက်နိုင်ဖို့အတွက် နောက်ဆုံးပွဲစဉ်မှာ ဥရုဂွေးအသင်းရဲ့ ရလဒ်ကို စောင့်ကြည့်ရတော့မှာပဲဖြစ်ပါတယ်။

ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စုအဆင့်မှထွက်ခဲ့ရခြင်းကြောင့် စပိန်နည်းပြ ဒယ်လ်ဘော့ တောင်းပန်စကားဆို



စပိန်အသင်း၏ နည်းပြဖြစ်သူ ဗင်းဆင့်ဒယ်လ်ဘော့စကေးသည် ပြီးခဲ့သည့် ဇွန် ၁၈ ရက်က အုပ်စုဒုတိယမြောက် ပွဲစဉ်အဖြစ် ကစားခဲ့သည့် ချီလီကို ၂-၀ ဂိုးဖြင့်ရှုံးနိမ့်ခဲ့ပြီးနောက် အသင်း၏ ပရိသတ်များအားလုံးကို တောင်းပန်စကားဆိုခဲ့ကြောင်း သိရသည်။ စပိန်အသင်းသည် အုပ်စုပွဲစဉ်နှစ်ပွဲကစားကာ နိုင်ပွဲမရရှိခဲ့ဘဲ နှစ်ပွဲရှုံး၊ ရဂိုး တစ်ဂိုး၊ ပေးဂိုး ကိုးဂိုးထိ ပေးခဲ့ရကာ ကမ္ဘာ့ဖလားသမိုင်းတစ်လျှောက်တွင် ၎င်းတို့၏ အဆိုးရွားဆုံးရလဒ်အဖြစ် မှတ်တမ်းဝင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ထို့ပြင် နည်းပြဒယ်လ်ဘော့သည် စပိန်အသင်းနှင့်အတူ ယခုနှစ်ကမ္ဘာ့ဖလားတွင် ထပ်မံဗိုလ်စွဲပါက အီတလီ ဂန္တဝင်နည်းပြ ပေါ့ဇိုနှင့်အတူ ကမ္ဘာ့ဖလားကို နည်းပြအဖြစ် နှစ်ကြိမ်ရယူဖူးသူအဖြစ် မှတ်တမ်းဝင်လာမည်ဖြစ်သော်လည်း ယင်းအခွင့်အရေးကို လွဲချော်ခဲ့ရသည်။ ၎င်းက "ကျွန်တော်တို့အတွက် စိတ်ပျက်စရာကောင်းခဲ့ပါတယ်၊ ဟော်လန်နဲ့ ကစားခဲ့တဲ့ပွဲစဉ်ရော အခုချီလီနဲ့ပွဲစဉ်မှာပါ အကောင်းဆုံးကစားနိုင်ခဲ့ပါတယ်၊ ဒါပေမယ့် ဦးဆောင်ဂိုးတွေပေးရတာဟာ ကျွန်တော်တို့အသင်းအတွက်ခက်ခဲစေပြီး ပြန်လည်ချေပဖို့အတွက်လုံလောက်တဲ့စွမ်းရည်မရှိခဲ့ပါဘူး၊ ဒီနေ့မှာလည်း ပထမပိုင်းမှာ ဂိုးရလိုဇော အားကြီးနေပြီး ဒုတိယပိုင်းကိုရောက်တော့လည်း ပေးဂိုးနှစ်ဂိုးကိုပြန်ပြီး မချေပနိုင်ခဲ့ပါဘူး၊ အဓိက ကတော့ ဦးဆောင်ဂိုးတွေပေးခဲ့ရတာက ကျွန်တော်တို့ရဲ့ ရှုံးပွဲတွေကို ဦးတည်စေခဲ့တာပါ"ဟု ပြောကြားသွားခဲ့သည်။ စပိန်အသင်း၏ ကျရှုံးမှုကို ဒေသတွင်းသတင်းစာများက အကျယ်တဝင့်ဖော်ပြခဲ့ကြသလို မကြာခင်အချိန်တွင် ဒယ်လ်ဘော့မှာ စပိန်နည်းပြ ရာထူးမှ ထုတ်ပယ်ခံရတော့မည်"ဟု သတင်းများထွက်ပေါ်နေကြောင်းသိရသည်။

[စွမ်းထက်အောင်]

၂၀၁၄ ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်များရလဒ်

[၁၉ - ၆- ၂၀၁၃]

ကိုလံဘီယာ ၂ - ၁ အိုင်ဗရီကို့စ်
ရိုဒရီဂွတ်ဇ် (၆၄) ဂါဗင်ဟို (၇၃)
ကွင်တီရို (၇၀)

ဥရုဂွေး ၂ - ၁ အင်္ဂလန်
ဆွာရက်ဇ် ရွန်းနီ (၇၅)
(၃၉ ၊ ၈၅)

ဂျပန် ၀ - ၀ ဂရိ

၂၀၁၄ ကမ္ဘာ့ဖလား ဂိုးသွင်းထားသူများ

၁။	မူလာ	ဂျာမနီ	၃
၂။	ဗန်ပါစီ	ဟော်လန်	၃
၃။	ရော်ဘင်	ဟော်လန်	၃
၄။	ဘန်ဇီမာ	ပြင်သစ်	၂
၅။	နေမာ	ဘရာဇီး	၂
၆။	တင်ကာဟေး	ဩစတြေးလျ	၂
၇။	မန်ဇူကစ်	ခရိုအေးရှား	၂
၈။	ဆွာရက်ဇ်	ဥရုဂွေး	၂
၉။	ဂါဗင်ဟို	အိုင်ဗရီကို့စ်	၂
၁၀။	ရိုဒရီဂွက်ဇ်	ကိုလံဘီယာ	၂

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရောဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင် (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သော လမ်းခင်းကျောက်အမျိုးမျိုး၊ မြစ်ကျောက်စရစ်၊ မြစ်သဲများ အား လမ်းအလိုက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါလျှောက်လွှာရောင်းချရမည့်ရက် - ၂၄-၆-၂၀၁၄ ရက်
တင်ဒါလျှောက်လွှာ ပိတ်မည့်ရက် - ၄-၇-၂၀၁၄ ရက်
တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ - ၄-၇-၂၀၁၄ ရက်၊ မွန်းလွဲ ၂း၀၀ နာရီ ဖျာပုံခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပဆင၊ (၁၁)ရပ်ကွက်၊ (၅)လမ်း၊ ဖျာပုံမြို့။

အိတ်ဖွင့်တင်ဒါစည်းကမ်းချက်၊ လမ်းအလိုက်၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် ၂၃-၆-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

လျှောက်လွှာဝယ်ယူရမည့်နေရာ - အင်ဂျင်နီယာမှူးရုံး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊
(၁၁)ရပ်ကွက်၊ (၅)လမ်း၊ ဖျာပုံမြို့။
ဖုန်း-၀၄၅-၄၀၄၂၅

အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၅) ရပ်ကွက်၊ သုခိတာလမ်း၊ အမှတ်(၁၇)နေ ဒေါ်မာမာအေး[၁၂/ပဇတ(နိုင်)၀၀၆၂၂၁]နှင့် ဦးကျော်မင်းမင်းလတ်[၁၂/ပဇတ(နိုင်)၀၁၇၄၇၅]တို့မှ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အား မိမိတို့မူပိုင်အဖြစ် သုံးစွဲရန်အတွက် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတော်၌ မှတ်ပုံတင်သွင်းကြေညာထားပြီးဖြစ်ပါသည်။

THAIK

IV-၅၉၀၅/၂၀၁၄(၂၃-၅-၂၀၁၄)

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ဖြင့် စိန်၊ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ ပုလဲစသော အဖိုးတန် ကျောက်မျက်ရတနာ အမျိုးမျိုးတို့အား ပလက်တီနမ်၊ ရွှေ ငွေစသည့် ပစ္စည်းအမျိုးမျိုးတို့ဖြင့် လော့ကတ်သီး၊ နားကပ်၊ ဆွဲကြိုး၊ လက်ကောက်၊ ဟန်းချိန်း၊ လက်စွပ် အမျိုးမျိုးတို့အား ပုံစံအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးပြုလုပ်၍ အထက်ပါ ကုန်အမှတ်တံဆိပ်ဖြင့် ဆိုင်ဖွင့်လှစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ အခြားမည်သည့်ဆိုင်ခွဲမှ ဖွင့်လှစ်ရောင်းချခြင်းမရှိပါ။ အထက်ပါ အမှတ်တံဆိပ်အမှတ်အသားကို တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ကြောင်းတွေ့ရှိရပါက တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန့်ဇော် **LL.B, D.B.L, D.I.L** တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)
ဦးသန်းဦး (စဉ်-၃၂၃၃၅) ဦးဟိန်းသူကောင်း (စဉ်-၃၆၂၆၇) ဦးကောင်းမြတ်ဇော် (စဉ်-၃၇၂၂၅)
အထက်တန်းရှေ့နေများ
အမှတ်(၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။



ကျပ်သိန်းပေါင်း ၄၆၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

တာချီလိတ်   ဇွန်   ၂၀

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ ရဲအုပ်ကျော်စွာထွန်း ဦးစီးပူးပေါင်းအဖွဲ့သည် ဇွန် ၁၉ ရက် ညနေ ၄ နာရီခွဲတွင် သက်သေများနှင့်အတူ တာချီလိတ်မြို့ လွယ်တော်ခမ်း ပူးပေါင်းစစ်ဆေးရေးစခန်းတွင် မိုင်းဆတ်ဘက်မှ တာချီလိတ်သို့ အားထူ(ကျား) မောင်းနှင်လာသည့် Wave-110 အမျိုးအစား အဖြူ/ပြာကျားရောင် လိုင်စင်မဲ့ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ ဆိုင်ကယ်တူးဘောက်အတွင်း အဝါရောင်တိပ်ဖြင့် ပတ်ထားပြီး ပလတ်စတစ်ဖြင့် ထုပ်လျက် အိုက်စ်အလေးချိန် တစ်ကီလိုဂရမ်စီပါ နှစ်ထုပ် (စုစုပေါင်းအလေးချိန် နှစ်ကီလိုဂရမ်) ကာလတန်ဖိုး ကျပ်သိန်းပေါင်း ၄၆၀နှင့် ထိုင်းဘတ်ငွေ ၄၈၄၀၀၀ တို့အား တွေ့ရှိသဖြင့် မူးယစ်ဆေးဝါးများနှင့်အတူ လက်ဝယ်တွေ့ရှိရသူ အားထူ(၁၇)နှစ် စန်းလု (အောက်)ကျေးရွာ လွယ်တော်ခမ်းအုပ်စု တာချီလိတ်မြို့နယ်နေသူအား တာချီလိတ်မြို့မရဲစခန်းက မယ(ပ)၉၁/၂၀၁၄ မူး/စိတ် ပုဒ်မ ၁၅/၁၉(က)/၂၀(က)ဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

မော်ကြီး(တြိဂံနယ်မြေ)

ဝဝဝ

ညောင်လေးပင်၌ လူသတ်မှုဖြစ်ပွား

ညောင်လေးပင်   ဇွန်   ၂၀

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ထင်းကုန်းကျေးရွာအုပ်စု ကျောက်ပုံကျေးရွာ၌ ဇွန် ၁၈ ရက် ညနေ ၄ နာရီကျော်ခန့်က တစ်ရွာတည်းသားချင်း အရက်အတူတူသောက်ပြီး ပြန်လာရာမှ လမ်းအရောက်တွင် တစ်ယောက်တစ်ခွန်း စကားများရန်ဖြစ်ရာမှ အသင့်ပါလာသော ဓားမြှောင်ဖြင့် ထိုးရာ သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ညောင်လေးပင်မြို့နယ် ထင်းကုန်းကျေးရွာအုပ်စု ကျောက်ပုံကျေးရွာတွင် နေထိုင်ကြသည့် ဝင်းခိုင် (၃၇)နှစ်နှင့် လှဟန် (၃၆)နှစ်တို့နှစ်ဦးသည် အရက်အတူတူသောက်ပြီး ပြန်လာရာမှ အခင်းဖြစ်နေရာအရောက်တွင် တစ်ယောက်တစ်ခွန်း စကားများရာမှ လှဟန်သည် အသင့်ပါလာသော ဓားမြှောင်ဖြင့် ဝင်းခိုင်၏ ဝဲဘက်ချိုင်းအောက်ကို ထိုးလိုက်ရာ ဝင်းခိုင်မှာ လဲကျသေဆုံးသွားခဲ့သည်။ လူသတ်မှုကျူးလွန်သူ လှဟန်မှာ ထွက်ပြေးသွားကြောင်း သိရသည်။ **(၅၆၈)**

ရွှေတူးဖော်ရာတွင် အသုံးပြုသည့်ပစ္စည်းများ သိမ်းဆည်းရမိ

ကောလင်း   ဇွန်   ၂၀

ကသာခရိုင် ကောလင်းမြို့နယ်၌ တရားမဝင် ရွှေတူးဖော်နေကြောင်း သတင်းရရှိသဖြင့် ဇွန် ၁၇ရက်က ဥက္ကံရွာနှင့် နှစ်ဖာလုံဝေးသော ဒေါင်းမြူးချောင်းဘေးရှိတရားမဝင်ရွှေတူးဖော်နေသောနေရာသို့ ကောလင်းမြို့မစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဟုန်းထန်းဦးစီးသောအဖွဲ့နှင့်အတူ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ မိုးရွာသွန်းမှုကြောင့် ရေလျှံနေသည့်အပြင် လုပ်ငန်းများလုပ်ကိုင်နေခြင်းမရှိသည့်အတွက် ပိုင်ရှင်နှင့် အလုပ်သမားများကို မတွေ့ရဘဲ ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ဖြုန်းစက်တစ်လုံး၊ စတီးလ်ဘလောက်ကြိုး အကြီးအသေး တစ်စုံ၊ ဇလားမျှောခွက်တစ်ခု၊ ဖြုန်းစုပ်ရေတင်ရာတွင် အသုံးပြုသောပိုက် နှစ်လုံး၊ ရေပို့စက်တစ်လုံး၊ စက်အထိုင်သံအောက်ခံတစ်ခု၊ အရှည်ပေ ၂၀၀ခန့်စီရှိအဝါရောင် လေးလက်မပိုက် နှစ်ခု၊ နှစ်ပေါက်ထွက်ရေခရူ တစ်ခု၊ကျွဲလည်ချောင်းပုံရေစုပ်စက် တစ်ခုတို့ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိပြီး ၎င်းပစ္စည်းများအား ဥက္ကံကျေးရွာအုပ်ချုပ်ရေးမှူးထံ ခေတ္တအပ်နှံထားကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အေးလွင်(ကသာ)

အချုပ်သားရှစ်ဦး ထွက်ပြေးရာ ခြောက်ဦးပြန်မိပြီး နှစ်ဦးကို ဆက်လက်ရှာဖွေ

ဟုမ္မလင်း   ဇွန်   ၂၀

ဟုမ္မလင်းမြို့ ရဲစခန်းရုံးခန်းအပေါ်ထပ်အချုပ်ခန်းရှိ ကျားအချုပ်ခန်း အခန်း(၁)၌ အချုပ်တရားခံ ၁၅ဦး ချုပ်နှောင်ထားသည့်အနက် ဇွန် ၁၉ရက်က တရားခံရှစ်ဦးသည် အချုပ်ခန်းကြမ်းခင်း(၆×၁)ပျဉ်ပြားတစ်ချပ်အား ချိုးပြီး ကပ်လျက်ပျဉ်ပြားတစ်ပြားအားခွာကာ ထွက်ပြေးခဲ့ကြောင်း သိရသည်။

အဆိုပါထွက်ပြေးသွားသည့် တရားခံရှစ်ဦးအနက် ဇော်မင်းနိုင်နှင့် အောင်အောင်တို့နှစ်ဦးအား ရဲစခန်းဝင်းအတွင်း၌လည်းကောင်း၊ နံနက် ၅နာရီ ၅မိနစ်တွင် အောင်မြင့်ထွေးအား ဟုမ္မလင်းဈေးအနီး၌လည်းကောင်း၊ နံနက် ၆နာရီခွဲတွင် တင်ဇော်အား ဟုမ္မလင်းမြို့ ညောင်ပင်သာကျေးရွာ အင်းအစပ်၌လည်းကောင်း၊ နံနက် ၇နာရီခန့်တွင် စန်းလွင်နှင့် သန်းနိုင်ဇော်တို့နှစ်ဦးအား ဥရုချောင်းနှင့် ချင်းတွင်းမြစ်ဆုံတွင်လည်းကောင်း အသီးသီးပြန်လည်ဖမ်းဆီးရမိခဲ့ပြီး ကျန်တရားခံများဖြစ်သည့် ယောဘိုနှင့် သန်းဇော်ဦးတို့နှစ်ဦးအား ဖမ်းဆီးရမိရေးအတွက် သက်ဆိုင်ရာမှ ရှာဖွေလျက်ရှိသည်။

အဆိုပါ အချုပ်ခန်းဖောက်၍ ထွက်ပြေးသည့်အချိန်တွင် ဟုမ္မလင်းမြို့ရဲစခန်းမှ ဒုရဲအုပ်အောင်မျိုးဟန်ပါ ရှစ်ဦးသည် အလှည့်ကျတာဝန်ထမ်းဆောင်နေစဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ကျန်းမာရေးဝန်ကြီးဌာနကျန်းမာရေးဆပ်ကော်မတီ(Delivery Unit)သို့ ဆွေးနွေးအကြံပြုချက်များအားဆောင်ရွက်ပြီးစီးမှုအခြေအနေ တင်ပြခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူ့ကျန်းမာရေးမြှင့်တင်ဆောင်ရွက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

၂။ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ဒေသခံပြည်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့မြို့နယ်ရှိ ဆေးရုံများ အဆင့်မြှင့်တင်လိုခြင်း၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ၏ လိုအပ်ချက်များကို တင်ပြလျက်ရှိပါသည်။

၃။ ယင်းအခြေအနေတို့ကို တိုင်းဒေသကြီးများ၊ ပြည်နယ်အလိုက် ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး နှစ်အလိုက်စီမံကိန်းများအရ ဦးစားပေးအစီအစဉ်အတိုင်း ဆေးရုံ၊ ဆေးခန်းများအား အဆင့်မြှင့်တင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် ဆရာဝန်၊ သူနာပြု၊ သားဖွားနှင့် ကျန်းမာရေးဝန်ထမ်းများအား ခန့်ထားပေးခြင်း၊ ဆေးပစ္စည်းကိရိယာများကို ထောက်ပံ့ပေးခြင်းများအား ဆောင်ရွက်လျက်ရှိရာ (၂၀၁၄-၂၀၁၅)ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးမှုများကို ပြည်သူများအား သိရှိနိုင်ပါရန် တင်ပြအပ်ပါသည် -

(က) မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ခုတင်(၃၀၀)ဆံ့ ဗဟိုအမျိုးသမီးဆေးရုံကြီးအား ခုတင်(၅၀၀) ဆံ့ဆေးရုံကြီးအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခြင်း၊

(ခ) ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ခုတင်(၁၅၀)ဆံ့ ပြည်သူ့ဆေးရုံအား ခုတင်(၂၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခြင်း၊

(ဂ) မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ
အား စံကိုက်ဖွဲ့စည်းပုံသို့ ပြင်ဆင်ဖွဲ့စည်းခွင့်ပြုခြင်း၊

(ဃ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံအား ခုတင်(၁၀၀)ဆံ့ စံကိုက်ဖွဲ့စည်းပုံသို့ တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခြင်း၊

(င) ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံများအား ပြင်ဆင်ဖွဲ့စည်းခွင့်ပြုခြင်း -
- (၁) မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊
- (၂) မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ် ပြည်သူ့ဆေးရုံ၊
- (၃) ကချင်ပြည်နယ်၊ ဆွမ်ပရာဘွမ်မြို့နယ် ပြည်သူ့ဆေးရုံ၊
- (၄) ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်ပြည်သူ့ဆေးရုံ၊
- (၅) ကချင်ပြည်နယ်၊ တနိုင်းမြို့ပြည်သူ့ဆေးရုံ၊
- (၆) တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့ပြည်သူ့ဆေးရုံ၊
- (၇) တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့ပြည်သူ့ဆေးရုံ၊
- (၈) ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်ပြည်သူ့ဆေးရုံ၊
- (၉) ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်ပြည်သူ့ဆေးရုံ၊
- (၁၀) မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့ပြည်သူ့ဆေးရုံ၊
- (၁၁) မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ဇီးပင်ကြီး ပြည်သူ့ဆေးရုံ၊
- (၁၂) ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်ပြည်သူ့ဆေးရုံ၊
- (၁၃) ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့ပြည်သူ့ဆေးရုံ၊
- (၁၄) ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်ပန်မြို့နယ် ပြည်သူ့ဆေးရုံ၊
- (၁၅) ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းလားမြို့ပြည်သူ့ဆေးရုံ၊
- (၁၆) ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်ပြည်သူ့ဆေးရုံ၊
- (၁၇) ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်ပြည်သူ့ဆေးရုံ၊
- (၁၈) ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်ပြည်သူ့ဆေးရုံ၊
- (၁၉) ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့ပြည်သူ့ဆေးရုံ၊
- (၂၀) ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့ပြည်သူ့ဆေးရုံ။

(စ) (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံ(၈)ရုံအား ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံအဖြစ်သို့ တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုခြင်း -
- (၁) ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့ပြည်သူ့ဆေးရုံ၊
- (၂) မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့ပြည်သူ့ဆေးရုံ၊
- (၃) မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်ပြည်သူ့ဆေးရုံ၊
- (၄) ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့ပြည်သူ့ဆေးရုံ၊
- (၅) ရှမ်းပြည်နယ်၊ ဆီဆိုင်မြို့နယ်ပြည်သူ့ဆေးရုံ၊
- (၆) ရှမ်းပြည်နယ်၊ ကွတ်ခိုင်မြို့ပြည်သူ့ဆေးရုံ၊
- (၇) ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့ပြည်သူ့ဆေးရုံ၊
- (၈) ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့ပြည်သူ့ဆေးရုံ။

(ဆ) မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံအား စံကိုက်ဖွဲ့စည်းပုံသို့ ပြင်ဆင်ဖွဲ့စည်းခွင့်ပြုခြင်း၊

(ဇ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီကမ်းခြေ(လင်းသာ)တွင် (၂၅) ခုတင်ဆံ့ ပြည်သူ့ဆေးရုံ(၁)ရုံ အသစ်ဖွင့်လှစ်ခြင်း၊

(ဈ) (၁၆)ခုတင်ဆံ့ ပြည်သူ့ဆေးရုံ(၂)ရုံအား (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံအဖြစ်သို့ တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုခြင်း -
- (၁) မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၊ စကုတိုက်နယ်ဆေးရုံ၊
- (၂) ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ မြိုင်ကြီးငူတိုက်နယ်ဆေးရုံ။

(ည) (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ(၂)ရုံ၏ လက်ရှိဖွဲ့စည်းပုံအား စံကိုက်ဖွဲ့စည်းပုံသို့ ဖွဲ့စည်းခွင့်ပြုခြင်း -
- (၁) မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ပြလို့တိုက်နယ်ဆေးရုံ၊
- (၂) ရှမ်းပြည်နယ်၊ ဆီဆိုင်မြို့နယ်၊ ဘန်းယဉ်တိုက်နယ်ဆေးရုံ။

(ဋ) (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ(၉)ရုံ အသစ်ဖွင့်လှစ်ခြင်း -
- (၁) ကယားပြည်နယ်၊ ဒီမောဆိုးမြို့နယ်၊ လိုဘာခိုကျေးရွာ၊
- (၂) ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ တောင်ပေါက်ကျေးရွာ၊
- (၃) စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ မကျီးဘုတ်ကျေးရွာ၊
- (၄) မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ တရာနာကျေးရွာ၊
- (၅) မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်၊ ကြို့ပင်ကျေးရွာ၊
- (၆) မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ သဒ္ဒေးကုန်းကျေးရွာ၊
- (၇) ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ အင်းမကျေးရွာ၊
- (၈) ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ ကျိုက်လတ်ကျေးရွာ၊
- (၉) ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ထီဆိပ်ဘုရားစုကျေးရွာ။

(ဌ) မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ သဲတောမြို့၊ အမှတ်(၃) ရပ်ကွက်၊ အောင်ချမ်းသာရပ်၌ ဒေသန္တရကျန်းမာရေးဌာန(၁)ခု အသစ်ဖွင့်လှစ်ခြင်း၊

(ဍ) ကျေးလက်ကျန်းမာရေးဌာန(၁၂)ခု အသစ်ဖွင့်လှစ်ခြင်း -
- (၁) ကချင်ပြည်နယ်၊ မန်စီမြို့နယ်၊ ဟန်ထက်ကျေးလက်ကျန်းမာရေးဌာန၊
- (၂) ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဇဲဖိုင်-ကကျေးလက်ကျန်းမာရေးဌာန၊
- (၃) စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ မကျီးကုန်းကျေးလက်ကျန်းမာရေးဌာန၊
- (၄) စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ ရေယိမ်းကျေးလက်ကျန်းမာရေးဌာန၊
- (၅) ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ခင်တန်းကြီးကျေးလက်ကျန်းမာရေးဌာန၊
- (၆) ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ရေသျှံကြီးကျေးလက်ကျန်းမာရေးဌာန၊
- (၇) ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ ကကျွဲသတ်ကျေးလက်ကျန်းမာရေးဌာန၊
- (၈) ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ ပဲမခန်းကျေးလက်ကျန်းမာရေးဌာန၊
- (၉) ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ ဝိုင်းကျေးလက်ကျန်းမာရေးဌာန၊
- (၁၀) မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ချောင်းဆုံကျေးလက်ကျန်းမာရေးဌာန၊
- (၁၁) မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ ဆူးဖြူကုန်းကျေးလက်ကျန်းမာရေးဌာန၊
- (၁၂) ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ ပလောင်ကြီးကျေးလက်ကျန်းမာရေးဌာန။

(ဎ) ကျေးလက်ကျန်းမာရေးဌာနခွဲ(၃၃)ခုအသစ်ဖွင့်လှစ်ခြင်း -
- (၁) ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်၊ ကန်းဖန့်ကျေးလက်ကျန်းမာရေးဌာနခွဲ၊
- (၂) ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်၊ လန်ယန်ကျေးလက်ကျန်းမာရေးဌာနခွဲ၊
- (၃) ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်၊ ထော့ဂေါ်ကျေးလက်ကျန်းမာရေးဌာနခွဲ၊
- (၄) ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်၊ လုတ်နော့ဂျန်ကျေးလက်ကျန်းမာရေးဌာနခွဲ၊
- (၅) ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်၊ ဖရဲကျေးလက်ကျန်းမာရေးဌာနခွဲ၊
- (၆) ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ ကျောက်စခန်းကျေးလက်ကျန်းမာရေးဌာနခွဲ၊
- (၇) ကချင်ပြည်နယ်၊ ခေါင်လန်းဖူးမြို့နယ်၊ ချီလာဝါဒီကျေးလက်ကျန်းမာရေးဌာနခွဲ၊
- (၈) စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ ကုန်းစည်းကျေးလက်ကျန်းမာရေးဌာနခွဲ၊
- (၉) စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ မော်ကယ်ကျေးလက်ကျန်းမာရေးဌာနခွဲ၊
- (၁၀) စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ နန်းသပ်ကျေးလက်ကျန်းမာရေးဌာနခွဲ၊

စာမျက်နှာ ၁၆ သို့◆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ယာဉ်နှင့်ရုံးသုံးစက်ကိရိယာများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနများအတွက် ယာဉ်နှင့်ရုံးသုံးစက်ကိရိယာများကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

လူမှုဝန်ထမ်းဦးစီးဌာန
- (က) Conference System (၁) စုံ
- (ခ) Video Conferencing System (၁) စုံ

ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန
- (က) Van (1.5.2000Model) (၂) စီး
- (ခ) Light Truck (2002 Model)(1 Ton) (၂) စီး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၃-၆-၂၀၁၄မှ ၄-၇-၂၀၁၄ရက်အထိ ရုံးချိန်အတွင်း ရောင်းချသွားမည်ဖြစ်ပြီး စည်းကမ်းချက်၊ တင်ဒါပုံစံတစ်စုံလျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ရုံးအမှတ်(၂၃)နေပြည်တော်တွင် ဝယ်ယူ နိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်-
- (က) လူမှုဝန်ထမ်းဦးစီးဌာန ဖုန်း-၀၆၇-၄၀၄၂၉၀၊ ၀၉-၄၂၀၇၃၆၆၅၇
- (ခ) ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ဖုန်း-၀၆၇-၄၀၄၀၄၇၊ ၀၆၇-၄၀၄၃၁၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ ရေအားလျှပ်စစ်စီမံကိန်းများသို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ ဒုတိယ(၄)လ (၂၀၁၄ခုနှစ်၊ ဩဂုတ်လမှနိုဝင်ဘာလ)အတွင်း စီမံကိန်းစခန်း ဂိုဒေါင်အရောက် တည်ဆောက်ရေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ ကွန်တိန်နာများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံတင်ရောင်းချမည့်ရက်	-	၁၈-၆-၂၀၁၄ ရက်
တင်ဒါအရောင်းပိတ်မည့်ရက်	-	၂၇-၆-၂၀၁၄ရက်၊ ၁၆း၃၀ နာရီ
Company Profile နှင့် တင်ဒါအာမခံငွေချက်လက်မှတ် နောက်ဆုံးတင်ပြရမည့်ရက်	-	၂-၇-၂၀၁၄ရက်၊ ၁၆း၃၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာအသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်-

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

သတ္တုတွင်းဝန်ကြီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သတ္တုတွင်းဝန်ကြီးဌာနရှိ ဝန်ကြီးရုံး/ဦးစီးဌာန/လုပ်ငန်း(၉)ခုတွင် အသုံးပြုမည့်အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသည်-
- (က) မော်တော်ယာဉ်တာယာ၊ ဘက်ထရီ
- (ခ) မော်တော်ယာဉ် စက်ဆီ၊ ချောဆီ
- (ဂ) Electronic & Accessories

၂။ တင်ဒါပိတ်မည့်ရက်နှင့်အချိန်- ၂၁-၇-၂၀၁၄ ရက်၊ ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ တင်ဒါပုံစံများကို သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးရုံး/ဦးစီးဌာန/လုပ်ငန်း(၉)ခုတွင် သတင်းစာပါ ကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

သတ္တုတွင်းဝန်ကြီးဌာန
ရုံးအမှတ်(၁၉)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၉၃၇၂၊ ၀၆၇-၄၀၉၁၆၀

ဝန်ထမ်းအလိုရှိသည်

ပင်လယ်စာမျိုးစုံအား ကျွမ်းကျင်စွာ ချက်ပြုတ်နိုင်သော အတွေ့အကြုံရင့်ကျက်သော စားဖိုမှူးအလိုရှိသည်။ (သင်၏အရည်အချင်းနှင့် ထိုက်တန်သောလစာကောင်းကောင်းပေးမည်။)

ဖုန်း-၀၉-၃၃၂၃၄၁၁၁

စာအုပ်စာပေ
လူ့မိတ်ဆွေ



◆စာမျက်နှာ ၁၅ မှ

(၁၁) စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ ဟဲကင်းကျေးလက်ကျန်းမာရေးဌာနခွဲ၊
(၁၂) စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ အောင်းပင်းကျေးလက်ကျန်းမာရေးဌာနခွဲ၊
(၁၃) စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ တပုတောကျေးလက်ကျန်းမာရေးဌာနခွဲ၊
(၁၄) စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ ကင်းပင်ကျေးလက်ကျန်းမာရေးဌာနခွဲ၊
(၁၅) စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ မြင်သာဦးကျေးလက်ကျန်းမာရေးဌာနခွဲ၊
(၁၆) စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ လိပ်ဆင်းတောင်ကျေးလက်ကျန်းမာရေးဌာနခွဲ၊
(၁၇) စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်၊ ကျော်ရွာကျေးလက်ကျန်းမာရေးဌာနခွဲ၊
(၁၈) စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်၊ ပျဉ်တောကျေးလက်ကျန်းမာရေးဌာနခွဲ၊
(၁၉) စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်၊ တဇယ်ချောင်ကျေးလက်ကျန်းမာရေးဌာနခွဲ၊
(၂၀) မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊အင်ကုန်းကျေးလက်ကျန်းမာရေးဌာနခွဲ၊
(၂၁) မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဆုံကုန်းကျေးလက်ကျန်းမာရေးဌာနခွဲ၊
(၂၂) မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ညောင်မှော်ကျေးလက်ကျန်းမာရေးဌာနခွဲ၊
(၂၃) မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ပျဉ်းချောင်းကျေးလက်ကျန်းမာရေးဌာနခွဲ၊
(၂၄) မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ထန်းပင်ကုန်းကျေးလက်ကျန်းမာရေးဌာနခွဲ၊
(၂၅) မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်၊ စံကျေးလက်ကျန်းမာရေးဌာနခွဲ၊
(၂၆) မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်၊ လယ်ဖြူ(၄)ကျေးလက်ကျန်းမာရေးဌာနခွဲ၊
(၂၇) မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ မိုးကြိုးကျေးလက်ကျန်းမာရေးဌာနခွဲ၊
(၂၈) မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ နန်းတော်ကျွန်းကျေးလက်ကျန်းမာရေးဌာနခွဲ၊
(၂၉) ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ကပိုင်ချောင်းကျေးလက်ကျန်းမာရေးဌာနခွဲ၊
(၃၀) ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ကျွန်းချောင်းကျေးလက်ကျန်းမာရေးဌာနခွဲ၊
(၃၁) ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ဆင်ပိုက်ကျေးလက်ကျန်းမာရေးဌာနခွဲ၊
(၃၂) ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ချိန်ခါလီကျေးလက်ကျန်းမာရေးဌာနခွဲ၊
(၃၃) ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ္မတူမြို့နယ်၊ မန်ဆာလုံကျေးလက်ကျန်းမာရေးဌာနခွဲ။

၄။ ကယားပြည်နယ်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ၏ ကျန်းမာရေးဆိုင်ရာတင်ပြချက်များအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေကို အောက်ပါအတိုင်း ရှင်းလင်းအပ်ပါသည် -

(က) ကယားပြည်နယ်၊ ဖားဆောင်းမြို့နယ်၊ (၂၅)ခုတင်ဆံ့ဆေးရုံအကြီးစားပြင်ဆင်ရန် လိုအပ်နေကြောင်း တင်ပြချက်နှင့်၊ စပ်လျဉ်း၍ ဖားဆောင်းပြည်သူ့ဆေးရုံကြီးတွင် ဝန်ထမ်းအိမ်ရာ(၂)ခန်းတွဲ(၂)လုံး၊ (၆)ခန်းတွဲ(၂)လုံးတည်ဆောက်ခြင်းအတွက် ရန်ပုံငွေကျပ်သန်း(၂၀၀)နှင့် ဓာတ်မှန်ဆောင် ဆောက်လုပ်ခြင်းအတွက် ရန်ပုံငွေကျပ်(၂၂)သန်းကို (၂၅-၄-၂၀၁၄)ရက် နေ့တွင် ခွဲဝေချထားပေးပြီးဖြစ်ပါသည်၊

(ခ) ဘောလခဲမြို့နယ်၊ ရွာသစ်တိုက်နယ်ဆေးရုံတွင် ဆရာဝန် လိုအပ်နေခြင်းကိစ္စတင်ပြချက်နှင့်စပ်လျဉ်း၍ လက်ထောက်ဆရာဝန်(၁)ဦးအား ရွာသစ်တိုက်နယ်ဆေးရုံတွင် ကျန်းမာရေးဝန်ကြီးဌာန၏ (၂၀-၃-၂၀၁၄) ရက်စွဲပါ စာအမှတ်၊ ၃မက(က)၂၀၁၄/၁-၈၄ ဖြင့် ခန့်အပ်ပြီးဖြစ်ပါသည်။

၅။ (၃-၂-၂၀၁၄)ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန် တင်ပြချက်များအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေအား အောက်ပါအတိုင်း ရှင်းလင်းအပ်ပါသည် -

(က) စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်၊ မလဲသာတိုက်နယ်ဆေးရုံတွင် ဓာတ်မှန်စက်(၁)လုံး ချထားပေးပါရန်နှင့် ယင်းမာပင်မြို့နယ်ဆေးရုံ၊ ကပိုင်တိုက်နယ်ဆေးရုံတို့တွင် လိုအပ်သောဆေးရုံသုံးပစ္စည်းများ ထောက်ပံ့ပေးရန် တင်ပြချက်အပေါ် ကျန်းမာရေးဦးစီးဌာန၏ (၂၈-၂-၂၀၁၄) ရက်စွဲပါ စာအမှတ်၊ ကုသ-၄/က-၈/၂၀၁၄(၀၇၂)ဖြင့် ထောက်ပံ့ပေးရန် ခွင့်ပြုထုတ်ပေးပြီးဖြစ်ပါသည်၊

(ခ) ရေဦးမြို့၊ ခုတင်(၁၀၀)ဆံ့ မြို့နယ်ဆေးရုံအတွက် အမှိုက်မီးရှို့စက်(၁)လုံးချထားပေးရန် တင်ပြချက်အပေါ် (၅-၃-၂၀၁၄)ရက်နေ့တွင် ရန်ပုံငွေကျပ် (၅. ၁)သန်းအား ခွဲဝေပေးပြီး ဖြစ်ပါသည်၊

(ဂ) စစ်ကိုင်းမြို့၊ တလိုင်းကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် တိုးမြှင့်ရန် တင်ပြချက်အပေါ် တလိုင်းကျေးလက်ကျန်းမာရေးဌာနခွဲသည်စစ်ကိုင်းမြို့နယ်ဆေးရုံနှင့်(၂၀)မိုင်၊ မင်းကွန်းတိုက်နယ်ဆေးရုံနှင့်(၉)မိုင်၊ ပဒူတိုက်နယ်ဆေးရုံနှင့်(၆)မိုင် ကွာဝေးပြီး လူဦးရေ(၁၂၀၀၀)ကျော်ရှိသဖြင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် (၂၀၁၄-၂၀၁၅)ခု၊ ဘဏ္ဍာရေးနှစ်တွင် တိုးမြှင့်ပေးရန် စီစဉ်လျက်ရှိပါသည်၊

(ဃ) မြောင်မြို့နယ်၊ မကျီးဘုတ်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဆင့်သို့ တိုးချဲ့ဖွင့်လှစ်ခွင့်ပြုကြောင်းကို (၁၂-၆-၂၀၁၄)ရက်နေ့မှစ၍ ခွင့်ပြုပြီးဖြစ်ပါသည်၊

(င) တန့်ဆည်မြို့နယ်ဆေးရုံ၊ ဖောင်းပြင်မြို့နယ်ဆေးရုံ၊ ကျွန်းလှမြို့နယ်ဆေးရုံများကို (၂၅) ခုတင်ဆံ့မှ (၅၀)ခုတင်ဆံ့အဖြစ် တိုးမြှင့်ရန် (၂၀၁၄-၂၀၁၅)ခု၊ ဘဏ္ဍာရေးနှစ်တွင် စီစဉ်ဆောင်ရွက်မည်ဖြစ်ပါသည်။

၆။ ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင် ပြည်သူ့ဆေးရုံ အကြီးစားမွမ်းမံခြင်းနှင့် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် (၂၀၁၄-၂၀၁၅)ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေကျပ်(၁၁၇. ၉)သန်းကို (၂၅-၄-၂၀၁၄)ရက်နေ့တွင် ကရင်ပြည်နယ်ကျန်းမာရေးဦးစီးဌာနသို့ လုပ်ငန်းဆောင်ရွက်နိုင်ရန် ရန်ပုံငွေခွင့်ပြုပြီးဖြစ်ပါသည်။

၇။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတို့သည် (၂၅-၄-၂၀၁၄)ရက်နေ့တွင် လှည်းကူးမြို့ နယ်၊ မင်းကုန်းကျေးရွာအုပ်စု၊ ဝါးယားကုန်းကျေးရွာသို့ ကွင်းဆင်းစစ်ဆေးပြီး ဖောင်ကြီး(အရှေ့)စံပြ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းအဆောက်အအုံရရှိရေး ဆောင်ရွက်ပေးနိုင်ပါရန် ညှိနှိုင်းခြင်းအပေါ် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဖောင်ကြီး(အရှေ့)စံပြကျေးရွာ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံကို (၂၀၁၄-၂၀၁၅)ခု၊ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၈။ ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်အတွင်း ကွင်းဆင်းခဲ့သည့် ခရီးစဉ်တွင် ကျေးရွာပြည်သူလူထု၏ တင်ပြချက်အပေါ် မြောင်မြို့နယ်၊ မြစ်သာကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနဖွင့်လှစ်ခွင့်ကို ကျန်းမာရေးဦးစီးဌာန၏ (၂၈-၂-၂၀၁၄)ရက်စွဲပါ စာအမှတ်၊ ကမဘ/ဃ-၁၁၈၄/၄၀ ဖြင့် ခွင့်ပြုမိန့်ထုတ်ပြန်ပေးပြီးဖြစ်ပါသည်။

လှိုင်သာယာ-တွံတေး မအူပင်ကားလမ်းဘေးရှိ ကျေးရွာများ မကြာမီမီးလင်းတော့မည်

တွံတေး ဇွန် ၂၀

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် လှိုင်သာယာ-တွံတေး မအူပင်ကားလမ်းဘေး၌ လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း လှိုင်သာယာဓာတ်အားခွဲရုံမှ ကျေးရွာများသို့လျှပ်စစ်မီးရရှိရေးအတွက် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ လှိုင်သာယာ-တွံတေးကားလမ်းမဘေး၌ ကွန်ကရစ်ဓာတ်တိုင်များ စိုက်ထူထားသည်ကို တွေ့မြင်နေရသည့်အတွက် ဒေသခံကျေးရွာများမှ ပြည်သူများမရရှိဖူးသေးသော လျှပ်စစ်မီးကို ရရှိတော့မည်ဖြစ်သည့်အတွက် ဝမ်းသာအားရ ဖြစ်နေကြပြီး ကျေးရွာများတွင် မီးလင်းရေးအတွက် မီးလင်းရေးကော်မတီများဖွဲ့စည်းကာ ကျေးရွာအတွင်း ဓာတ်တိုင်များစိုက်ထူရေးသက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**

ပျောက်ဆုံးခြင်း

ကျွန်မ မခိုင်ယဉ်မွန်[၁၄/ဒဒရ(နိုင်)၁၂၄၅၉၄]၏ နိုင်ငံကူးလက်မှတ် (A.412659) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၅၆-၂၅၄၇၉

သွေးသည် အသက်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား D.D.P(Hlaw Gar) (USD)/D.D.P(Paung Laung) (Kyat) ဖြင့် ဝယ်လိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
	Tender No.13/DHPI/Construction Power/2014-2015		
(က)	66KV ဓာတ်အားလိုင်း(၅. ၅)မိုင်နှင့်ဓာတ်အားခွဲရုံအတွက် လိုအပ်သောပစ္စည်းများ	1Lot	D.D.P(Hlaw Gar)(USD)
	Tender No. 14/DHPI/Construction Power/2014-2015		
(က)	11KV ဓာတ်အားလိုင်း(၄. ၁)မိုင်အတွက်ပစ္စည်းများ	1Lot	D.D.P(Paung Laung)(Kyat)
(ခ)	33KV ဓာတ်အားလိုင်း(၂)မိုင်အတွက်ပစ္စည်းများ	1Lot	D.D.P(Paung Laung)(Kyat)

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ ၁၆-၇-၂၀၁၄ ရက် ၁၂ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းရမှတ် (၆၀)ကျော်သောကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ (Price Proposal) ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ်(Overall Score) အများဆုံးကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ အမှတ်(၁)ဓာတ်အားခွဲရုံဝင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဂိတ်အမှတ်(၃)အနီး၊ နေပြည်တော်တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၃၅၃၁၊ ၀၉-၂၅၀၃၄၅၃၄၉၊ ၀၉-၄၅၀၅၃၉၂၄၈၊ ၀၉-၄၂၀၇၁၆၈၉၊ ၀၉-၄၂၀၇၀၁၃၄၆၊ ဖက်စ်-၀၆၇-၄၁၃၅၃၁

ဖခင်အမည်မှန်

နောင်ချိုမြို့ အထက(ခွဲ) နဝမတန်းမှ မယွန်းနဒီဇော်နှင့် သတ္တမတန်းမှ မခိုင်သဇင်မော်တို့၏ ဖခင်အမည်မှန်မှာ ဦးသောင်းဝင်းဖြစ်ပါကြောင်း။
ဦးသောင်းဝင်း

ဖခင်အမည်မှန်

ရွှေပြည်သာ-လှော်ကား အထက(၂)၊ နဝမတန်း(D)မှ မနာဦး၏ ဖခင်အမည်မှန်မှာ ဦးကျခူ[၁၃/မနတ(နိုင်)၀၀၀၀၃၆] ဖြစ်ပါကြောင်း။
ဦးကျခူ



မြန်မာ့သစ်လုပ်ငန်း
ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
ကချင်ပြည်နယ်-မြစ်ကြီးနားမြို့

စက်မှုကုန်ကြမ်း သစ်လုံး/သစ်ခွဲသား အိတ်ဖွင့်လေလံကြော်ငြာအမှတ် -၀၂/၂၀၁၄-၂၀၁၅

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ စက်မှုကုန်ကြမ်းသစ်လုံး/သစ်ခွဲသားများကို အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

(က) ရောင်းချမည့်ရက်နှင့်အချိန် -၉-၇-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)၊ နံနက်(၁၀)နာရီ
(ခ) ရောင်းချမည့်အမျိုးအစားနှင့်တန် -ပုံစံ(၈)ကျွန်းဒါးရွှေတုံး ၃၀ တန်
-ပုံစံ(၈)ကျွန်းသစ်လုံး ၃ တန်
-သစ်မာသစ်လုံး(ကညင်) ၁၅၁ တန်
-သစ်မာသစ်လုံး ၄၇ တန်
-ပုံစံ(၈)သစ်မာသစ်လုံး ၂၇၂၅ တန်
(သင်္ကန်း/ကညင်/စကားဝါ/ယင်းမာ/ယမနေ/ခလောင်/အခြားသစ်မာမျိုးစုံ)
(ဂ) ရောင်းချမည့်နေရာ -မန်နေဂျာရုံး၊ ပြည်တွင်းရောင်း/စက်ဌာန၊ မြစ်ကြီးနားမြို့

၂။ အိတ်ဖွင့်လေလံနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်း/စက်ဌာန(ရုံးချုပ်)နှင့် မြန်မာ့သစ်လုပ်ငန်း Website ဖြစ်သော www. myanmartimber.com.mm တွင် လည်းဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

အိတ်ဖွင့်လေလံဖွင့်လှစ်ရောင်းချရေးကော်မတီ၊ မြန်မာ့သစ်လုပ်ငန်း၊ ကချင်ပြည်နယ်

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်-၁ဂ/၃၅၆၇၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားရေးမှူးဦးစီးဌာန
ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ဘားအံမြို့တွင် မိုးသက်လေပြင်းတိုက်၍ သစ်ပင်လဲပြိုကျကာ ဓာတ်အားလိုင်းများ ပြတ်တောက်

ဘားအံ၊ ဇွန် ၂၀

ကရင်ပြည်နယ်၊ ဘားအံမြို့တွင် ဇွန် ၁၇ ရက် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်ခန့်က မိုးသက်လေပြင်းများ ပြင်းထန်စွာတိုက်ခတ်သဖြင့် နယ်မြေခံ တပ်မဌာနချုပ်ဝင်းအတွင်းရှိ သက်တမ်းရင့် ဖက်သန်းပင်ကြီးလဲပြိုကျရာ တပ်မခြံစည်းရိုး အုတ်တံတိုင်း ၁၅ ပေခန့်နှင့် ပြည်နယ်လျှပ်စစ်ရုံးအရှေ့ ဗိုလ်ချုပ်လမ်းမပေါ်ရှိ မီးတိုင်တစ်တိုင်မှာ ယိုင်လဲသွားပြီး လျှပ်စစ်မီးတိုင်လေးတိုင်မှာ လဲကျပျက်စီးသွားသဖြင့် ဘားအံမြို့တွင် လျှပ်စစ်ဓာတ်အား ခေတ္တပြတ်တောက်သွားခဲ့၍ အခင်းဖြစ်နေရာတွင် ယာဉ်ကြောတစ်ခြမ်းပိတ်ဆို့ခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် လဲပြိုသွားသော ဖက်သန်းပင်အား ပိုင်းဖြတ်၍ရှင်းလင်းဖယ်ရှားနေစဉ်။

၎င်းလဲပြိုကျသွားသော သစ်ပင်အား တပ်မတော်သားများ၊ စည်ပင်ဝန်ထမ်းများ၊ လျှပ်စစ်ဝန်ထမ်းများက အမြန်ဆုံးရှင်းလင်းဖယ်ရှားပေးခဲ့ပြီး ယာဉ်ကြောများပိတ်ဆို့မှုမရှိအောင် ယာဉ်ထိန်းရဲများက တာဝန်ယူဆောင်ရွက်ခဲ့သည်။

မြို့နယ်လျှပ်စစ်ဌာနမှ လဲကျယိုင်လဲ ပျက်စီးသွားသော ဓာတ်တိုင်များအား အမြန်ဆုံးစိုက်ထူနိုင်ရေးနှင့် ဓာတ်အားအမြန်ဆုံးပြန်လည်ရရှိရေးအတွက် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ချိန်မှစတင်၍ ရှစ်နာရီခန့် ဓာတ်အားပြတ်တောက်မှုများ ဖြစ်ခဲ့ရသော်လည်း ည ၈ နာရီခန့်တွင် လျှပ်စစ်ဓာတ်အားလိုင်းများ ကောင်းမွန်စွာဆောင်ရွက်ပြီးစီး၍ မြို့ခံပြည်သူများ ပုံမှန်အတိုင်းလျှပ်စစ်မီးများကို ပြန်လည်သုံးစွဲနိုင်ခဲ့သည်။

ထွန်းထွန်းထွေး(ဘားအံ)

ဆိုလာစနစ်ဖြင့် ပုလဲမြို့နယ် နွယ်အင်းကျေးရွာရှိ အိမ်ခြေ ၂၂၀ မီးလင်း

ပုလဲ၊ ဇွန် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ နွယ်အင်းကျေးရွာတွင် သမဝါယမဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၏ မတည်လှူဒါန်းငွေကျပ် ၆၆ သိန်းနှင့် ကျေးရွာနေပြည်သူများ၏ ထည့်ဝင်ငွေကျပ် ၄၄ သိန်းတို့ဖြင့် ကျေးရွာမီးလင်းရေးကို ဆောင်ရွက်ခဲ့ရာ ဇွန် ၁၀ ရက်တွင် အိမ်ထောင်စု ၂၂၀ ကို မီးလင်းစေခဲ့ကြောင်း သိရသည်။

“သမဝါယမဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း နွယ်အင်းကျေးရွာကို လာရောက်တဲ့ခရီးစဉ်မှာ ဆိုလာစနစ်နဲ့ လျှပ်စစ်မီးလင်းနိုင်ရေးအတွက် ငွေကျပ် ၆၆ သိန်းကို မတည်လှူဒါန်း ပေးခဲ့ပါတယ်။ ပစ္စည်းတန်ဖိုးက တစ်ခုကိုငွေကျပ်ငါးသောင်းကျပါတယ်။ ရွာက အိမ်ထောင်စု ၂၂၀ ဆိုတော့ ကျေးရွာက တစ်အိမ်ထောင်ကို ငွေကျပ်နှစ်သောင်းပဲ ကျခံပါတယ်။ ပထမအသုတ် ၁၉၅ လုံး၊ ဒုတိယအသုတ် ၂၅ လုံး စုစုပေါင်း ၂၂၀ နဲ့ ဇွန် ၁၀ ရက်မှာ ဆိုလာစနစ်နဲ့ နွယ်အင်းကျေးရွာက မီးလင်းခဲ့ပြီဖြစ်ပါတယ်”ဟု ပုလဲမြို့နယ် လျှပ်စစ်မှူး ဦးမြင့်သိန်း၏ ပြောကြားမှုအရ သိရသည်။

“ကျွန်တော် အသက် ၅၀ ကျော်ပါပြီ။ ငယ်စဉ်ဘဝကနေ ယနေ့အချိန်အထိ ညအချိန်တွေမှာ ရေနံဆီမီးခွက်တို့၊ ဖယောင်းတိုင်တို့နဲ့ပဲ ဖြတ်သန်းခဲ့တာပါ။ မီးစက်တွေပေါ်လာတော့ တစ်ညသုံးနာရီလောက်ကို စီးပွားရေးအဆင်ပြေတဲ့ အိမ်က မီးပေးပေမယ့် တစ်လငွေကျပ် ၃၀၀၀ ဆိုတော့ အများစုက မီးကိုမယူနိုင်ဘူးလေ။ ကျေးရွာက မဟာဓာတ်အားလိုင်းနဲ့ဝေးတော့ လျှပ်စစ်မီးမဆွဲနိုင်ဘူးလေ။ ဖေဖော်ဝါရီလအတွင်းရွာကို သမဝါယမပြည်ထောင်စုဝန်ကြီး လာတဲ့ခရီးစဉ်မှာ ဆိုလာစနစ်နဲ့ မီးလင်းနိုင်အောင်လို့ တစ်အိမ်ထောင် ငွေကျပ် ၃၀၀၀၀ နှုန်းနဲ့ မတည်လှူဒါန်းပေးမယ်။ ကုန်စရိတ်ကျန်ငွေကို အိမ်ထောင်စုတွေက ကျခံပြီး ကျေးရွာမီးလင်းရေး ဆောင်ရွက်ပါဆိုပြီး မတည်ငွေ ကျပ် ၆၆ သိန်း လှူဒါန်းပေးခဲ့ပါတယ်။ အခုလို အမှောင်ထုအတွင်းကနေ ဆိုလာစနစ်နဲ့ ကျေးရွာမီးလင်းနိုင်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့တဲ့ ပြည်ထောင်စုဝန်ကြီးကိုလည်း ကျေးဇူးတင်ရှိပါတယ်”ဟု ပုလဲမြို့နယ်၊ နွယ်အင်းကျေးရွာမှ ဦးမြို့မောင်က ပြောသည်။

မြင့်သိန်းစိုး(ပြန်/ဆက်)

ကော့ကရိတ်မြို့နယ်၊ ကော့ဘိန်းစံပြကျေးရွာဈေး အမှိုက်အညစ်အကြေးများ ရှင်းလင်းမှုအားနည်း

ကော့ကရိတ်၊ ဇွန် ၂၀

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ကော့ဘိန်းစံပြကျေးရွာရှိ တိုက်နယ်ဈေးတွင် အမှိုက်သရိုက်များကို သက်ဆိုင်ရာတာဝန်ရှိဌာနမှ ဖယ်ရှားရှင်းလင်းမှုအားနည်း၍ တစ်နေ့ထက်တစ်နေ့ အမှိုက်သရိုက်ပိုမိုများပြားလာကာ ပွင့်လင်းရာသီ နွေကာလတွင် မီးဘေးအန္တရာယ်နှင့် မိုးရာသီတွင်လည်း ရေဆိုးထွက်ပေါက်စနစ်တကျမရှိခြင်းတို့ကြောင့် ဈေးသူဈေးသားနှင့် ဈေးဝယ်လာသူ လုပ်သားပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်နေကြကြောင်း သိရသည်။

ကော့ဘိန်းတိုက်နယ် စည်ပင်သာယာမှ ဈေးတွင် စည်ပင်ခွန်ကို ပုံမှန်ကောက်ခံနေသော်လည်း လုပ်သားအင်အားနည်းပါးမှုကြောင့် ဈေးသန့်ရှင်းရေးဆောင်ရွက်နိုင်မှု အားနည်း၍ သားငါးတန်းနှင့်ကပ်လျက်နေရာတွင် အမှိုက်များစုပုံနေပြီး အညစ်အကြေးရေဆိုးများနှင့် အမှိုက်သရိုက်များရောထွေးနေသဖြင့် အနံ့အသက်ဆိုးများထွက်နေကြောင်း ဈေးသူဈေးသားများက ပြောသည်။ ကော့ဘိန်းဈေးတွင် ကျန်းမာရေးနှင့်ကိုက်ညီသော လေကောင်းလေသန့်ရရှိရေးနှင့် မီးဘေးကင်းစင်စေရန် အမှိုက်ပုံကြီးအား ရှင်းလင်းသင့်ကြောင်း ဒေသခံများကပြောသည်။

ထွန်းထွန်းထွေး(ဘားအံ)

ကလေးဝ–ယာကြီးလမ်း သွားလာမှုခက်ခဲ၍ ကလေးဝ–ရေဦး–မုံရွာ လမ်းကြောင်းတွင် ယာဉ်လိုင်းများ ပြောင်းလဲပြေးဆွဲ

ကလေးဝ၊ ဇွန် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့မှ ယာဉ်လိုင်းများအနေဖြင့် ပုံမှန်ပြေးဆွဲနေသော ယာကြီးလမ်းမှာ မိုးရာသီတွင်သွားလာရန် ခက်ခဲသောကြောင့် ကလေးဝ-ရေဦး-မုံရွာ လမ်းအတိုင်း ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

“မိုးရာသီဆိုတော့ ယာကြီးလမ်းက အသုံးပြုလို့မရဘူးလေ။ ကားလေးတွေတော့ သွားကြတယ်။ ရှမ်းတောင်တန်း ပါဂျဲရိုးကားတွေ၊ စိုးမိုးသူက ကားလေးတွေ၊ ရွှေလွင်ပြင်က ကားတွေတော့ သွားကြတယ်။ ယာကြီးလမ်းက ယခုအချိန်မှာ ဖိုးဝိုးပါတဲ့ ကားအမြင့်တွေပဲ သွားနိုင်ကြတယ်” ဟု ကလေးဝ ဒေသခံတစ်ဦးက ပြောသည်။

“ကလေးဝမြို့အနေနဲ့ဆိုရင် ကားဂိတ်က ရွှေမြန်မာတစ်ဂိတ်ပဲရှိပါတယ်။ ရွှေမြန်မာကားဂိတ်ကတော့ ကလေးဝ-ရေဦး-မဟာမြိုင်လမ်းအတိုင်း သွားပါတယ်။ လမ်းကတော့ နည်းနည်းပိုရှည်သွားတာပေါ့။ သွားမယ်ဆိုရင် ကလေးဝကနေ ယုဇလယ်၊ အောင်ချမ်းသာ၊ သက္ကယ်ကျင်း၊ ပျဉ်းကိုင်း၊ တောကျင်၊ ကံထူးမ၊ ရေဦးအထိဆိုရင် ၁၀၅ မိုင် လေးဖာလုံ ရှိပါတယ်။ ကားခကတော့ ကလေးဝကနေ မုံရွာအထိဆို ငွေကျပ် ၆၀၀၀ ပေးရပါတယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

“မဟာမြိုင်လမ်းဆိုတာက ယခင်တုန်းကတော့ ကလေးမြို့၊ တမူးမြို့နဲ့ ချင်းပြည်နယ်မြောက်ပိုင်း ကားတွေအတွက် အဓိကလမ်းမကြီး ဖြစ်ခဲ့ပါတယ်။ သဲချောင်းတွေကလည်း ပေါတယ်ဗျ။ တံတားတွေလည်း ကြံ့ခိုင်မှုအားနည်းလာတာတစ်ကြောင်း၊ အတက်အဆင်းတွေလည်း ကြမ်းတာတစ်ကြောင်း၊ တောကောင်တွေလည်း ပေါတာကြောင့် အသုံးပြုမှုအားနည်းလာခဲ့တာပါ။ နောက်ပြီးတော့လည်း ယာကြီးလမ်းက ၂၀၀၀ ပြည့်နှစ်လောက်မှာ ဖောက်ခဲ့ပြီး လမ်းကြောင်းကလည်း ပိုတိုတာကြောင့် ကလေးဝ-ရေဦးလမ်းကို အသုံးပြုမှုမရှိခဲ့တာပါ။ အခုတော့ ကလေးဝ-ရေဦးလမ်းကို ပြန်ပြီးအသုံးပြုလာကြပါပြီ။ ချင်းတွင်းတံတားသာ ဆောက်လုပ်ပြီးပါက ဒီလမ်းကပိုပြီး စည်ကားလာဦးမှာပါ” ဟု ကားဆရာတစ်ဦးက ပြောသည်။

လင်းလက်ကြယ်စင်

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

“အားသစ်” ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းကျောင်း ၂၀၁၄ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင်

(၆)ဘာသာဂုဏ်ထူးရှင် (၃)ဦးဖြစ်သော

မသက်စုစံ	(ဆတမ-၂၇၆)	(အမှတ်ပေါင်း-၅၄၃ မှတ်)
မစုခိုင်ဖြိုး	(ဆတမ-၃၄၆)	(အမှတ်ပေါင်း-၅၁၇ မှတ်)
မောင်တင်ထိုက်	(ဆတမ-၃၀၀)	(အမှတ်ပေါင်း-၅၁၇ မှတ်)

နှင့် (၅)ဘာသာဂုဏ်ထူးရှင် (၃)ဦး၊ (၄)ဘာသာဂုဏ်ထူးရှင် (၃)ဦး၊ ကျန်ဂုဏ်ထူးရကျောင်းသား/သူများအားလုံး ကို ထူးချွန်စွာ အောင်မြင်ခဲ့ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဂုဏ်ထူးရှင်များဖြစ်အောင် အားကြိုးမာန်တက် စေတနာထား၍ သင်ကြားပေးခဲ့သော ဆရာ၊ ဆရာမကြီးများနှင့် အနီးကပ် Guide ပြုလုပ်ပေးသော ဆရာ၊ ဆရာမအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကိုယ်တိုင်သင်ကြား- အုပ်ချုပ်သူ- ဆရာ ဦးခင်မောင်(အားသစ်)

သင်တန်းအုပ်ချုပ်သူ- ဒေါ်ချိုချို၊ ဒေါ်လှလှရီ

“အားသစ်” (ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းကျောင်း)

အမှတ်-၄၃၇၊ (၂)လွှာ၊ ကျိုက္ကဆံလမ်း၊ တာမွေအခွန်လွတ်ဈေးရှေ့၊ တာမွေ၊ ရန်ကုန်။

ဖုန်း-၀၉-၄၃၁၂၅၉၄၀၊ ၀၉-၇၃၀၈၇၉၄၇၊ ၀၉-၃၁၈၆၆၅၅၀

အသက်မွေးဝမ်းကျောင်းအတွက်ဖြစ်စေ၊ မိမိ မိသားစုအတွက်ဖြစ်စေ သင်ထားပါ

အေးမွန်ရတနာ အမျိုးသမီး အပ်ချုပ်သင်တန်း

ဒေါ်ခင်ဝင်းရီ **B.A, B.Ed**

အမှတ် - ၃၉(ဂ)၊ အောင်ဇေယျလမ်းမကြီး၊ ကျောက်ကုန်းမီးပွိုင့်အနီး၊ ရန်ကင်းမြို့နယ်

အိမ်သင်- (တာမွေ၊ သဃ်န်းကျွန်း၊ ရန်ကင်း၊ တောင်ဥက္ကလာပမြို့နယ်၊ ဗဟန်း) နယ်မှလူများအတွက် အဆောင်ရှိသည်။

ဖုန်း-၅၇၉၈၂၅၊ ၅၆၄၇၃၆၊ ၀၉- ၄၂၀၃၂၀၃၆၈၊ ၀၉-၄၂၀၀၀၆၈၀၉

အမည်ပြောင်းခြင်း

အဖ ဦးမျိုးမင်းထွန်း၏သား အထက(၂) မင်္ဂလာဒုံ၊ အောင်ဆန်းသူရိယ လှသောင်းကျောင်း တတိယတန်း(A)မှ မောင်အဂ္ဂကျော်အား မောင်အဂ္ဂဟု ပြောင်းလဲခေါ်ပါရန်။

မိခင်အမည်မှန်

ဒဂုံမြို့နယ် အထက(၁)၊ ဒဂုံ အဌမတန်း (D)မှ မဆုမြတ်ကွန်းဇော်၏ မိခင်အမည်မှန်မှာ ဒေါ်မိုးမိုးလွင်[၉/မနတ(နိုင်)၀၇၄၅၆၆] ဖြစ်ပါကြောင်း။ ဒေါ်မိုးမိုးလွင်

ဆောင်းပါး

နျူကလီးယားနည်းပညာ အသုံးချရာဝယ်

à oyÜ&wpfD

ယမန်နေ့မှ အဆက်

မောင်လံဘား။ ။အရမ်းပဲ အားကျဖို့ကောင်းပါတယ် ဆရာ။ ဆက်ပြီးကျန်းမာရေးကဏ္ဍနဲ့ ဓာတ်ရောင်ခြည် ပတ်သက်ပုံလေး လုပ်ပါဦးဆရာ။

ကျွန်တော်။ ။ရောဂါရှာဖွေရေးအတွက်သုံးတဲ့ အများပြောနေကြတဲ့ ဓာတ်မှန်ရိုက်တာဆိုရင် အိပ်စ်ရောင်ခြည်ကိုသုံးတာပေါ့ကွ။ သူက ခန္ဓာကိုယ်အစိတ်အပိုင်းတွေနဲ့ တစ်သျှူးတွေကို မူမမှန်တဲ့ပြောင်းလဲမှုတွေကို ပုံရိပ်ဖော်ပေးတာကောင်းတယ်။ အဲ-ကုသရေးအတွက် ရောဂါရှာဖွေရေးဟာ တိကျဖို့လိုအပ်လာပြီဆိုရင်တော့ ဂမ္မာရောင်ခြည်ထွက်စေတဲ့ ရေဒီယိုအိုင်ဆိုတုပ်တစ်မျိုးဖြစ်တဲ့ တက်နီရှမ် (Technetium) ကို လူနာအားထိုးပေးခြင်း(သို့)မျိုချစေခြင်းတို့ ပြုလုပ်ပြီး ခေတ်မီပုံရိပ်ဖော်စက်အမျိုးမျိုးနဲ့ ရောဂါကို နေရာအတိအကျ ရှာဖွေနိုင်စေတာလဲ ဒီဓာတ်ရောင်ခြည်တွေရဲ့ ကျေးဇူးပေါ့မောင်ရာ။ ကုသရေးမှာဆိုရင်လည်း လည်ပင်းကင်ဆာဆိုရင် ဂမ္မာရောင်ခြည်ထွက်စေတဲ့ အိုင်အိုဒင်း (Iodine) နဲ့ အခြားသောကင်ဆာတွေဆိုရင် ဂမ္မာရောင်ခြည်ထွက်စေတဲ့ ဆစ်စီယမ် (Caesium) ကိုဘော့ (Cobalt) တို့ကိုသုံးပြီး ကင်ဆာဆဲလ်တွေကို ဖျက်ဆီးပစ်တယ်လေကွာ။ အရပ်အခေါ် ဓာတ်ကင်တာပေါ့ကွာ။ ချမ်းသာတဲ့နိုင်ငံတွေမှာတော့ ရေဒီယိုအိုင်ဆိုတုပ်သုံးပြီး ကုသမှုရဲ့ နောက်ဆက်တွဲအားနည်းချက်တွေကြောင့် အိပ်စ်ရောင်ခြည်၊ စွမ်းအင်မြင့်အီလက်ထရွန်ရောင်ခြည်၊ နယူထရွန်ရောင်ခြည်နဲ့ ပရိုတွန်စတာတွေနဲ့ ကုသပေးနေတယ်ကွ။

မောင်လံဘား။ ။ရေဒီယိုအိုင်ဆိုတုပ်သုံးပြီး ကုသမှုရဲ့ နောက်ဆက်တွဲအားနည်းချက်တွေဆိုတာ ဘာတွေလဲ ဆရာ။

ကျွန်တော်။ ။ရေဒီယိုအိုင်ဆိုတုပ်(သို့)ရေဒီယိုသတ္တိကြွပစ္စည်းတွေရဲ့ ဓာတ်ရောင်ခြည်ထုတ်ပေးနိုင်မှုဟာ သက်တမ်းရှိတယ်ကွ။ အဲဒီသက်တမ်းကုန်ရင် ကင်ဆာဆဲလ်တွေကို ဖျက်ဆီးပစ်နိုင်စွမ်း မကောင်းတော့ဘူး။ ဒါပေမယ့် အဲဒီကောင်ကို သုံးစားလို့မရတဲ့ကောင်ဆိုပြီး လျှော့တော့မတွက်လိုက်နဲ့မောင်။ သူ့ဆီကနေ အန္တရာယ်ရှိတဲ့ ဓာတ်ရောင်ခြည်တွေကတော့ အချိန်နဲ့အမျှ နှစ်ပရိစ္ဆေဒကြာသည်အထိကို ထွက်နေတော့မှာလေ။ အဖွင့်နဲ့စခဲ့ရပြီး အပိတ်မရတော့ ဘယ်နားသိမ်းထားရမှန်းမသိတာ။ အကြမ်းဖက်သမားတွေရဲ့ လက်ထဲရောက်သွားမှာ စိုးရိမ်ရတာ။ စတာတွေဟာ သူ့အားနည်းချက်တွေပေါ့ကွာ။

မောင်လံဘား။ ။သာမန်မျက်စိနဲ့မမြင်နိုင်တဲ့ ဖောက်ထွင်းအားပြင်းတဲ့ ဓာတ်ရောင်ခြည်တွေ ထွက်နေမှာဆိုတော့ အန္တရာယ်များမှာပေါ့နော် ဆရာ။

ကျွန်တော်။ ။အန္တရာယ်များတာတင်မဟုတ်ဘူး အရမ်းကို အန္တရာယ်များတာ။ ဘာကြောင့် အရမ်းထည့်ရမှာလည်းဆိုတာ သိသွားရအောင် ၁၉၈၇ ခုနှစ်၊ စက်တင်ဘာလထဲမှာ ဘရာဇီး(လ)နိုင်ငံ ဂိုယောနီးယား (Goiania) မြို့မှာဖြစ်ခဲ့တဲ့ ဓာတ်ရောင်ခြည်နဲ့ ပတ်သက်ပြီး ဆိုးကျိုးဖြစ်ပွားခဲ့တဲ့ စိတ်မချမ်းမြေ့ဖွယ် ပေါ့ဆဖြစ်ရပ်အကြောင်း ပြောပြမယ်။

မောင်လံဘား။ ။ကောင်းတာပေါ့ဆရာရယ်၊ ကောင်းကွက်ချည်းပဲဆိုတော့ အီလာပြီ။

ကျွန်တော်။ ။ဒုတိယကမ္ဘာစစ်ပြီးကတည်းက ရေဒီယိုသတ္တိကြွပစ္စည်းတွေကထုတ်တဲ့ ဓာတ်ရောင်ခြည်ကိုသုံးပြီး ကင်ဆာရောဂါကုသတဲ့စက်တွေကို ဘရာဇီး(လ)နိုင်ငံဟာ အမေရိကန်ကနေ အမြောက်အမြား တင်သွင်းခဲ့တယ်။ စာရင်းကောက်ယူမှု၊ စောင့်ကြပ်စစ်ဆေးမှု၊ စည်းကမ်းလိုက်နာမှုမရှိသလောက် အားနည်းခဲ့တယ်။ ဒါကြောင့် စက်တင်ဘာလ ၁၃ ရက် နေ့လည်လောက်မှာ ပြဿနာစတင်ခဲ့တယ်။ ဘရာဇီး(လ)နိုင်ငံ၊ ဂိုယာ့(စ်)ပြည်နယ်ရဲ့ မြို့တော် ဂိုယာနီးယားမှာ အသုံးမပြုတော့တဲ့ဆေးရုံဟောင်းရဲ့ ကင်ဆာကုသဆောင်ကနေ ခဲ၊ သံနဲ့သတ္တုစပ်တွေပါဝင်တဲ့ ထုလုံးရှည်ကြီးတစ်ခုကို အထဲမှာတန်ဖိုးရှိတာပါမှာဘဲဆိုတဲ့ အတွေးနဲ့ (စတီးလ်ကာဗာဆိုတော့ ပြောင်နေတာကိုး) အမှိုက်ကောက်သမားနှစ်ယောက်က သူတို့ရဲ့ တွန်းလှည်းပေါ်တင်ပြီး ခိုးယူခဲ့ကြတယ်။ အဲဒီထဲမှာ တကယ်ပါတာက အလွန်အန္တရာယ်များတဲ့ ရေဒီယိုသတ္တိကြွပစ္စည်း ဆစ်စီယမ်ကလိုရိုဒ် (Caesium Chloride) အမှုန့် ၂၈ ဂရမ်နဲ့ အခြားအစွမ်းမဲ့အမှုန့် ၆၅ ဂရမ် ရောပြီးဆန်စေ့အရွယ်ရှိတဲ့ အတောင့်ပုံစံသွင်းထားတဲ့ (ရီမုတ်ကွန်ထရိုးသုံး ဓာတ်ခဲအသေးလေးလုံးခန့်) မင်းသားချောတွေပေါ့ကွာ။ သူတို့အိမ်ရောက်တော့ သရက်ပင်အောက်ချပြီး ဖွင့်ဖို့ကြိုးစားကြတော့တာပဲ။ ညနေရောက်တော့ မောင်မင်းကြီးသားများ အန်ကြပြီလေ။ အဲ-လူ့လောဘစိတ် ဘယ်လောက်ကြောက်စရာကောင်းလဲဆိုတော့ အန်လို့သာနေတယ် အဖွင့်မပျက်ဘူးဗျ။ နောက်နေ့မနက်ကျတော့ နှစ်ယောက်လုံး မအီမသာဖြစ်တယ်၊ မူးဝေနေတယ်။ လက်တွေရောင်နေပြီး ရောင်ခြည်လောင်တဲ့အကွက်တွေ တွေ့ရတယ်။ ရပ်မယ်ထင်သလား၊ မရမ်းရေးချမရပ်မောင်။ ထုရင်းရိုက်ရင်းကြိုးစားရင်းနဲ့ပဲ အပြာရင့်ရောင်အလင်းလေး မြင်ဖူးတာရယ်၊ အရောင်လက်နေတဲ့ အမှုန့်အနည်းငယ်ရလိုက်တာရယ်ပဲရှိတယ်။ ဒီလိုနဲ့ စက်တင်ဘာ ၁၈ ရက်မှာတော့ လက်လျှော့ပြီး အနားက တိုလီမိုလီဝယ်တဲ့ဆိုင်ကို ရောင်းလိုက်တော့တယ်။ ရလဒ်ကတော့ တစ်ယောက်က ညာလက်ဖျံဖြတ်လိုက်ရပြီး၊ တစ်ယောက်က ညာလက်ဖျံဖြတ်လိုက်ရပြီး တစ်ယောက်က လက်ချောင်းတော်တော်များများ ဖြတ်လိုက်ရတယ်။

> **သူ့ဆီက အန္တရာယ်ရှိတဲ့ ဓာတ်ရောင်ခြည်တွေကတော့ အချိန်နဲ့အမျှ နှစ်ပရိစ္ဆေဒကြာသည်အထိ. . .**

မောင်လံဘား။ ။ဟာ-ကြောက်စရာကြီးပါလား ဆရာရယ်။

ကျွန်တော်။ ။မကြောက်နဲ့အုံးကွ၊ သူတို့ရောင်းလိုက်တဲ့ ဆိုင်ရောက်မှ ဇာတ်ရှိန်ကတက်တော့တာမောင်ရ။ အဲဒီမှာ ဝယ်လိုက်တဲ့သူက အပြာရင့်ရောင်အလင်းလေး ထွက်နေတဲ့ (ဆစ်စီယမ်ကလိုရိုဒ်အမှုန့်ပါတဲ့)ဘူးလေးကို အထဲမှာ တန်ဖိုးရှိတာသော်လည်းကောင်း၊ သဘာဝလွန်ပစ္စည်း တစ်မျိုးမျိုးသော်လည်းကောင်း ပါမယ်လို့တွေးပြီး ဆိုင်ကနေ အိမ်ကိုယူလာခဲ့တယ်။ အနီးကလူတွေ၊ မိသားစုတွေကို ထူးဆန်းတဲ့အလင်းလေးကို လာကြည့်ဖို့ ဖိတ်ခေါ်ပြီး ပြတယ်။ ပြီးတော့ လာကြည့်တဲ့လူတွေကိုလည်း ဘူးလေးဖွင့်နိုင်သူကို ဆုချမယ်လို့ပြောလိုက်တယ်။ အဲ-သုံးရက်မြောက်နေ့မှာတော့ စတီးလ်နှစ်ထပ်ကာရံထားတဲ့ဘူးလေးဟာ ပွင့်သွားခဲ့ပြီး မင်းသားချောတွေ ထွက်လာပါရောဗျ။ ဝေပြီပေါ့ကွာ။ မင်းရအောင်ဖွင့်နိုင်တယ် သုံးစေ့ယူ၊ မင်းကငါ့ညီ ငါးစေ့နဲ့ အပြင်ကအမှုန့်အကုန်ယူ၊ ညတောင်မအိပ်ဘဲ သုံးရက်လုံးကြိုးစားဖွင့်ရှာတဲ့ ငါ့ဆိုင်ကနှစ်ကောင် နှစ်စေ့စီယူ၊ ဟိုဘက်အိမ်ကဦးလေးရဲ့ သမီးချောလေး သုံးစေ့ယူ၊ အို-ဒီကောင်မလေး ထွားလာလိုက်တာ၊ မှတ်တောင်မမှတ်မိဘူး၊ ရော့-သုံးစေ့ယူ။ ကျန်တာတွေက ငါ့မိန်းမအတွက်ဆိုပြီး ဝေမှာပေါ့။ သေဆုံးတဲ့လူတွေကြည့်ပြီး မှန်းဆရတာ။

မောင်လံဘား။ ။ဘယ်နှစ်ယောက်သေသလဲဆရာ။

ကျွန်တော်။ ။သေဆုံးရန်လုံလောက်သောဓာတ်ရောင်ခြည်ပမာဏ (Lethal Dose) ကြောင့် သေဆုံးသူက လေးယောက်ကွ။ ဆိုင်ဝန်ထမ်းနှစ်ယောက်ရယ်၊ ညီက အစာစားနေတဲ့ သူ့ရဲ့ ခြောက်နှစ်အရွယ်သမီးကို အမှုန့်အချို့ပေးဆော့မိတော့ ဗိုက်ထဲထိရောက်သွားတဲ့ကလေး တစ်ယောက်နဲ့ နောက်ထပ်တစ်ယောက်က . . .

မောင်လံဘား။ ။သူ့မိန်းမလား ဆရာ။

ကျွန်တော်။ ။ဂွတ်၊ အဲဒီလေးယောက်က အောက်တိုဘာလထဲမှာ ဆိုးရွားတဲ့ ကောင်းသောသေခြင်းမဟုတ်တဲ့ ဝေဒနာတွေခံစားရင်း ဆက်တိုက်ဆိုသလို သေဆုံးခဲ့ရရှာတယ်။ နောက်ဆက်တွဲအကျိုးဆက် (Late Effect) ကြောင့် သေဆုံးသူလဲ အတော်များများရှိလာခဲ့သတဲ့ကွ။

မောင်လံဘား။ ။အရမ်းကိုကြောက်စရာပါလား ဆရာရယ်။ အဲဒီလိုဖြစ်ရပ်မျိုးတွေနဲ့ ကျွန်တော်တို့ပြည်သူတွေ မကြုံတွေ့စေချင်ပါဘူးဆရာ။

ကျွန်တော်။ ။ဒါဟာ လူတိုင်းရဲ့ ဆန္ဒပေါ့။ ဒါပေမယ့် ဆန္ဒရှိရုံနဲ့တော့ မကြုံတွေ့ဘူးလို့ အာမခံနိုင်မှာမဟုတ်ဘူး။ ကြုံတုန်း မင်းကို အဖွဲ့အစည်းတစ်ခုအကြောင်း ရှင်းပြလိုက်မှ မင်းပိုနားလည်လာမှာကွ။ ၁၉၅၆ ခုနှစ်က ဖွဲ့စည်းထားတဲ့ The Union of Burma Applied Research Institute (UBARI) မှာ အဏုမြူစွမ်းအင်ဌာနလေးကိုပါ ထည့်သွင်းဖွဲ့စည်းခဲ့တယ်။ ခေတ်ကာလတွေပြောင်းလဲလာတာနဲ့အညီ နျူကလီးယားနည်းပညာကို အသုံးချတဲ့နယ်ပယ်တွေကလည်း အခြားနိုင်ငံများနည်းတူ တို့နိုင်ငံမှာလည်း ကျယ်ပြန့်လာတော့တာပေါ့ကွာ။

အဲ-အများပြည်သူတွေ ဒီနည်းပညာတွေအကြောင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိလာအောင် ပညာပေးဖို့၊ မှန်ကန်စွာအသုံးချနိုင်စေဖို့၊ လူနဲ့ပတ်ဝန်းကျင်အား ဓာတ်ရောင်ခြည်အန္တရာယ်မှ ကင်းဝေးစေရေးအတွက် လိုအပ်သောစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲပြဋ္ဌာန်းနိုင်ဖို့ဆိုပြီး ၁၉၉၇ ခုနှစ်ကျတော့ Ministr of Science and Technology(MOST) ရဲ့အောက်မှာ အဏုမြူစွမ်းအင်ဦးစီးဌာနဆိုတာ ဖွဲ့စည်းခဲ့ပြီး ပညာတတ်လူငယ်တော်တော်များများကိုလည်း ခေါ်ယူခဲ့တယ်။ နောက်တစ်နှစ်အတွင်းမှာပဲ အဏုမြူစွမ်းအင်ဥပဒေကို အတည်ပြုရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့တယ်လေကွာ။ အေး-အဲဒီဥပဒေပါပြဋ္ဌာန်းချက်အတိုင်း လုပ်ကိုင်ဆောင်ရွက်ကြမှသာ အာမခံမှုကို ရမှာဗျ။

မောင်လံဘား။ ။အခုလက်ရှိ ကျွန်တော်တို့နိုင်ငံမှာ နျူကလီးယားနည်းပညာအသုံးပြုတဲ့လုပ်ငန်းတွေ တော်တော်များနေပြီလားဆရာ။

ကျွန်တော်။ ။စုံစမ်းကြည့်လို့ရသလောက် ပြောရမယ်ဆိုရင် ရေဒီယိုသတ္တိကြွပင်ရင်း ၅၀၀ ခန့်နဲ့ ဓာတ်ရောင်ခြည်ထုတ်စက်ကိရိယာ ၈၀၀ ခန့်ထိ လိုင်စင်ရယူပြီး နယ်ပယ်စုံမှာ အသုံးချလုပ်ကိုင်ဆောင်ရွက်နေကြတယ်တဲ့။ အဏုမြူစွမ်းအင်ဦးစီးဌာနရဲ့ ကျွမ်းကျင်ဝန်ထမ်းတွေဟာလည်း ဓာတ်ရောင်ခြည်အန္တရာယ် မပေါ်ပေါက်စေရေးအတွက် တစ်နှစ်တစ်ခါ ၎င်းတို့လုပ်ငန်းခွင်အထိ သွားရောက်ပြီး လိုအပ်တဲ့ တိုင်းတာစစ်ဆေးတွက်ချက်မှုတွေ ပြုလုပ်ကာ အကြံဉာဏ်တွေပေးနေတယ်တဲ့မောင်။ အဲဒီတော့ အဲဒါတွေအတွက်က စိတ်ချရပါတယ်။ အကွပ်ရှိတဲ့ တောင်းတွေပေါ့။

အဲ-ဒါပေမယ့် အချို့သောလုပ်ငန်းရှင်တွေကျတော့ မသိနားမလည်တာလား၊ ငတေမာစိတ် မွေးတာလားတော့ မသိဘူးပေါ့ကွာ။ အန္တရာယ်များတဲ့ ပစ္စည်းတွေကို အကွပ်မဲ့တောင်းလိုထားတဲ့သူက တဖြည်းဖြည်းများလာပြီတဲ့ကွ။ အန္တရာယ်ကိုလည်း ကြိုမြင်၊ စည်းကမ်းနဲ့လည်း လုပ်စေချင်၊ လုပ်ငန်းရှင်တွေကိုလည်း မနစ်နာစေချင်။ အဲဒါကြောင့် နောက်ဆုံးအနေနဲ့ ဒုတိယအကြိမ် လာရအုံးမယ်လို့ ကြိုပြီးပြောနိုင်တာပေါ့ ကိုယ်တော်ချောရာ။

ကဲ-မိုးလဲချုပ်ပြီ။

မင်းလဲ ငါနဲ့ ထမင်းအတူစား၊ နောက်ရက် ဆက်ဆွေးနွေးနေကြတာပေါ့-ဟုပြောရင်း ချစ်ဇနီး၏ ထမင်းဝိုင်းဆီ ဦးလှည့်ခဲ့ပါတော့သည်။



ဂုဏ်ယူဝမ်းမြောက်ခြင်း

မိုးကုတ်မြို့ ဒေါ်ရှောက်စီ၊ ဒေါ်ဖုန်တို့၏မြေး ကိုအားပေါက်-မအားလီတို့၏သား မောင်ကျော်ဝင်းထွန်းသည် ၂၀၁၄ တက္ကသိုလ်ဝင်စာမေးပွဲကို ခုံအမှတ် ဆဒဂ-၂၀၈ ဒဂုံ(၁)မှ ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်သောကြောင့် အထူးဂုဏ်ယူဝမ်းမြောက်ပါသည်။ ဘဝတစ်လျှောက်လုံး အောင်မြင်မှုများ ဆက်လက်ပိုင်ဆိုင်နိုင်ပါစေ။

VICTOR ရွှေပင်းစင်တာ
ရွှေယမင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး
ညီအစ်ကိုမောင်နှမများ၊ မိုးကုတ်မြို့။

အထူးကျေးဇူးတင်ရှိခြင်း

ကျွန်တော်၊ ကျွန်မတို့၏သား မောင်ကျော်ဝင်းထွန်း ခုံအမှတ် ဆဒဂ-၂၀၈ အား ငါးဘာသာ ဂုဏ်ထူးရရှိအောင် မေတ္တာ ၊ စေတနာ၊ ကရုဏာများစွာဖြင့် သင်ကြားပေးသော ရန်ကုန်မြို့၊ သစ်တောလမ်း၊ အလုံမြို့နယ်ရှိ အောင်ပန်းဝေစာသင်စာကျက်ဝိုင်းမှ ဆရာ၊ ဆရာမများအားလုံးအား အထူးကျေးဇူးတင်ရှိကြောင်း။

ကိုအားပေါက်-မအားလီ
မိသားစု





ခရီးသည်တင်ယာဉ်တိုက်မှု တိုင်ကြားမှုများ ယခင်လထက် ပိုမိုနိုင်

ရန်ကုန်၊ ဇွန် ၂၀

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသော ခရီးသည်တင်ယာဉ်များ၏ ယာဉ်တိုက်မှုများနှင့် တိုင်ကြားမှုများမှာ ယခုလစာရင်းများအရ ယခင်လထက် ပိုမိုများလာနိုင်ကြောင်း ဇွန် ၁၈ ရက်တွင်ပြုလုပ်သော မထသ(ဗဟို) အစည်းအဝေးမှ သိရသည်။

၂၀၁၄ ခုနှစ် မေလအတွင်း ခရီးသည်တင်ယာဉ်တိုက်မှု ၁၉ မှုဖြစ်ပွားခဲ့ပြီး ၁၀ ဦးသေဆုံး၍ ၁၇ ဦး ဒဏ်ရာရရှိခဲ့သည်။ ဇွန် ၁ ရက်မှ ၁၅ ရက်အထိ လဝက်အတွင်း ခရီးသည်တင်ယာဉ်တိုက်မှု ၁၄ မှု ဖြစ်ပွား၍ လေးဦးသေဆုံးခဲ့ပြီး ၂၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း မထသ(ဗဟို)မှ ထုတ်ပြန်သော စာရင်းများအရ သိရသည်။

ထို့ပြင် တိုင်ကြားမှုများအဖြစ် မေလတွင် ၇၈ မှုရှိပြီး ယာဉ်စီးခပိုမိုတောင်းခံမှု အကြိမ် ၄၀၊ မချေမငံဆက်ဆံမှု အကြိမ် ၂၀ နှင့် အခြားတိုင်ကြားမှုများပါဝင်ခဲ့သည်။ ဇွန်လတွင် ၁ ရက်မှ ၁၆ ရက်အထိ လဝက်အတွင်း တိုင်ကြားမှု ၆၃ မှုရှိခဲ့ပြီး ယာဉ်စီးခပိုမိုတောင်းခံကြောင်း၊ တိုင်ကြားမှု ၃၅ မှု၊ မချေမငံဆက်ဆံမှု တိုင်ကြားခြင်း ၁၆ မှုရှိခဲ့ကြောင်း သိရသည်။

"အခုဆိုရင် ပြည်ထဲရေးဝန်ကြီးဌာနရဲ့ အစီအမံနဲ့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ပူးပေါင်းပြီး အဖွဲ့ကိုးဖွဲ့နဲ့ စစ်ဆေးအရေးယူနေတာရှိတယ်။ ဒီရက်ပိုင်းအတွင်းမှာတင် ၂၁၁ မှုလောက် အရေးယူခဲ့တာတွေရှိတယ်။ ကျွန်တော်တို့အနေနဲ့ တတ်နိုင်သလောက် ကြိုတင်ကာကွယ်ပေမယ့် ဖြစ်မြဲဖြစ်နေကြတော့ လူထုအနေနဲ့ အန္တရာယ်ကိုရှောင်ရှားနိုင်အောင်လို့ တင်ပြရတာပါ။ နောင်ဆိုရင် ကျွန်တော်တို့ဖွင့်လှစ်နေတဲ့ သင်တန်းမှာ ဘယ်လိုတိုင်ကြားတယ်၊ ဘယ်လိုကြောင့်ဖြစ်တယ်ဆိုတာကို ဘာသာရပ်အလိုက် ထည့်သွင်းသွားမှာဖြစ်ပါတယ်" ဟု မထသ(ဗဟို) ဥက္ကဋ္ဌ ဦးလှအောင်က ပြောသည်။

မကြာသေးမီက ကောက်ယူခဲ့သော စာရင်းအရ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသည်တင်ယာဉ်များတွင် လုပ်ကိုင်နေသည့် ယာဉ်လုပ်သား ၁၃၀၀၀ ကျော်ရှိပြီး မထသ(ဗဟို)မှ ၇၂၇၄ ဦးအား သင်တန်းများဖွင့်၍ ဆွေးနွေးခဲ့ပြီးဖြစ်သည်။ **တင်မောင်ဦး**

မဲဇာကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ လျှပ်စစ်မီးလုံလောက်စွာ ရရှိစေရန် ထရန်စဖော်မာလဲလှယ်တပ်ဆင်

အသစ်တပ်ဆင်ထားသော ထရန်စဖော်မာအား စစ်ဆေးကြည့်ရှုနေစဉ်။

ကသာ၊ ဇွန် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နယ်၊ မဲဇာအုပ်စု၊ မဲဇာကျေးရွာ၊ နန့်သဲကျေးရွာနှင့် အလယ်ဆိပ်ကျေးရွာတို့တွင် လျှပ်စစ်မီးလုံလောက်စွာရရှိစေရန် ၂၀၁၄ ခုနှစ် ဇွန် ၁၀ ရက်တွင် ၃၃/၁၁ ကေဗွီ ၅၀၀ ကေဗွီအေ ထရန်စဖော်မာနေရာတွင် ၃၃/၁၁ ကေဗွီ ၁၂၅၀ ကေဗွီအေ ထရန်စဖော်မာကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အစားထိုးလဲလှယ်ပေးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နယ်၊ မဲဇာအုပ်စု၊ မဲဇာကျေးရွာ၊ နန့်သဲကျေးရွာနှင့် အလယ်ဆိပ်ကျေးရွာတို့သည် ၂၀၁၀ ခုနှစ်တွင် ကိုယ့်အားကိုယ်ကိုးဖြင့် ၃၃/၁၁ ကေဗွီ၊ ၅၀၀ ကေဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ပြီး ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၁၀၀ ကေဗွီအေ ဓာတ်အားခွဲရုံ လေးခုဖြင့် မီးလင်းရေးဆောင်ရွက်ပြီး မီးစတင်လင်းခဲ့သည်။

ယခုအခါ သံဘိုကျေးရွာ၊ နောင်မိုးကျေးရွာနှင့် ပင်သချော်ကျေးရွာများမှ ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၁၀၀ ကေဗွီအေ ဓာတ်အားခွဲရုံ သုံးခုဖြင့် တိုးချဲ့သုံးစွဲလာကြသည်။ အဆိုပါ ၃၃/၁၁ ကေဗွီ၊ ၅၀၀ ကေဗွီအေ ထရန်စဖော်မာမှာ ဝန်အားပြည့်လုနီးပါးဖြစ်လာ၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ထောက်ပံ့မှုဖြင့် ၃၃/၁၁ ကေဗွီ ၅၀၀ ကေဗွီအေ ထရန်စဖော်မာ နေရာတွင် ၃၃/၁၁ ကေဗွီ၊ ၁၂၅၀ ကေဗွီအေ ထရန်စဖော်မာကို ကသာခရိုင် လျှပ်စစ်အင်ဂျင်နီယာက ကြီးကြပ်၍ တပ်ဆင်ပေးခဲ့ခြင်းဖြစ်သည်။ **ငြိမ်းငြိမ်း(ကသာ)**

စစ်ကိုင်းတိုင်းဒေသကြီး ကျေးရွာများအရောက် နံရံကပ်စာပေရေချမ်းစင်များ ဖွင့်လှစ်ဆောင်ရွက်

ပုလဲ၊ ဇွန် ၂၀

ပြည်သူများ၏ အသိညာဏ်ပညာ ဗဟုသုတများ တိုးပွားရရှိလာစေရေးနှင့် စာပေကိုအလွယ်တကူ ဖတ်ရှုနိုင်စေရန်ရည်ရွယ်၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများအနေဖြင့် မြို့နယ်တိုင်းတွင် နံရံကပ် စာပေရေချမ်းစင်များကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပြီး ပုလဲမြို့နယ်တွင်လည်း ပြန်ဆက်ရုံးဝန်ထမ်းများက ကျေးရွာများအရောက် နံရံကပ်စာပေရေချမ်းစင်များကို ဖွင့်လှစ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်အတွင်းရှိ တနယ်၊ ကန့်ဒေါင့်၊ လက်တောင်း၊ ပုထိုးသာ၊ ချင်ပြစ်၊ နွယ်အင်း၊ အိုင်းမ၊ ခေါ်သန္တိ၊ ဝက်ကျ၊ ဖလံပင်၊ ကျောက်ဖျာကန်၊ အေးချမ်းသာကျေးရွာ၊ မင်းတိုင်ပင် အရန်မီးသတ်စခန်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများသို့ မေ ၁၀ ရက်မှစတင်၍ နံရံကပ်စာပေရေချမ်းစင်များကို ထားရှိပေးခဲ့ပြီး ဇွန် ၁၂ ရက်တွင် စာပေရေချမ်းစင် စာစဉ်အတွဲ(၂)၊ အမှတ်(၅)စာအုပ်များကို ထပ်မံ၍နံရံကပ်စာပေရေချမ်းစင်များတွင် ဖြည့်ဆည်းပေးခဲ့သည်။

" မြို့နယ်ပြန်ဆက်ရုံးဝန်ထမ်းတွေက ကျွန်တော်တို့တောင်ပေါ်ကျေးရွာတွေ အရောက် နံရံကပ်စာပေရေချမ်းစင် အိတ်လေးတွေ ထားရှိပေးနေတယ်လို့ သိရှိရပါတယ်။ ကျွန်တော်ရွာရောက်တော့ ရွာထိပ်က လက်ဖက်ရည်ဆိုင်မှာ ဘာသာရပ် ၁၃ မျိုးပါတဲ့ အိတ်လေးချိတ်ထားတွေလို့ လေ့လာမိတယ်။ လက်ဖက်ရည်သောက်ရင်း စာအုပ်လေးတွေကို ဖတ်ကြည့်တော့ တော်တော်လေးကို သဘောကျမိတယ်ဗျာ။ အချိန်အများကြီးလည်း ပေးစရာမလိုဘူး။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနဲ့ အခြားကဏ္ဍတွေလည်း စုံစုံလင်လင်ပါရှိသလို လိုရင်းတိုရှင်းနဲ့ အချိန်တိုအတွင်းမှာ ကျွန်တော်တို့ပြည်သူတွေအတွက် အထောက်အကူပြုစေဖို့ စီစဉ်ဆောင်ရွက်ပေးတဲ့ ပြန်ဆက်ဦးစီးဌာနကို ကျေးဇူးလည်းတင်ပါတယ်" ဟု ပုလဲမြို့နယ်၊ ပုံတောင်ခြေရှိ အိုင်းမကျေးရွာမှ ကိုမြင့်လှိုင်က ပြောသည်။

မြင့်သိန်းစိုး(ပြန်/ဆက်)

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၄ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အထက(၃)ဒဂုံ (မြို့မအမျိုးသမီးကျောင်း)မှ ခြောက်ဘာသာဂုဏ်ထူးရှင် (၅)ဦးဖြစ်ကြသော မအေးဖြူသန့်၊ မောင်မင်းဟိန်းကို၊ မောင်ပြည့်စုံ၊ မဆုရည်မွန်၊ မစုစုစန္ဒီတို့၏ အောင်မြင်မှုအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဂုဏ်ထူးရှင်များပေါ်ထွက်အောင် သင်ကြားပေးပါသော ဆရာမကြီးနှင့် ဆရာမများကိုလည်း လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း။

ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မိဘဆရာအသင်း၊
အထက(၃)ဒဂုံ ကျောင်းသား/ကျောင်းသူဟောင်းများ၏ မြတ်ဆရာ ပူဇော်ပွဲအဖွဲ့၊
သက်ကြီးဆရာမကြီးများအား ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၀)၊ မြေကွက်အမှတ်-၅၁၂၊ မြေကွက်တည်နေရာအမှတ်-၅၁၂၊ (၁၅၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒေါ်လေးခင် အမည်ပေါက်ပါမစ်မြေအား အမည်ပေါက်ဒေါ်လေးခင် (CF-၁၀၁၀၇၅)ကိုယ်တိုင်မှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ တိုက်(၃)၊ အခန်းအမှတ်(၁၀၃) မူလအမည်ပေါက် ဦးအပ္ပဒူရာမန်(ISN-၅၀၉၄၂၇)ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်နီနီထွေး[၁၂/ကတတ(နိုင်)၀၀၉၉၉၇]မှ ဦးအပ္ပဒူရာမန် အမည်ပေါက် အိမ်ပေါ်တက်ရောက်နေထိုင်ခွင့်မူရင်း ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်းကန့်ကွက်လိုပါက စာရွက်စာတမ်းများတင်ပြ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

သင့်သွေးဖြင့်အသက်ကယ်ပါ

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မှော်ဘီမြို့နယ်၊ မြောင်းတကာကျေးရွာ၊ အမှတ်(၁)ရပ်ကွက်၊
ပြည်လမ်းမျက်နှာစာတန်း (၅)ဧကေ သိန်း(၈၀၀၀)
ဆေးရုံ၊ ကျောင်း၊ အထည်ချုပ် အထူးသင့်လျော်သည်။
ဝါးနက်ချောင်းလမ်းမတန်း ဥယျာဉ်မြေ (၉)ဧက၊ (၁၈)ဧက၊ (၂၅)ဧက
ဖုန်း-၀၉-၄၉၅၈၈၄၆၄၊ ၀၁-၆၂၀၅၂၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေး/တောင်၊ မြေကွက်အမှတ်(၄၆၂/က)၊ မြေကွက်တည်နေရာအမှတ်-(၄၆၂/က)၊ နဝရတ်လမ်း၊ သွပ်ဝိုင်းကြီးရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဦးကျော်စိန် (HGU-၀၁၂၈၉၉) အမည်ပေါက်နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးကျော်စိန် (ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်ခင်မူဝင်း [၁၂/သဃက(နိုင်)၀၂၇၆၇၃]က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ငှားရန်ရှိသည်

ပေ(၃၀×၅၀)၊ (၇)ထပ်တိုက်၊ ကားပါကင် ပေ(၅၀×၅၀) ကမ်းနားလမ်းမကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ တစ်လလျှင် သိန်း (၁၂၀) နှုန်းဖြင့် နှစ်ရှည်ငှားရမ်းလိုသည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၀၅၄၇၇

နာရေး ...

ဦးမျိုးသိန်းနိုင်

FIA, Dip IFR, ACCA

Accountancy Training Centre

L.O(4)

09 5081499, 09 8612977, 09 4500 17415

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား လူပျိုဆောင်ဆောက်လုပ်ရေးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ လူပျိုဆောင်(၁)ဆောင် ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က)လူပျိုဆောင် RC (၂)ထပ် (၂၂၀'-၀" × ၃၆'-၀" × ၂၅'-၀")
(ရေ၊ မီး၊ မိလ္လာ၊ လမ်းလုပ်ငန်းအပါအဝင်)

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၇-၆-၂၀၁၄ ရက်မှစတင်၍ နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းသူသည် အောက်ဖော်ပြပါ စာရွက်စာတမ်း၊ အထောက်အထားများနှင့်အတူ အိတ်ဖွင့်တင်ဒါများကို ၁၈-၇-၂၀၁၄ ရက် နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ-

(က) Detail,Measurement BQ ကုန်ကျစရိတ်အသုံးပြုတန်ဖိုး
(ခ) ကုမ္ပဏီ၏ငွေကြေးအခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုပမာဏ၊ ဘဏ်အထောက်အထားများ
(ဂ) ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့်ကုမ္ပဏီ Profile
(ဃ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကန်ထရိုက်လိုင်စင်မိတ္တူ

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ ဗီသုကာပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်ရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
နေပြည်တော်(တပ်ကုန်း)၊ ဖုန်းအမှတ်-၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁၊ ၀၆၇-၇၉၃၇၇

အများသိစေရန် အသိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေမှ မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ပုသိမ်မြို့နယ်(ရွှေသောင်ယံမြို့နယ်ခွဲ)၊ ရပ်ကွက်/ကျေးရွာအုပ်စု-ချောင်းသာ၊ ကွင်း/အကွက်အမှတ်နှင့်အမည်-၁၉၉၀-ပြင်/ချောင်းသာပြင်။ ယခု-ဦးပိုင်အမှတ်[၁၅/၃+၁၆/၁+၁၆/၂(ခ)+၈၆/၂+၁၀၅/၂]၊စုစုပေါင်းဧရိယာ(၅. ၁၂)ဧကရှိ လ/န (၃၉)ခွင့်ပြုမိန့်ရရှိပြီး ဟိုတယ်လုပ်ငန်းလုပ်ပိုင်ကိုင်ခွင့်ရရှိထားသည့် မြေကွက်များအား (၂၀၀၀)ခုနှစ်ကသိမ်းဆည်းခံခဲ့ရ၍ နစ်နာဆုံးရှုံးရသည်ဆို၍ တောင်းဆိုခဲ့ကြသော မူလမြေခွန်တွင် အမည်ပေါက်သူများဖြစ်ကြသည့် (၁)ဦးစိန်ပန်း(ခ)ဦးစိန်ဘန်း(ခ)ဦးစိန်သန်း (၂)ဦးချစ်ထွေး (၃)ဒေါ်ထွေးတင်တို့အား နစ်ဖက်သဘောတူသည့် နစ်နာကြေးငွေတစ်စိတ်တစ်ဒေသကို ပေးအပ်ထားပြီးဖြစ်ပါ၍ အဆိုပါမြေကွက်များပေါ်တွင် ခြံစည်းရိုးအုတ်တံတိုင်းကာရံခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်းတို့နှင့် နစ်နာကြေးငွေပေးအပ်ခြင်းကိစ္စနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုပါက အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက ဖော်ပြပါကိစ္စရပ်များအားလုံးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီတာအုန်း(စဉ်-၆၃၀၇) တရားလွှတ်တော်ရှေ့နေ
တိုက်(၃၂)၊ အခန်း(၁၀)၊ ဒုတိယထပ်၊ ၂၃-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၆၀၆၀၇၊ ၀၁-၃၇၈၁၇၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်ရိပ်သာ(၃)လမ်းထောင့်၊ အမှတ်(၇၂)ဟုခေါ်တွင်သော ဒေါ်ညိမ်းညိမ်းအမည်ပေါက်ပိုင်ဆိုင်သော နှစ်(၆၀)ဂရန်အမည်ပေါက် တရားဝင်မခွဲစိတ်ရသေးသော ပေ(၄၀ × ၆၀)အနက်မှ ပေ(၂၀×၆၀)အား အပြီးအပိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လှလှအေး[၉/မရမ(နိုင်)၀၁၄၃၅၅]ထံမှ ကျွန်ုပ်ကအပြီးအပိုင်ဝယ်ယူရန် အတွက်စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

နန်းဟွမ်းခမ်းဖူး[၁၃/ကသန(နိုင်)၁၁၃၅၇၆]
ဖုန်း-၀၉-၄၂၁၀၆၆၆၀၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဉာဏရပ်ကွက်၊ မြေကွက်အမှတ်(၃၀၂)၊ မြေကွက်အကျယ်အဝန်း(၁၆၃' × ၁၄၂'/၁၅၆' × ၁၄၅')ရှိ မြေကွက်မှ (၁၀၀'/၁၄၅')၊ အကျယ်အဝန်းရှိမြေကွက်ကို မင်္ဂလာဒုံမြို့နယ်၊ ဉာဏရပ်ကွက်၊ အမှတ်(၁၆၉)နေပိုင်ရှင်ဦးသန်းထွန်း[၁၂/မဂဒ(နိုင်)၀၂၀၃၂၄] ဆိုသူထံမှဝယ်ယူရန် ကျွန်တော်၏မိတ်ဆွေက စရန်ငွေများပေးချေခဲ့ပြီး ဖြစ်ပါသည်။

မြေကွက်အရောင်းအဝယ်ကိစ္စများနှင့်ပတ်သက်၍ ကန့်ကွက်လိုကြပါလျှင် ဤကြော်ငြာစာပါရှိသည့်နေ့ရက်မှ (၁၀)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်တော့်ထံကန့်ကွက်နိုင်ကြပါသည်။သတ်မှတ်ရက်ကျော်လွန်ခဲ့ပါလျှင် မြေကွက်အရောင်းအဝယ်ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ညွှန်ကြားချက်အရ-
ဦးစိုးအောင်(၆၉၁၄) B.A,R.L,D.B.L တရားလွှတ်တော်ရှေ့နေ
အမှတ်-၁၆၀၊ ငုဝါလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀၀၂၆၀၇

တာမွေမြို့နယ်၊ ၁၆၆-လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄-E)၊ မြေကွက်အမှတ်(၂၁၄)၊ မြေအကျယ်ပေ(၂၁×၇၉)မြေကွက်နှင့်စပ်လျဉ်း၍ ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၆၅-လမ်းနေ၊ ဦးမောင်ဖြိုး ပါ-၂တို့၏ ညွှန်ကြားချက်များအရကြေညာအပ်ပါသည်။ တာမွေမြို့နယ်၊ ၁၆၆-လမ်း၊ အမှတ်-၄၀/က ဟုခေါ်တွင်သော မြေအကျယ်(၂၁×၇၉)ပေနှင့် မြေပေါ်ရှိ နေအိမ်အဆောက်အအုံတို့နှင့်စပ်လျဉ်း၍ ဦးမောင်ဖြိုးနှင့် သမီးဒေါ်ခိုင်ဝင်းဖြိုးတို့က တာမွေမြို့နယ်၊ ၁၆၄-လမ်း၊ အမှတ်-၇၀/ကနေ ဒေါ်သီတာဝင်း အပေါ်**“ဒေါ်သီတာဝင်းရရှိသော အမိန့်နှင့်ဒီကရီသည် တရားလို(ဦးမောင်ဖြိုးပါ-၂) အပေါ် မည်သို့မျှ အကျိုးသက်ရောက်မှုမရှိနိုင်ကြောင်း၊ မြေပိုင်ဆိုင်ခွင့်လည်းမရနိုင်ကြောင်း မြွက်ဟပေးစေလိုမှုနှင့် နစ်နာကြေးငွေသိန်း(၁၅၀၀)ကျပ်ရလိုမှု”**ကို ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၊ တရားမကြီးမှုအမှတ်-၄/၂၀၁၄ ဖြင့် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ၌ တရားစွဲဆိုထားပါကြောင်း အများသိစေအပ်ပါသည်။

သီတာဦး	**အောင်မျိုးထက်**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၇၂)	**အထက်တန်းရှေ့နေ(စဉ်-၃၄၀၀၅)**

အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကိုရီးယား/ ဂျပန်တွင်အလုပ်သွားလုပ်မည့်သူများအတွက်သင်တန်းများ

EVER TOP 09 8770096 09 73040610

သီရိကြယ်စင်

Repeater(၁၅)ဦး

M.Sc

မုဒိတာ(၁၊၂)၊ ကွန်ဒိုတိုက်ခန်းများ ရောင်း/ဝယ်/ငှားလိုပါက စိတ်တိုင်းကျဆောင်ရွက်ပေးပါသည်။

မဆွေ-၀၉-၂၅၀၁၈၇၅၇၅၊ မဘုတ်-၀၉-၇၃၀၁၇၀၀၅၊ ၀၉-၃၁၉၂၉၄၅၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/အနော်မာ၊ မြေကွက်အမှတ်-၅၀၄/ခ၊ မြေကွက်တည်နေရာအမှတ်-၅၀၄/ခ၊ အနော်မာ(၁၁)လမ်း၊ ၁-ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဒေါ်ရန်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ရန်(မိခင်)နှင့် ဦးအေးရာမာန်(ဖခင်)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသားဖြစ်သူ ဦးဟူစိန်(ခ)ဦးထွေးမှ[၁၂/သကတ(နိုင်)၁၁၉၄၆၃]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

EVER UP
Human Resources Institute

HR ဆိုရင် ... EVER UP မှာ ...

10th Standard → ABE UK Diplomas → MBA, M.Sc

Be Professional HR

ENROLL NOW!

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးချုပ်စိုးမြင့်(ငြိမ်း)
(ကြည်း-၆၂၄၃)
ဗိုလ်သင်တန်း အမှတ်စဉ် (၇)
အသက်(၉၀)

ရန်ကုန်မြို့၊ အမှတ်-၁၂(ဒီ)၊ အေးသာယာလမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်နေ ဒေါ်မြင့်မြင့်အေး၏ ခင်ပွန်း၊ ဗိုလ်မှူးကြင်ဆွေ(ငြိမ်း)၊ (ညွှန်ကြားရေးမှူး(ငြိမ်း) အကောက်ခွန်ဦးစီးဌာန)- ဒေါ်နွယ်နွယ်အေး၊ ဦးလှစိုး-ဒေါ်တင်တင်ရွှေ(Top Trading Co.,Ltd)၊ ဦးသန့်စိုး-ဒေါ်သီတာ (Rainbow groups of companies)၊ ပါမောက္ခ ဒေါက်တာဇေစိုး (U.C.S.I, Malaysia)- ဒေါက်တာလှလှသန်းတို့၏ဖခင် ဗိုလ်မှူးချုပ်စိုးမြင့်(ငြိမ်း)သည် ၁၆-၆-၂၀၁၄ရက် နံနက် ၅း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဝေလွင်- ပါမောက္ခဒေါက်တာဝင်းမင်းသစ်
TMW and Associate Companies

ဝမ်းနည်းကြေကွဲခြင်း

ဦးခင်မောင်ဝင်း(ခ)ဦးပေစိ(ကျောက်ပန်းတောင်း)
အသက်(၆၅)နှစ်

ဦးဝင်းမြင့်ဟန်[လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ)၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန]-ဒေါက်တာ ခင်ဥမ္မာဝင်း(လက်ထောက်ဆရာဝန်၊ ခတ်မှန်အထူးကု၊ မော်လမြိုင်ကျွန်းဆေးရုံ)တို့၏ ဖခင် ဦးခင်မောင်ဝင်း(ခ)ဦးပေစိသည် ၁၈-၆-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၅နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဝန်ထမ်းမိသားစုများ
ရန်ကုန်တိုင်းဒေသကြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်သန်းအေး
အသက်(၁၀၆)နှစ်
(နာယက၊ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး)

ဤအသင်းကြီး၏ သာသနာပြုလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သော နယကကြီး ဒေါ်သန်းအေးသည် ၁၈-၆-၂၀၁၄ ရက် နံနက် ၉း၅၅ နာရီတွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းပါကြောင်း။

အမှုဆောင်အဖွဲ့

ဝမ်းနည်းကြေကွဲခြင်း

သဲအင်းယောဂီ(ဘုရား၊ ရဟန်း၊ သိမ်ကျောင်းဒါယိကာမကြီး)
ဒေါ်အုန်းလှ (နာယက)
အသက်(၈၆)နှစ်
ရန်ကုန်တစ်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့

ရန်ကုန်တစ်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့၏ နာယကကြီး- ဦးမောင်မောင်လှ၏ ဇနီး နာယကကြီး-ဒေါ်အုန်းလှ အသက် (၈၆)နှစ်သည် ၁၇-၆-၂၀၁၄(အင်္ဂါနေ့) ည ၈း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အမှုဆောင်အဖွဲ့
ရန်ကုန်တစ်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့၊ ရန်ကင်းမိုးကောင်း

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အုန်းလှ
အသက်(၈၆)နှစ်

အစ်မကြီးများသဖွယ် ချစ်ခင်လေးစားရပါသော ဒေါ်ဆွေဆွေလှ၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်-ဒေါ်ကြူကြူလှ၊ ဒေါ်ဝေဝေလှတို့၏ မိခင်ကြီး ဒေါ်အုန်းလှ (၈၆)နှစ်သည် ၁၇-၆-၂၀၁၄(အင်္ဂါနေ့) ည ၈း၅၅နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

St. PHILOMENA'S နှင့် အထက(၂)စမ်းချောင်းမှ
ဆရာ၊ ဆရာမကြီးများနှင့်ကျောင်းသူဟောင်းများ၊
၁၉၈၀ခုနှစ်ထိ(I.B.C)

စာအုပ်စာပေလှူမိတ်ဆွေ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၅၆၅)၊ မြေကွက်တည်နေရာအမှတ်(၅၆၅)၊ ကေတုမတီ(၁၈)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ကြူး အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်(မိခင်)ဒေါ်ကြူး[၁၂/ဥကတ(နိုင်)၀၅၈၃၃၃](ဖခင်)ဦးဖိုးပိန်၊ (သား)ဦးသန်းထွန်းတို့ ကွယ်လွန်သဖြင့် ဦးလှစံ[၁၂/ဥကတ(နိုင်)၁၁၁၀၆၈]၊ ဦးလှထွေး[၁၂/ဥကတ(နိုင်)၀၅၅၁၄၃]၊ ဦးကျော်ဝေ[၁၂/ဥကတ(နိုင်)၀၅၈၉၀၅]၊ ဒေါ်အေးအေး[၁၂/ဥကတ(နိုင်)၀၂၈၃၇၉]တို့မှ သားများနှင့်ချွေးမတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် ခိုင်လုံသောအထောက်အထားများဖြင့် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးချုပ်စိုးမြင့်(ငြိမ်း)
အသက်(၉၀)
ဂျပန်ခေတ်ဗိုလ်သင်းတန်းကျောင်း(ဒုတိယပတ်)
လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)၊ နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)
(ကြည်း-၆၂၃၄) ဗိုလ်သင်တန်းအမှတ်စဉ်(၇)

ရန်ကုန်မြို့၊ ၁၂(ဒီ)၊ အေးသာယာလမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်နေ အန်တီအေး၏ ချစ်လှစွာသောခင်ပွန်း အန်ကယ် စိုးမြင့်သည် ၁၆-၆-၂၀၁၄ရက်က ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် အန်တီအေးမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

သန်းအောင်၊ စမ်းစမ်းမြင့်
မြင့်အောင်၊ ဝင်းဝင်းမြင့်
(ဗိုလ်ကြီးစိန်မြင့် မိသားစု)

ဝမ်းနည်းကြေကွဲခြင်း

ဦးခင်မောင်ဝင်း(ခ)ဦးပေစိ(ကျောက်ပန်းတောင်း)
အသက်(၆၅)နှစ်

ဦးဝင်းမြင့်ဟန်[လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ)၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန]-ဒေါက်တာ ခင်ဥမ္မာဝင်း(လက်ထောက်ဆရာဝန်၊ ခတ်မှန်အထူးကု၊ မော်လမြိုင်ကျွန်းဆေးရုံ)တို့၏ဖခင် ဦးခင်မောင်ဝင်း(ခ) ဦးပေစိသည် ၁၈-၆-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးသိမ်းထွန်း
အသက်(၈၃)နှစ်

